www.burmeseclassic.com

ဝေမှုံးသွင်

လုံးချင်းဝတ္ထုသစ်

# မိုးအကယ်ဒမီ

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၆၄၄၀၆၁၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၇၄၆၀၇၁၀

**စီစဉ်သူ**
ကိုဖြိုး


**ထုတ်ဝေသူ**
ဦးစန်းမွန်အောင်
၇၅/ဒီ၊ ပိုးစိန်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။

**အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်သူ**
ဦးကျော်စိန် (ကျောက်စိမ်းပုံနှိပ်တိုက်)
၁၇၁၊ ၃၃-လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်။

**ထုတ်ဝေခြင်း**
၂၀၁၀ ခုနှစ်၊ ဩဂုတ်လ၊ ပထမအကြိမ်
အုပ်ရေ - ၅၀၀၊ တန်ဖိုး (၁၆၀၀) ကျပ်

၈၉၅.၈၃
ဝေမှုံးသွင်
မိုးအယ်လ်ဘမ် / ဝေမှုံးသွင်။ - ရန်ကုန်။
ငါကို့စာပေ၊ ၂၀၁၀ ။
၁၅၆-စာ ၊ ၁၂ x ၁၈ စင်တီ။
(၁) မိုးအယ်လ်ဘမ်

**Diamond Sky Presents**



**Diamond Sky**
No.30, (90ᵍ),
Mingalartaungnyunt Ts, Yangon.

www.burmeseclassic.com

www.burmeseclassic.com

## ။ ၁ ။

မိုးသည် တဖွဲဖွဲရွာကျနေရာမှ ရုတ်ချည်းရပ်တန့်လို့သွား၏။ တန်ဆိုးရှင်တစ်ဦးတစ်ယောက်က အမိန့်ပေးလိုက်သကဲ့သို့ အညိုရောင်မိုးသားတို့မှာ ချက်ချင်းပြယ်လွင့်သွားပြီး၊ နေရောင်ခြည်တန်းများက မြေပြင်ပေါ် ထိုးဆင်းဖြာကျလာသည်။ ရန်ကုန်မိုးသည် ရန်ကုန်သူများလိုပင် မျက်နှာများကာ အပြောင်းအလဲမြန်လှ၏။

ဒီတစ်မနက်လုံး မိုးက စွေ၍ရွာနေခြင်း ဖြစ်သည်။ မနက်ဆယ့်တစ်နာရီခွဲမှ ဒီနေ့အဖို့ ပထမဆုံးရောက်ရှိလာသော နေရောင်များကြောင့် ကျော်ကျော်က သဘောကျစွာ တစ်ချက်ပြုံးလိုက်၏။ မနေ့က လျှော်ဖွပ်ထားသည့် သူ့အဝတ်အစားတွေကို နေပူလှမ်းနိုင်

www.burmeseclassic.com

www.burmeseclassic.com



ခွင့်ရရန် မျှော်လင့်သွားနိုင်ပြီ ဖြစ်သည်။ သူမတို့နှစ်ယောက်ကတော့ စကားတွေ တပြောပြောနှင့် လမ်းသိပ်ဖက်သို့ ထွက်ခွာသွားကြ၏။

ကျော်ကျော့်နှလုံးသားထဲမှာ သူမ၏ အရိပ်ကောက်ကြောင်းလေးက ထူးဆန်းစွာ စွဲစွဲမြဲမြဲ ကျန်ရစ်ခဲ့သည်။ သူ့ရင်ထဲတွင် မောဟိုက်လျက်ရှိ၏။ နောက် . . . သူက ဖွဖွလေးပြုံးရင်း ခေါင်းရမ်းသွားမိသည်။ ချိုမြိန်သော သေးသေးကွေးကွေး အရသာလေးကို သူ အသေအချာ ခံစားလိုက်ရပါသည်။

Little Sweet လေးရေ . . . ငါကမင်းကို အရိပ်ကစပြီး ချစ်ခဲ့ရတဲ့ကောင်ပါကွာ . . .။

* * * *

BURMESE CLASSIC

။ ၂ ။

"ဒေါက် . . . ဒေါက် . . . ဒေါက် . . ."

တံခါးခေါက်သံကြောင့် ရုတ်တရက် ကျော်ကျော်နိုးလာသည်။ စောစောစီးစီး ဘယ်သူသည်ပါလိမ့်။ နာရီကို တစ်ချက်လှမ်းကြည့်လိုက်တော့ မနက်ကိုးနာရီခွဲခါနီးပြီ။ ညက စာရေးရင်းနှင့် ညဉ့်နက်မှ သူအိပ်ရာဝင်ဖြစ်ခဲ့၏။ ဒီတော့ အိပ်ရာထနောက်ကျရသည်။ ကျော်ကျော်က အပျင်းဆန့်၍ အားရပါးရ သမ်းဝေလိုက်မိ၏။

"ဒေါက် ဒေါက် ဒေါက် . . ."

ဒီတစ်ခါတံခါးခေါက်သံက နည်းနည်းပိုမြန်ပြီး ပိုလည်း လက်ဆပြင်းသည်။ ကျော်ကျော်လည်း အိပ်ရာမှ အမြန်ထကာ တံခါး

www.burmeseclassic.com

www.burmeseclassic.com



သွားဖွင့်ပေးရတော့၏။

တော်တော်အလိုက်မသိတဲ့ လူပဲ။

အမြဲလိုလို အိပ်ရာထနောက်ကျတတ်သည့် သူ့အကြောင်း ခါတ်သိသူငယ်ချင်းတွေကတော့ ဒီလိုအချိန်မျိုးမှာ အိမ်လာလည် လေ့မရှိပါ။ သူ့အလုပ်ကို နားလည်စာနာသောအားဖြင့် တိုက်အောက် မျက်နှာချင်းဆိုင်ရှိ "ရွှေတောင်ပို့" လက်ဖက်ရည်ဆိုင်မှသာ ထိုင်စောင့် နေထတ်ကြ၏။ တတိယအကြိမ်မြောက် တံခါးခေါက်သံ ထွက်ပေါ် မလာခင် ကျော်ကျော်က တံခါးကို ဖွင့်ကြည့်လိုက်ပါသည်။ အခန်း ပေါက်ဝ၌ အသက်လေးဆယ်ခန့် စာပို့လုလင်ကြီးတစ်ဦး ရပ်နေတာ တွေ့ရ၏။ သူ့ကိုတွေ့တော့ စာပို့လုလင်ကြီးက . . .

"ဒါ . . . စာရေးဆရာ ကျော်စွာမင်းရဲ့အခန်းလား"

"ဟုတ်ကဲ့ . . . "

ကျော်ကျော့်ကလောင်နာမည်မှာ "ကျော်စွာမင်း" ဟူ၍ ဖြစ်သည်။ ညဝတ်ဘောင်းဘီတိုနှင့် လက်ပြတ်အကျီဝတ်ထားသော သူ့ကို စာပို့လုလင်ကြီးက ခြေဖျား၊ ခေါင်းဆုံး တစ်ချက်ကြည့်၍ ပြောလိုက်ပါသည်။

"အဲဒါဆိုလည်း ဆရာ့ကို ခဏခေါ်ပေးပါ၊ စာတွေက များ တယ်၊ ဒီမှာ လက်မှတ်ထိုးရမှာမို့လို့ . . . "

အိပ်ချင်မူးတူးဖြစ်နေသော ကျော်ကျော်မှာ ရယ်ချင်မိသွား ၏။ သူက . . .



"ကျွန်တော် ကျော်စွာမင်းပါပဲ . . . "

"ဗျာ . . . "

စာပို့လုလင်ကြီးက မယုံသလိုနှင့် အာမေဋိတ်သံကြီးကို ဖန်တီးလိုက်သည်။ ကျော်ကျော်က ရယ်ဖြဲဖြဲနှင့် . . .

"ဘာလဲ . . . အစ်ကိုက မယုံဘူးလား"

"ဟို . . ဟို မဟုတ်ပါဘူး၊ ကျွန်တော်က ဆရာ့ကို ဒီလောက် ငယ်လိမ့်မယ် မထင်ထားလို့ . . . အံ့သြသွားတာပါ"

"သြော် . . . အဲဒါဆိုလည်း ထားပါတော့ဗျာ၊ ဒါနဲ့ စာက ဘယ်နှစ်စောင်လဲ . . . "

"ရော့ . . . ဒီမှာ အားလုံးဆယ့်လေးစောင်ပါ . . .၊ ပြီး တော့ လက်ခံရရှိကြောင်း ဒီနေရာလေးမှာ လက်မှတ်တစ်ချက်လောက် ထိုးပေးပါ"

ကျော်ကျော်က စာတွေကို လှမ်းယူလိုက်ပြီး လက်မှတ်ထိုး ပေးရန် ပြင်ဆင်နေစဉ်မှာပဲ . . .

"ခင်ဗျားက စာရေးဆရာဆိုတော့ ဒါတွေက မိတ်ဆက်စာ တွေပဲ ဖြစ်မယ်၊ ဟုတ်တယ် မဟုတ်လား၊ ငယ်ငယ်ရွယ်ရွယ်နဲ့ စာရေး ဆရာဖြစ်လာတာ ကုသိုလ်ကောင်းလိုက်တာဗျာ"

ဗုဒ္ဓေါ . . .။ ဘာမှလည်း မဆိုင်ချေ။ ကိုယ့်ဘာသာကိုယ် စာရေးလို့ စာရေးဆရာဖြစ်တဲ့ဟာကို သူ့ကျမှ ကုသိုလ်ကောင်းလို့ ဆိုပဲ။ သူက ဘာမှပြန်မပြောဘဲ ပြုံးရုံပြုံးနေလိုက်ပါ၏။ အဲဒါကိုတောင်

www.burmeseclassic.com

www.burmeseclassic.com



စာပို့လုလင်ကြီးက ဆက်ပွားနေသေးသည်။

"ကျွန်တော် ငယ်ငယ်က စာရေးဆရာ သိပ်ဖြစ်ချင်ခဲ့တာပေါ့။ စာလည်း အရမ်းဖတ်တာကိုး။ အဲဒီတုန်းက သိုင်းဝတ္ထုဆယ့်နှစ်အုပ်တွဲကို တစ်ရက်ထဲနဲ့ ပြီးအောင်ဖတ်တာ၊ အခုတော့ စာဖတ်အားက ကျသွားပြီ၊ လောလောဆယ်တော့ သရဲဝတ္ထုတွေကို ကျွန်တော် အာရုံကျနေတယ် . . .၊ ဆရာ့ဝတ္ထုတွေ ကျွန်တော်ဖတ်ဖူးပါတယ်၊ ဒါနဲ့ ဆရာရော . . . သရဲဝတ္ထုတွေ၊ ဘာတွေ မရေးဘူးလား . . .၊ ရေးစမ်းပါဆရာရဲ့ . . . ဆရာ ဒီထက်ပိုအောင်မြင်မှာ သေချာတယ်"

သူတော်တော် စိတ်ညစ်သွား၏။ အခု ဒီဖက်နှစ်တွေမှာ စာပေလောကကို သရဲတစ္ဆေဝတ္ထုတွေ စိုးမိုးထားကြသည်။ စာပေလောက သာမက . . .။ ဗီဒီယိုရုပ်ရှင်လောကမှာလည်း သရဲတစ္ဆေဇာတ်ကားတွေ ခေတ်စားနေ၏။ ဂီတလောကမှာပင် သရဲတစ္ဆေအကြောင်းတွေ သီချင်းထဲ ထည့်ဆိုကုန်ကြပြီ။ ဒါပေမယ့် အဆိုးဝါးဆုံးကတော့ စာပေလောက . . .။ တချို့စာရေးဆရာများသည် သူ့ထက်ငါ စာအုပ်ရောင်းကောင်းအောင် မဟုတ်ကဟုတ်ကတွေ လျှောက်ရေးပြီး ကြော်ငြာနေကြတာ တွေ့ရ၏။

သူကတော့ အချစ်ဝတ္ထုရေးသော စာရေးဆရာတစ်ဦးသာဖြစ်၏။ သူလည်း သရဲဝတ္ထုဆိုပြီး ဘုရားသမိုင်းတွေ၊ ဥစ္စာစောင့်



သိုက်စောင့်အကြောင်းတွေ၊ နိုင်ငံခြားမှ လူသတ်ကား၊ ဝိညာဉ်ကားတွေကို အဆင်ပြေသလို ဟိုနည်းနည်း ဒီနည်းနည်း . . .၊ ဒါမှမဟုတ် အစအဆုံးကူးချကာ လုပ်စားလျှင်ရပါသည်။ သို့သော် မလုပ်ချင် . . .။ အဲဒီလို မဟုတ်၊ မဟတ်တွေလုပ်ဖို့ သူဓါတ်မကျ (ခွက်လည်းမကျ) ချေ။ သူ့ကို သရဲစာပေအကြောင်းတွေ လျှောက်ပြောနေသော စာပို့လုလင်ကြီးကိုတော့ စိတ်ဓါတ်ကျမိသည်။

ဘုတောပြီး နှင်ထုတ်ပစ်လိုက်လို့ကလည်း မဖြစ်သေး . . .။ နောက်တစ်ခါ ကိုယ့်စာတွေ ရောက်မလာ ဘော့ရင် မခက်ပါလား။ အိပ်ရေးမဝရသည့်ကြားထဲ အခန်းတံခါးပေါက်ဝမှာ စာပို့လုလင်ကြီး လျှောက်ပြောသမျှတွေကို နားထောင်ပေးနေရသော ဒုက္ခမှ ချုပ်ငြိမ်းအောင် ကျော်ကျော် ဘယ်လိုမှ မကြံတတ်ဘဲ ရှိနေ၏။ ထိုအခိုက်အပေါ်ထပ်မှ လှေကားအတိုင်း အောက်သို့ပြေးဆင်းလာသော ခြေသံများက ရုတ်ချည်းထွက်ပေါ်လာပါသည်။

ဒီတော့မှ စာပို့လုလင်ကြီးလည်း လူတွေကို ရှောင်ရ၊ တိမ်းရနှင့် စကားစပြတ်တောက်သွား၏။ ဟော . . . ဟိုနေ့က အရိုပ်ပိုင်ရှင် Little Sweet လေးနှင့် ဧပရယ်တို့ပါလား။ တွေ့လိုက်ရသောခြင်ကွင်းကြောင့် သူဝမ်းသာရွှင်မြူးသွားမိသည်။ ကလေးတွေလိုခုန်ပေါက်ပြေးဆင်းလာသော သူမတို့နှစ်ဦးသည် ကျော်ကျော်အခန်းပေါက်ဝရှေ့ကို ရောက်လာ၏။ ဧပရယ်က သူ့ကိုမြင်သွားတော့ ပြုံးပြုံးချင်း နှုတ်ဆက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုကျော်ကျော် . . . ဒီနေ့ နိုးတာစောသားပဲ၊ လက်ထဲမှာလည်း စာတွေမနည်းပါလား၊ ပရိသတ်တွေဆီက မိတ်ဆက်စာတွေဖြစ်ရမယ်"

"သြော် . . . ဟုတ်တယ်၊ ဒီမှာ ပို့စ်မင်းက တံခါးခေါက်ပြီးလာနှိုးလို့ အခုမှ နိုးလာတာလေ"

ပေရယ်ကို စကားပြန်ပြောနေသော်လည်း သူ့အကြည့်တွေက အရိပ်ပိုင်ရှင်လှလှလေးဆီ ဝဲပျံလို့နေ၏။ ဟိုတစ်နေ့ကထက် ပို၍နီးကပ်စွာမြင်ရသော သူမ၏ နှုတ်ခမ်းနီစွေးစွေးလေးများသည် ဖူးငုံခါစ နှင်းဆီပွင့်လေးလိုပင် လန်းဆန်းနှစ်သက်ဖွယ် ဖြစ်သည်။ လောလောဆယ်တော့ သူမမှာ အခက်အခဲတစ်ခုခုကို ရင်ဆိုင်နေရပုံရ၏။ ကျော်ကျော်က တစ်ချက်မျှလေ့လာပြီး သူမ၏ပြဿနာကို သိရှိသွားတော့သည်။

သူ့အကွက်ထဲဝင်လာသဖြင့် ဝမ်းလည်းဝမ်းသာသွားမိ၏။ ကျော်ကျော်က အရိပ်လေးကို လမ်းပိတ်ထားသလိုဖြစ်နေသည့် စာပို့လုလင်ကြီးအား . . .

"အစ်ကိုက အခုဘယ်အခန်းကို သွားရမှာတုန်း . . .၊ အပေါ်ဆိုလည်း အပေါ်တက်၊ အောက်ဆိုလည်း အောက်ကိုဆင်း၊ လှေကားမှာ အဲဒီလိုကြီး ပိတ်ပြီးရပ်မနေနဲ့လေ . . .၊ ဒီမှာ အပေါက်ပိတ်နေပြီ"

"သြော် . . . ဟုတ်သားပဲ၊ ဆောရီးပါဆရာ . . . ကျွန်တော်အလုပ်ဆက်လုပ်လိုက်ပါဦးမယ်၊ နောက်မှားမှပဲ စာအကြောင်း၊ ပေအကြောင်းတွေ ဆက်ဆွေးနွေးကြတာပေါ့ . . ."

သူကလည်း စကားနည်းရန်စဲသဘောဖြင့် "အိုကေ . . . အိုကေ" ဟုသာ ပြန်ပြောလိုက်ပါ၏။ စာပို့လုလင်ကြီး ဆင်းသွားတာကိုကြည့်ရင်း ပေရယ်က တစ်စုံတစ်ခုအား စဉ်းစားနေပုံရသည်။ ကျော်ကျော်နှင့် အရိပ်လေးတို့ မျက်လုံးချင်း ဖျတ်ခနဲ ဆုံမိလိုက်ကြ၏၊ ပေရယ်တို့ကလည်း လျှင်သည်။ အဲဒီခဏလေးကို တွေ့ဖြစ်အောင် တွေ့သွားသေးသည်။ ချက်ချင်းပဲ ပေရယ်က . . .

"ကိုကျော်ကျော် . . . ဒါက ပေရယ်သူငယ်ချင်းမိုးနွယ်တဲ့၊ မှတ်ထားနော် . . .၊ ဟဲ့ - မိုး . . . အဲဒါ စာရေးဆရာကျော်စွာမင်းလေ"

မိုးနွယ်က သူ့ကို တည်တည်လေးကြည့်ကာ . . .

"ကိုကျော်ကျော့်စာအုပ်တွေကိုတော့ မကြာခဏ တွေ့ဖူးပါတယ်၊ ဒါပေမယ့် အမှန်အတိုင်းပြောရရင် တစ်ခါမှ မဖတ်ဖူးဘူးသိလား"

ပေရယ်မှာ အားနာသွားပြီး . . .

"ဟယ် . . . မိုးကလည်း . . . "

ကြည့်စမ်း။ စကားပြောတာ ရိုက်ပေါက်ပါလား။ ကျော်ကျော်က သူမ၏စကားကြောင့် သဘောကျစွာ ပြုံးလိုက်၏။

"ရပါတယ် ပေရယ်ရဲ့၊ သူက အမှန်ကို အမှန်အတိုင်းပြော

www.burmeseclassic.com

www.burmeseclassic.com



တာပဲ၊ ပြဿနာမရှိပါဘူး၊ အဲဒီလို ပွင့်ပွင့်လင်းလင်းပြောမှ ကျွန်တော်က ကြိုက်တာ . . . "

"မိုး" ဆိုသော ထိုကောင်မလေးက သူ့အား စူးခနဲ တစ်ချက်စိုက်ကြည့်၍ ပြောပြန်သည်။

"အဲဒါဆို မိုးမှာ ကိုကျော်ကျော်ကို ပွင့်ပွင့်လင်းလင်းပြောစရာ နောက်တစ်ခု ကျန်သေးတယ်၊ ပြောရမလား"

အကြောင်းသိမို့ ပေရယ်က ကြားမှဝင်ဟန့်ပါသည်။

"ဟဲ့ . . . "

ကျော်ကျော်က ပြုံးရင်း . . .

"ပြောပါစေ ပေရယ်၊ မိုးပြောစရာရှိတာ ပြောလို့ရပါတယ်"

သူ့ခွင့်ပြုချက်ကိုရသွားသော မိုးနွယ်က ဘာမှမပြောသေးခင် "ခစ် . . . " ခနဲ တစ်ချက်ရယ်လိုက်၏။ ပြီးမှ . . .

"သြော် . . . မိုး ပြောချင်တာက ဒီလိုပါ၊ ကိုကျော်ကျော်က ဟိုပိုစ်မင်းကြီး တံခါးလာခေါက်မှ အိပ်ရာကထလာတာ မဟုတ်လား"

"အင်း . . . ဟုတ်တယ်လေ"

"ဒီတော့ ကိုကျော်ကျော်က မျက်နှာလည်း မသစ်၊ သွားလည်း မတိုက်ရသေးဘူးပေါ့၊ အဲဒါကို မိုးတို့နဲ့ စကားပြောနေတော့ ကိုကျော်ကျော်ဆီက အာပုတ်စော်နံတာပေါ့၊ သိပြီလား၊ သွား . . . မျက်နှာသွားသစ်တော့၊ မိုးက ပွင့်ပွင့်လင်းလင်းပြောဆိုလို့ ပြောတာနော်၊ နို့မို့ဆို မပြောဘူး"



"အမ် . . . "

အာမေဋိတ်သံနှင့်အတူ ကျော်ကျော့်မျက်နှာမှာ အရှက်ကြောင့် ရဲတက်လာ၏။ ပေရယ်ဆိုလည်း အားနာလွန်းလို့ ထူပူပြီး ဘာပြောလို့ပြောရမှန်းတောင် မသိတော့ . . . ။ သူ့စကားနှင့်သူမို့ ကျော်ကျော်လည်း ဘာမှပြန်မပြောသာဘဲ ရှိ၏။ သူတို့သုံးယောက်အပေါက်ဝမှာ စက္ကန့်နှစ်ဆယ်လောက် ယောင်နန ဖြစ်နေကြသေးသည်။

ထို့နောက် . . . ကျော်ကျော်က ရှက်ရှက်နှင့် မျက်နှာသစ်ရန်ဆိုပြီး အိမ်ထဲကို ဝင်သွားခဲ့၏။ သူမတို့နှစ်ယောက်ကတော့ မူလ ရည်ရွယ်ချက်အတိုင်း လမ်းထိပ်မှ စတိုးဆိုင်ဆီ ထွက်လာခဲ့ကြပါသည်။

ကျော်ကျော့်အားနည်းချက်ကို ပြောလိုက်သည့်အတွက် မိုးနွယ်ကို ပေရယ်က တစ်လမ်းလုံး အပြစ်တင်လို့ မဆုံးတော့ . . . ။ မိုးနွယ်သည် စာရေးဆရာကြီးကို အခုလို ရှက်သွားအောင် လုပ်နိုင်ဘာမို့ ကိုယ့်လုပ်ရပ်ကိုယ် သဘောတွေကျနေလေသည်။

* * * *

www.burmeseclassic.com

www.burmeseclassic.com

။ ၃ ။

ကျော်ကျော်တစ်ယောက် ဟိုဟိုသည်သည် လျှောက်စဉ်း စားရင်း တစ်ယောက်ထဲကျိတ်၍ ပြုံးလိုက်မိပါသည်။ သူ့ကိုရှက်သွား စေခဲ့သည့် မိုးနွယ်ဆိုသော ကောင်မလေးအကြောင်း တွေးမိတိုင်း ကျော်ကျော့်မှာ မခံချိ၊ မခံသာနှင့် အူတွေယားလာတတ်၏။

အခုမှ စခင်ရုံရှိသေးသည်။ လူကိုကောင်းကောင်းနှိပ်ကွပ် သွား၏။ သူမကို အပြစ်တင်လို့လည်း မရပြန် . . . ။ အဲဒီလိုတွေ ဖြစ်လာအောင် သူကိုယ်တိုင်က ခွင့်ပြုပေးခဲ့ခြင်း ဖြစ်သည်။ ရုပ် ကလေးက နူးညံ့သိမ်မွေ့သလောက် သူတစ်ပါးအရှိက်ကို အလဲထိုးချ ရာ၌ ကြမ်းတမ်းခက်ထန်လှ၏။ ဒါတောင် အခုက ဘာမှမဟုတ်သေး



. . . ။ အပျော်အပြက် နောက်ပြောင်သည့်အဆင့်သာ ရှိသေးသည်။

ကြည့်ကြပါဦး။ နာမည်လေးက "မိုးနွယ်" တဲ့။ သူမမှာ နီစွေးသော နှုတ်ခမ်းရဲရဲလေးတစ်စုံရှိသည်။ ပြီးတော့ တစ်ကြိမ်တစ်ခါ ထဲနှင့် သူ့နှလုံးသားမှာ စွဲငြိသွားစေသည့် အရိပ်ကောက်ကြောင်း လှလှလေး၏ပိုင်ရှင် . . . ။ နောက် . . . သူ့အတွက် ချိုမြိန်သော သေးသေးကွေးကွေး အရသာလေး (သို့မဟုတ်) Little Sweet . . ။

အားလုံးကို ခြုံငုံသုံးသပ်လိုက်သည့်အခါ သူမသည် အချိန် အနည်းငယ်လေးနှင့် သူ့ခံစားမှုများကို ခမ်းနားလာစေသည်။ သူ့ ဘဝ၌ အစားထိုး၍မရသော တန်ဖိုးတစ်ခုဆိုတာကိုလည်း ကျော်ကျော် ရိပ်စားမိလာ၏။ ဒီလောက်အချိန်တိုအတွင်းမှာ သူ့စိတ်ကို ဘာမှ မဟုတ်သော အရိပ်ကောက်ကြောင်းလေးနှင့် ဖမ်းစားသိမ်းသွင်းသွား နိုင်ခဲ့သည့် သူမသည် အံ့ဩချီးမွမ်းစရာပင် ဖြစ်လေသည်။

နောက်တော့ ကျော်ကျော်လည်း သူမနှင့်ပတ်သက်ပြီး ဆုံး ဖြတ်ချက်တစ်ခုကို အခိုင်အမာချလိုက်ပါ၏။ သူ့ဆုံးဖြတ်ချက်က အခြားတော့မဟုတ် . . . ။ ပေရယ်ဆီမှ အကူအညီယူ၍ သူမနှင့် ခင်မင်ခွင့်ရအောင် ကြိုးစားရန်ဖြစ်သည်။

* * * *

အပေါ်ထပ်လှေကားမှ တဝုန်းဝုန်း ပြေးဆင်းလာသည့်

www.burmeseclassic.com

www.burmeseclassic.com



ခြေသံကြောင့် သူက အခန်းတံခါးကို ကြိုတင်ဖွင့်ထားလိုက်သည်။ နှစ်ရှည်လများ အပေါ်ထပ်၊ အောက်ထပ် အိမ်နီးချင်းတွေမို့ ဒါဇပရယ် ခြေသံမှန်း ကျော်ကျော်အတပ်သိထားပြီးသား ဖြစ်၏။ ဇပရယ်တို့ မိသားစုသည် အပေါ်ထပ်လေးလွှာမှာ နေကြသည်။ သူမမှာ ထွန်းနိုင် ဆိုသော အစ်ကိုတစ်ယောက်ရှိ၏။ သူမတို့မိသားစုသည် သဘော်သားအလုပ်ကို မျိုးနှင့်ရိုးနှင့် လုပ်ကြသူတွေပဲဟုပင် ဆိုနိုင်သည်။ သူမတို့ အမျိုးထဲမှ ယောကျ်ားလေးများ အားလုံးနီးပါးသည် သဘော်သားတွေ ဖြစ်လေ၏။ သူမအဖေဦးမောင်မောင်နိုင်ရော၊ သူမအစ်ကို ထွန်းနိုင်ပါ သဘော်သားများ ဖြစ်ကြသဖြင့် ရေထဲမှာပဲ အနေများသည်။ ထို့ကြောင့် သူမတို့အိမ်မှာ အမြဲလိုလို ဇပရယ်နှင့် သူမအမေ ဒေါ်ခင့်မေအောင်တို့ သားအမိနှစ်ယောက်ထဲသာ ရှိတတ်၏။

အိမ်တွင် ယောကျ်ားသားမရှိသော ဒေါ်ခင်မေအောင်က သူ့ကို တူသားတစ်ယောက်လို ခင်မင်အားကိုးသည်။ မိခင်တစ်ဦးကဲ့သို့လည်း စောင့်ရှောက်ပေး၏။ ဒါ့အပြင် မကြာခဏဆိုသလို စားသောက်စရာများ လာပို့ပေးတတ်၏။ ကျော်ကျော်အတွက်တော့ ဇပရယ်တို့မိသားစုသည် တစ်တိုက်လုံးတွင် အရင်းနှီးဆုံး အိမ်နီးချင်း မိသားစုဟု ဆိုရမည်။

အပေါ်ထပ်ဆီမှ ပြေးဆင်းလာသော ဇပရယ်က အခန်းတံခါးပေါက်ဝမှ ယောင်ချာချာနှင့် ဟိုလိုလို၊ ဒီလိုလို လုပ်နေသည့် သူ့အား နှုတ်ဆက်လိုက်၏။



"ကိုကျော်ကျော် . . . ဘာလုပ် . . ."

"ဒီလိုပါပဲ ဇပရယ်ရာ . . .၊ အိမ်မှာ တစ်ယောက်ထဲ တဖတ်နေတာ၊ အဲဒါ အခုပျင်းလာတာနဲ့ လက်ဖက်ရည်ဆိုင် သွားမလားလို့လေ၊ ဇပရယ်ကရော . . . ဘယ်လဲ . . ."

"ဇပရယ်လား . . .၊ အစတုန်းကတော့ ဇပရယ်တို့အိမ်ဖုန်းပျက်နေလို့ မိုးနွယ်ဆီ ဖုန်းခေါ်မလို့ အောက်ဆင်းလာတာပဲ၊ ဒါပေမဲ့ အခု အစီအစဉ် ပြောင်းသွားပြီ . . ."

"ဘာဖြစ်လို့ . . ."

"ဘာဖြစ်လို့လဲဆိုတော့ အခုလက်ဖက်ရည်တိုက်မယ့် ဒကာနဲ့ တွေ့သွားလို့လေ . . . ဟဲဟဲ . . ."

"ဪ . . . ဟုတ်ပါပြီဗျာ၊ ကျွန်တော်မျိုးကြီး သဘောပေါက်သွားပါပြီ၊ ဟင်းဟင်း . . ."

"အဲဒီလို လုပ်စမ်းပါ၊ လူကြီးသူမတွေကို အခုလို အလိုက်သိတတ်လို့ ကိုကျော်ကျော်ကြီးပွားနေတာ၊ ရှေ့ဆက်လည်း ကြီးပွားချမ်းသာဦးမှာ . . . သိလား၊ ဟဲဟဲ . . . ဟဲ . . ."

ဇပရယ်သည် ပြောင်ချော်ချော်မျက်နှာနှင့် ချစ်စဖွယ်လေး ပြောလိုက်၏။ သူက . . .

"ဟုတ်ကဲ့ပါ . . . လူကြီးသူမကြီးရယ်၊ ကျွန်တော်မျိုး ဒကာခံဆိုခံပါ့မယ်၊ ဒါပေမယ့် ဇပရယ်လုပ်စရာရှိတဲ့ မူလအစီအစဉ်ကိုလည်း လုပ်ပါ၊ ဇပရယ်ဖုန်းဆက်တာကို ကျွန်တော်စောင့်နေပေးပါ့

www.burmeseclassic.com



မယ်"

"အိုကေလေ . . ."

ဒီလိုနှင့် သူတို့နှစ်ယောက်သား သဘောတူညီမှုရသွားပြီး လမ်းထိပ်သို့ ထွက်လာခဲ့ကြ၏။ ဖုန်းဆိုင်မှာ ဧပရယ် "မိုး" ဆီကို ဖုန်းခေါ်တော့ ကျော်ကျော်က သူမနှိပ်သော ဖုန်းနံပါတ်ခလုတ်များအား မသိမသာကြည့်၍ လိုက်မှတ်နေမိသည်။ ၆၆၂ . . . . . . . ။

ဖြစ်ချင်တော့ မိုးနွယ်၏ဖုန်းက ခေါ်မရဘဲရှိ၏။ ဧပရယ်သည် လေးငါးခြောက်ခါလောက်အထိ သည်းခံကာ ကြိုးစားခေါ်နေသေး၏။ ဘယ်လိုမှ ခေါ်မရတဲ့ အဆုံးကျတော့မှ သူမလည်း လက်လျှော့သွားရသည်။

"တော်ပြီကွာ . . . မိုးတို့ဖုန်းလည်း ပျက်နေပြီထင်တယ်၊ နောက်မှပဲ ခေါ်တော့မယ်၊ လာ . . . ကိုကျော်ကျော်၊ လက်ဖက်ရည်ဆိုင်ကို သွားကြမယ်"

"အင်း . . . , ဒါဆိုလည်း ရွှေမြို့သူကိုပဲ သွားကြတာပေါ့"

"သွားလေ . . . ဒီကိစ္စမှာ ရေမြေ့သခင် ဒကာရှင်ကြီးရဲ့ သဘောပါပဲ"

ဧပရယ်က သူ့အဆိုပြုချက်ကို ရွှတ်နောက်နောက်လေး ပြော၍ ထောက်ခံလိုက်ပါ၏။ ထိုသို့ဖြင့် သူတို့တွေ ရွှေမြို့သူလက်ဖက်ရည်ဆိုင်သို့ ရောက်လာကြလေတော့သည်။ သူတို့နှစ်ယောက် အခုကဲ့သို့ လက်ဖက်ရည်ဆိုင် အတူလာထိုင်တာကို ဆိုင်ထဲရှိလူတွေ



က တစ်ချက်မျှသာ ခေါင်းငဲ့ကြည့်ပြီး ဘာမှမထူးဆန်းတော့သလို ပြန်လှည့်သွားကြ၏။

သူမက ပုံမှန်၊ သူက ကျစိမ့်နှင့် စီးကရက်တစ်ပွဲ . . . တို့ကို အသီးသီးမှာလိုက်သည်။ ကျော်ကျော်သည် သူမကို မိုးနွယ်အကြောင်း ဘယ်လိုစကားစရင် ကောင်းမလဲဆိုတာ စဉ်းစားနေ၏။ စားပွဲထိုးကောင်လေးက သူတို့မှာထားသော လက်ဖက်ရည်ခွက်များကို လာချပေးပါသည်။ လက်ဖက်ရည်ခွက်ကို မွှေနေစဉ် သူ့ခေါင်းထဲမှာ လင်းခနဲ ဖြစ်သွားပြီး . . .

"ဧပရယ်က ဖုန်းပျက်နေတာတောင် အောက်ဆင်းပြီး မိုးနွယ်ဆီ ဖုန်းဆက်တာဆိုတော့ ပြောမယ့်ကိစ္စက တော်တော်အရေးကြီးလို့လား"

သူမသည် သူ၏စပ်စုမှုကို လုံးဝဂရုမထားမိဘဲ ပေါ့ပေါ့ပါးပါးပင် ပြန်ဖြေလိုက်၏။

"အင်း . . . အရေးကြီးတယ် ကိုကျော်ကျော်ရဲ့၊ မိုးနဲ့ဧပရယ်က လာမယ့်တနင်္ဂနွေနေ့ကျရင် ဗိုလ်တထောင်ဘုရားမှာ ဗေဒင်သွားမေးမလို့ ချိန်းထားကြတာ . . .၊ ဒါပေမယ့် ဧပရယ်က မနက်ဖြန်မနက်မှာ မေမေနဲ့ ကျောက်ဆည်ကို အရေးပေါ် သွားဖို့ရှိတယ်၊ အဲဒါကြောင့် မိုးကိုဖုန်းဆက်ပြီး တနင်္ဂနွေနေ့ကိစ္စကို လှမ်းဖျက်မလို့လေ"

ကျော်ကျော်က တအံ့တသြနှင့် . . .

"မနက်ဖြန် အန်တီနဲ့ ကျောက်ဆည်ကို အရေးပေါ် သွားရ

www.burmeseclassic.com

www.burmeseclassic.com



မယ်၊ ဟုတ်လား . . . "

"ဟုတ်တယ် ကိုကျော်ကျော်ရဲ့၊ ကျောက်ဆည်က ဧပရယ်တို့ အဖွားလေးလေ၊ ခနေ့ညက ရုတ်တရက် ဆေးရုံသင်လိုက်ရတယ် ဆိုပြီး ဖုန်းဝင်လာလို့၊ ညတုန်းကတော့ ဖုန်းက အကောင်းပဲ၊ အခု မနက်ကျမှ ဖုန်းက ပျက်သွားတာ . . . "

"ဩော် . . . "

"အဲဒါ မေမေက ချက်ချင်းပဲ ကျောက်ဆည်ကိုသွားမလို့ ဉစ္စာ . . . ကားလက်မှတ်က ဒီနေ့မရဘူး၊ မနက်ဖြန်မှ ရတယ်လေ၊ မေမေက အဖွားလေးလက်ပေါ်မှာ ကြီးလာတာဆိုတော့ အဒေါ်ဆို ပေမယ့် အမေအရင်းလိုပါပဲ"

"ဒါဆို အန်တီလည်း တော်တော်စိတ်ပူနေမှာပေါ့"

"ဟုတ်ပါ့၊ မေမေက အိမ်မှာ ငိုမဲ့မဲ့နဲ့ ခရီးသွားဖို့ ပြင်ဆင်ရင်း ကျန်ခဲ့တယ်လေ၊ ဧပရယ်လည်း မိုးဆီ အကျိုးအကြောင်းပြောပြဖို့ ထွက်လာတာ . . .၊ အခုတော့ ဒုက္ခပါပဲ"

ထိုသို့ ဧပရယ်က စိတ်ပျက်လက်ပျက် ပြောလိုက်သော်လည်း၊ ကျော်ကျော့်စိတ်ထဲမှာတော့ ဝမ်းသာအားရ ဖြစ်သွားမိသည်။ သို့သော် . . . သူက မျက်နှာခပ်နွမ်းနွမ်းလေးနှင့် . . .

"ဒါဆို ဧပရယ် ဘယ်လိုလုပ်မလဲ၊ ကျွန်တော်ကူညီပေးရမလားဟင် . . . "

"ကိုကျော်ကျော်က ဘယ်လိုကူညီမှာလဲ၊ မိုးတို့အိမ်ကို သွားပြောပေးမှာလား"



"ဘယ်နားမှာလဲ"

"မရမ်းကုန်းမှာလေ . . .၊ အဝေးကြီးပဲ ကိုကျော်ကျော်ရဲ့၊ အားနာစရာကြီး . . . "

"ရပါတယ်၊ ကျွန်တော်လည်း အဲဒီဖက်ကို သွားစရာရှိနေတာနဲ့ အတော်ပဲ"

"ဟုတ်လား . . . အဲဒါဆို အိုကေပဲ၊ ကိုကျော်ကျော် တကူးတက သွားနေဖို့ မလိုတော့ဘူးပေါ့၊ ဒါဖြင့် ဒီလိုလုပ် . . .၊ ဒီနေ့ သောကြာနော်၊ မိုးနဲ့ချိန်းထားတာ တနင်္ဂနွေနေ့မှဆိုတော့ ကြားထဲမှာ မနက်ဖြန်စနေနေ့ တစ်နေ့လုံး အချိန်ရတယ်"

"ကောင်းပြီလေ၊ အဲဒါဆို ကျွန်တော်မနက်ဖြန် သွားပြောပေးလိုက်မယ်"

"ဟုတ် . . . ကျေးဇူးနော်"

"ရပါတယ် ဧပရယ်ရယ်၊ အချင်းချင်းတွေပဲ၊ မလိုပါဘူး"

"ဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲ၊ ကျေးဇူးတင်တဲ့အနေနဲ့ ဒီလက်ဖက်ရည်ဖိုးကို ဧပရယ်ပဲ ရှင်းလိုက်ပါ့မယ်"

တားလည်း သူမပုံစံက ဖွတ်လုပ်မည့်ပုံမို့ သူငြိမ်နေလိုက်ရ၏။ ရှေးမြို့သူဆိုင်မှ ထခါနီးတော့ ဧပရယ်က သူ့ကို မိုးနွယ်၏လိပ်စာနှင့် ဖုန်းနံပါတ်အား ပြောပြပါသည်။ သူ့နှလုံးသားထဲမှာ တစ်ခါထဲ အပြီး မှတ်ထားလိုက်သလို စွဲထင်သွား၏။ တိုက်ဆိုင်ချင်တော့လည်း

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုပဲပေါ့ Little Sweet လေးရယ် . . .။

မနက်ဖြန်ကျရင် အရိပ်လေးနှင့် ထပ်တွေ့ရဦးမည်ဟူသော အတွေးကြောင့် သူ့တစ်ကိုယ်လုံး အပျော်တွေ စီးလွှမ်းကျနေလေသည်။

* * * *

॥ ၄ ॥

ထိုစံနေသည် ကျော်ကျော့်အတွက် ရင်ခုန်ကြည်နူးဖွယ် အတိပြီးသော အချစ်သီချင်းတစ်ပုဒ်ပင် ဖြစ်တော့သည်။ အရိပ် ကောက်ကြောင်းလေးဆီ သွားနေသည့် သူ့ခြေလှမ်းတိုင်းသည် အား အင်အပြည့်ဖြင့် တက်ကြွရဲရင့်နေ၏။ ပေရယ်ရှတ်ပြခဲ့သော သူမ၏ လိပ်စာနှင့် ဖုန်းနံပါတ်ကို သူက စာရွက်မှာ ရေးမှတ်ထားစရာ မလို ပါ။ တစ်ကြိမ်တစ်ခါမျှ ကြားသိရရုံဖြင့် သူ့ဦးနှောက်မှာ ဆေးမှင်ထိုး ထားသကဲ့သို့ စွဲမြဲစွာ မှတ်မိနေခဲ့ပြီဖြစ်သည်။

မရှမ်းကုန်းထဲမှာ သူအနည်းငယ် ရှာလည်နေသေး၏။ လိပ် စာအတိုင်း ကျော်ကျော်ရောက်သွားတော့ (ပတ်ဝန်းကျင်ပြောပြချက်

www.burmeseclassic.com

www.burmeseclassic.com



အရ) လူမနေတာ ခြောက်နှစ်ကျော်ခန့်ရှိနေပြီဖြစ်သော တစ်ထပ်တိုက်ပြားပြားလေးတစ်လုံးကိုသာ တွေ့ရပါသည်။ လိပ်စာများ မှားနေလို့လားဟု တွေးမိလိုက်သေးသော်လည်း၊ ထိုအတွေးကို သူက ချက်ချင်းပဲ ပယ်ချပစ်လိုက်၏။ ကျော်ကျော့်နှလုံးသားမှာ၊ ဦးနှောက်မှာ ဒီလောက်စွဲထင်နေသည့် သူမ၏နေရပ်လိပ်စာသည် (ဧပရယ်သာ မမှားခဲ့ဘူးဆိုလျှင်) သူ့အနေနှင့် အနည်းဆုံး နောက်ထပ်ဆယ်ဘဝခန့်အထိ မေ့နိုင်စရာ အကြောင်းမရှိချေ။

သို့သော် ကျော်ကျော့်မျက်စိရှေ့ရှိ ထိုအိမ်ပုပုလေးသည်လည်း အပြင်မှ အပေါ်ယံမြင်ရရုံနှင့် နှစ်ရှည်လများ လူမနေသော အိမ်မှန်း သိသာလှပါသည်။ အနီးအနားဝန်းကျင် စုံစမ်းကြည့်လိုက်တော့ အိမ်ရှင်များသည် ရှမ်းပြည်ဖက်မှဖြစ်ပြီး လွန်ခဲ့သော ခြောက်နှစ်လောက်ထဲက ဒီမှာမနေတော့ကြောင်းကို သိရ၏။ တခြားဘာမှ မသိရ . . .။ ဖုန်းဆက်ကြည့်လိုက်တော့ ဖုန်းက ပျက်နေဆဲပင် . . .။ သူလည်း ဘယ်လိုမှ မစဉ်းစားတတ်တော့ဘဲ ဦးနှောက်တွေခြောက်လာမိသည်။

အခုကျမှ ဧပရယ်ဆီ ဆက်သွယ်၍ လိပ်စာမှန်၊ မမှန်ကို စစ်ဆေးဖို့ကလည်း မဖြစ်နိုင်တော့ . . .။ ဧပရယ်တို့ သားအမိသည် ဒီနေ့မနက်ပဲ ကျောက်ဆည်သို့ ထွက်ခွာသွားကြပြီ။ ကျော်ကျော့်အဖို့ လာလမ်းအတိုင်း ပြန်လှည့်ရုံမှအပ တစ်ခြားမရှိပါ။ သူသည် ခေါင်းကိုရမ်းပြီး သက်ပြင်းရှည်ကြီးတစ်ချက် ချလိုက်မိ၏။ စတွေ့ကတည်း



က အခုအချိန်ထိ သူ့ကို ပဟေဠိတွေပေးနေသည့် အရိပ်မလေးအား ကျော်ကျော်လည်း တိတ်တဆိတ် ကျိန်ဆဲပစ်လိုက်ပါသည်။

ဇာတ်လမ်းက ဒီနေရာမှာတင် လုံးဝရှေ့ဆက်လို့မရအောင် လမ်းဆုံးနေပြီ မဟုတ်ပါလား။ သူလည်း မျှော်လင့်ချက်တွေကို ခေါက်သိမ်းကာ အိမ်ပြန်လာခဲ့ရ၏။ သူမနှင့်လွဲခဲ့ရသဖြင့် ညအိပ်ရာဝင်ချိန်အထိ သူ့မှာ မကျေမချမ်း ဖြစ်နေရှာတော့သည်။

* * * *

အချိန်က ညဉ့်နှစ်ချက်ထိုးပြီးသွားပြီ။ ဒီညတော့ လုံးဝအိပ်လို့မရတာ သေချာသွားပြီမို့ ကျော်ကျော်လည်း အိပ်ရာမှထ၍ စာရေးစားပွဲရှေ့မှာ ငူငူကြီး ထိုင်နေမိသည်။ ရေးလက်စလုံးချင်းဝတ္ထုကို ဆက်ရေးရင် ကောင်းမလား။ ကော်ဖီတစ်ခွက်လောက် သောက်လိုက်ရင် ကောင်းမလား။ ဒါမှမဟုတ် သူကြည့်လို့ မပြီးသေးသည့် Prison Break ဇာတ်လမ်းတွဲတွေကိုပဲ ဆက်ကြည့်ရမလား။

သူ့မှာ အတွေးတွေနှင့် ဝေခွဲမရဘဲ ဖြစ်တော့၏။ နောက် . . . သူက အိမ်ရှေ့ဝရံတာဆီသို့ ထထွက်လာခဲ့၏။ သူ့မျက်လုံးထဲမှာ သူမ၏ နီစွေးစွေးနှုတ်ခမ်းလေးက ဖျတ်ခနဲ ပေါ်လာပြန်သည်။ ရော် . . . အခက်ကြီးခက်နေလေပြီ။

ထိုအခိုက် လျှပ်စစ်မီးက ရုတ်ချည်းပြတ်တောက်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



ဝရံတာဆီမှ အမှောင်သည် လက်နှင့်စမ်းသပ်၍ ရလုမတတ် မိုက်လျက်ရှိသည်။ သူသည် အမှောင်ထုထဲတွင် ငြိမ်သက်နေရာမှ ရုတ်တရက်ဆိုသလို ဉာဏ်အလင်းပွင့်သွား၏။

"ဖျောက် . . ."

သူက အားရဝမ်းသာနှင့် လက်ဖျစ်တစ်ချက်တီးလိုက်သည်။ ကျော်ကျော်တစ်ယောက် အရိပ်လေးနှင့် တွေ့ဆုံရနိုင်သော အခွင့်အလမ်းတချို့ကို မမျှော်လင့်ဘဲ စဉ်းစားမိခြင်း ဖြစ်ပါသည်။ မနက်ဖြန် တနင်္ဂနွေနေ့တွင် ဧပရယ်နှင့် သူမက ဗိုလ်တထောင်ဘုရား၌ ဖေဒင်သွားမေးရန် ချိန်းထားသည် မဟုတ်ပါလား။

ဘယ်နေရာမှာလဲ။ ဘယ်အချိန်လဲ။

အတိအကျတော့ သူလည်း မသိပါ။ ဘယ်နေရာမှာပဲ သူမတို့ လူချင်းဆုံဖို့ ချိန်းထားသည်ဖြစ်စေ . . . နောက်ဆုံးတော့ ဗိုလ်တထောင်ဘုရားကို လာကြမှာ သေချာသည်။ ဒါဖြင့် အချိန်ကရော။ သူ့အနေနှင့် ဗိုလ်တထောင်ဘုရားကို မနက်စောစောထဲက သွားပြီး Little Sweet လေး မလာမချင်း တစ်နေကုန်ထိုင်စောင့်နေတာ အကောင်းဆုံး ဖြစ်ပေလိမ့်မည်။

ကျော်ကျော်လည်း အားရပါးရကြီး ပြုံးလိုက်မိ၏။ တစ်ခါတစ်ရံတွင် အမှောင်ထဲမှရသော ဉာဏ်အလင်းပွင့်မှုမျိုးက ဘဝကို အရသာရှိနေစေလေသည်။

* * * *

။ ၅ ။

မြို့ထဲ (၃၁) လမ်းရှိ လက်ဖက်ရည်ဆိုင်လေးသည် ဒီလိုညနေစောင်းချိန်ဆို မိတ်ဆွေစာရေးဆရာတွေ၊ ထုတ်ဝေသူတွေ၊ စာပေဖြန့်ချိရေးမှ ပုဂ္ဂိုလ်တွေနှင့် လူစုံနေလေ့ရှိပါသည်။ ကျော်ကျော်က လက်ပတ်နာရီကိုပင့်၍ ကြည့်လိုက်၏။ နာရီလက်တံများသည် ညနေခြောက်နာရီကျော်စပြုနေပြီဖြစ်ကြောင်း ညွှန်ပြလျက်ရှိ၏။

စာပေလောကသားများ စုဝေးရာ လက်ဖက်ရည်ဆိုင်လေးဆီသို့ သူက ဖြေးဖြေးချင်း ရွေ့လျားလာနေ၏။ သူ့ပုံစံက အရင်လိုတက်တက်ကြွကြွမရှိတာ အဝေးမှမြင်ရုံနှင့် သိသာလှသည်။ မျက်နှာကလည်း ခပ်နွမ်းနွမ်းလေးမို့ အားလုံးက ကျော်ကျော်ကို အကဲခတ်

www.burmeseclassic.com



ကြည့်နေကြ၏။

ဒီနေ့တစ်နေ့ကုန် ပိုလ်တယောင်ဘုရားမှာ သူမကို တွေ့လို တွေ့ငြား အချိန်ကုန်ခံပြီး စောင့်ကြည့်ခဲ့သော်လည်း အရိုပ်မလေးနှင့် နီးနီးစပ်စပ် တူတာမျိုးလေးပင် မတွေ့ခဲ့ချေ။ သူ့အဖြစ်က သူငယ် ချင်းတွေကို ပြောပြလို့လည်း မဖြစ် . . .။ ဘယ်သူကမှ သူ့ကိုစာနာ နားလည်ပေးနိုင်မှာ မဟုတ် . . .။ အရိပ်မလေးကို စွဲလန်းနေကြောင်း သိလျှင် သူ့ကိုပဲ အားလုံးက ဝိုင်းဟားကြမှာ သေချာသည်။

လွတ်နေသော ထိုင်ခုံတွင် ကျော်ကျော်က ဝင်ထိုင်လိုက် ၏။ ထုတ်ဝေသူကိုတိုးက သူ့မျက်နှာဆီကြည့်၍ တစ်စုံတစ်ရာကို ပြောသင့်၊ မပြောသင့် ချင့်ချိန်နေပုံရသည်။ အဲဒါဘာအဓိပ္ပါယ်လဲ ဆိုတာ ကျော်ကျော်တို့က တန်းသဘောပေါက်လိုက်ပါသည်။ သူက ကျောပိုးအိတ်ထဲမှ စာမူတွေကို အထပ်လိုက်ထုတ်ကာ . . .

"ရော့ . . . ကိုတိုး၊ ဒီမှာ ခင်ဗျားတကျီကျီတောင်းနေတဲ့ စာမူ တွေ . . ."

"ဟာ . . . ဆရာသမားက တကယ်ပြီးသွားပြီလား၊ ဒါဆို ကျွန်တော်လည်း မြန်မြန်ရုံးတင်ရတာပေါ့"

"အင်း . . . လက်ကျန်စာမူခတွေကို မြန်မြန်ပေးဖို့လည် လိုသေးတယ် ကိုတိုးရဲ့၊ ဒီစာအုပ်အတွက် ကျွန်တော်က စရံပဲရသေး တာ . . ."

စာမူရသွား၍ ပြုံးဖီးဖီးဖြစ်နေသော ကိုတိုးမျက်နှာကြီးက



ချက်ချင်းပဲ မဲ့ခွက်ခွက်ဖြစ်သွား၏။ ဒါပေမယ့် လူတွေကြားထဲမှာမို့ ကိုထိုးက . . .

"အေးပါကွာ . . . ပေးပါ့မယ်၊ ခင်ဗျား ဒီနေ့ဖုန်းကြိုဆက် ရင် ကျွန်တော်က ယူလာပေးပါတယ်"

ထုတ်ဝေသူတွေဆိုတာ အမြဲဒီလိုပဲ ပြောလေ့ရှိပါသည်။ တကယ်တမ်း ဖုန်းကြိုဆက်၍ အတိအကျ ရက်ချိန်းယူပြီးသည့်အခါ တွင်လည်း ဟိုကမရသေးလို့၊ ဒီကမရသေးလို့နှင့် အကွက်ရွှေ့ခံရ ပေါင်းများလှပြီ။ ထုတ်ဝေသူနှင့်က အသက်ရွယ်တူ လူငယ်ချင်းတွေ မို့ သူငယ်ချင်းပေါင်းပေါင်းကာ ပြောမနာ၊ ဆိုမနာ ရင်းနှီးနေတာ လည်း ပါသည်။ ထုတ်ဝေသူတွေကို ချော့တစ်လှည့်၊ ချောက်တစ်ခါ ပေါင်းသင်းဆက်ဆံခြင်းမှာ သူ့နည်းဗျူဟာတစ်ရပ်ပင် ဖြစ်၏။

သူ့ဘေးမှာ သရဲတစ္ဆေဝတ္ထုတွေရေးပြီး အောင်မြင်နေသည့် ဒုက္ခနတ်သား (ခေါ်) မာန်ထက်သာက ကျော်ကျော့်ကို မနေနိုင်၊ မထိုင်နိုင် ဝင်ပြောလိုက်ပြန်သည်။

"ကျော်ကျော်ရာ . . . မင်းဒီလောက်စာရေးတတ်တာ၊ ဒီလို အချိန်မှာ ဘာမှသိပ်အားမစိုက်ရတဲ့ သရဲဝတ္ထုမျိုးတွေ ဝင်ရေးစမ်း ပါ၊ မိုးရွာတုန်း ရေခံတဲ့သဘောပေါ့ကွာ၊ ငါ့ထုတ်ဝေသူ ဝင်းလွင်ဦး ဆိုရင် သရဲဝတ္ထုဆိုတာနဲ့ လာထားပဲ၊ ဖတ်တောင်ဖတ်ကြည့်တာ မဟုတ်ဘူး၊ သရဲဆိုပြီးရော၊ တန်းထုတ်တာ . . ."

မာန်ထက်သာသည် ဟိုးအရင်က အချစ်ဝတ္ထုရေးဆရာဖြစ်

www.burmeseclassic.com

www.burmeseclassic.com



သည်။ အခုလို တစ္ဆေသရဲဝတ္ထုမျိုးတွေ ခေတ်စားလာချိန်မှာ "ဒုက္ခနတ်သား" ဆိုသည့် ကလောင်ခွဲဖြင့် သရဲဝတ္ထုတွေရေးရာ အထူးအောင်မြင်သွားခဲ့၏။ ထိုအရှိန်ဖြင့် ရှဲဒိုးဝတ္ထုတွေဝယ်ပြီး "ဒုက္ခချိုချို" အမည်နှင့် နောက်ကလောင်တစ်ခု ထပ်ခွဲထားလိုက်သေးသည်။

အခုလည်း သူ့ဟာသူ ကလောင်ခွဲရတာ အားမရနိုင်ဘဲ သူ့ကိုပါ လာမဲဆွယ်နေပြန်၏။ ဘယ်လိုကောင်မှန်းကို မသိချေ။ မာန်ထက်သာ၏ ထိုတိုက်တွန်းစကားက သူ့ရင်ထဲမှာ ယားကျိကျိဖြစ်လာစေသည်။ ကျော်ကျော်လည်း စိတ်ပျက်လက်ပျက်နှင့် . . .

"တော်ပါပြီ မာန်ကြီးရာ၊ မင်းဘာသာမင်း ကလောင်တွေခွဲပြီး အားရအောင် ရေးစမ်းပါ၊ ငါ့လိုင်းနဲ့ငါ သီးသီးသန့်သန့်လေးနေပါရစေ"

"ဒါတော့ မင်းသဘောပဲလေ၊ ငါက သူငယ်ချင်းအချင်းချင်းတွေမို့လို့ မင်းအဆင်ပြေအောင် အကြံပေးတာပါကွာ . . .၊ လူ့ဘဝဆိုတာ တစ်ခါတစ်လေ မလုပ်ချင်ပေမယ့်လည်း လုပ်သင့်တယ်ထင်ရင် လုပ်ပစ်လိုက်ဖို့လိုတယ် ကျော်ကျော်ရ . . ."

မာန်ထက်သာ စကားအဆုံးမှာ သူ့မျက်နှာက ချက်ချင်းလေးနက်တည်ကြည်လို့သွား၏။ စောစောတုန်းကလို နွမ်းနယ်ပင်ပန်းနေသည့် ပုံမျိုးမဟုတ်တော့ . . .။ အားလုံးက သူ့ဆီမှ တုံ့ပြန်ပြောလာမည့်စကားကို စိတ်ဝင်စားစွာ စောင့်စားနေကြသည်။ ခဏကြာမှ ကျော်ကျော်က . . .



"မင်းက စေတနာနဲ့ပြောမှန်း ငါသိပါတယ်၊ အဲဒီကိစ္စနဲ့ပတ်သက်လို့ ငါ့အယူအဆက ဒီလိုရှိတယ်ကွ၊ ငါ့ဘဝမှာ လုပ်ချင်တာမလုပ်ရရင်နေပါ၊ ဒါပေမယ့် မလုပ်ချင်တဲ့ဟာကိုတော့ လုပ်သင့်တယ်ဆိုပြီး ငါဘယ်တော့မှမလုပ်ဘူး မာန်ကြီး . . .၊ အဲဒါ ငါ့ရဲ့လူ့သားဂုဏ်သိက္ခာပဲ . . ."

သူ့လေသံက ပြတ်သားလွန်းလှ၏။ မာန်ထက်သာ မျက်နှာတစ်ချက်ပျက်သွားပေမယ့်၊ သူက ပုံမှန်ဖြစ်အောင် အမြန်ဆုံးပြန်လည်ထိန်းသိမ်းလိုက်ပါသည်။ ကိုတိုးနှင့် မာန်ထက်သာတို့ကြားမှာ ထိုင်နေသော စာရေးဆရာအိမ်ခြေ (လူနေအိမ်ခြေမဟုတ်ပါ) က ထိုအခြေအနေကို တစ်ခြားခေါင်းစဉ်တစ်ခုအောက်သို့ လှလှပပ ဆွဲခေါ်သွားနိုင်ခဲ့၏။ အိမ်ခြေက မာန်ထက်သာကို . . .

"မာန်ကြီးရာ . . . ကျော်ကျော့်ကို မင်းက သရဲတစ္ဆေဝတ္ထုတွေ ရေးခိုင်းနေတယ်၊ ဟုတ်လား၊ ကျော်ကျော်က အိမ်မှာ ကိုယ်တိုင်သရဲတွေ မွေးထားတာကွ၊ သူ့အိမ်မှာ လိုက်အိပ်တုန်းက ငါတို့တောင်အခြောက်ခံခဲ့ဖူးသေးတယ်"

"ဟင် . . ."

"တကယ် . . ."

"တကယ်ပေါ့၊ မင်းတို့မယုံရင် ကျော်ကျော့်အခန်းကို တစ်ခေါက်လောက် လိုက်အိပ်ကြည့်လိုက်ပါလား"

လုံးဝကွက်တိ အပိုင်ကြီးပြောနေသော အိမ်ခြေစကားကြောင့်

www.burmeseclassic.com

www.burmeseclassic.com



မာန်ထက်သာဆိုသည့် ဝေါ်မှာ သွေးဖျက်သွားပုံရသည်။ မာန်ထက်သာ (ခေါ်) ဒုက္ခနတ်သားလေးက သူ၏သူရသတ္တိကြီးမားမှုကို ယခုကဲ့သို့ ဖော်ပြနေပြန်၏။

"ဟာ . . . တကယ်ခြောက်တာဆိုရင်တော့ မအိပ်ရဲပါဘူး ကွာ၊ ကိုယ့်ဟာကိုယ် သရဲဝတ္ထုရေးရင်တောင် နေ့ခင်းကြောင်တောင်ကြီးကို ဘေးမှာအဖော်ခေါ်ထားပြီး ရေးတာ . . .၊ သရဲခြောက်တဲ့အိမ်မှာ လိုက်အိပ်ဖို့မပြောနဲ့၊ ညဘက်ဆို လုံးဝစာမရေးဘူး၊ သဘောပေါက်လား"

လွန်စွာမှ ရဲရင့်ခမ်းနားလွန်းလှသော နာမည်ကျော် ဒုက္ခနတ်သားပင်တည်း။ အားလုံးက ဝိုင်းရယ်ကုန်ကြသဖြင့် သူလည်း ရောယောင်ပြီး အရှက်ပြေ လိုက်ရယ်နေလေသည်။ ရယ်လို့ဝသွားတော့ သူက ဝန်ခံစကားဆိုပြန်သည်။

"အဟီး . . . ဟုတ်တယ်ကွ၊ ငါက ဘယ်လိုပြောမလဲကွာ၊ ငယ်ငယ်လေးထဲက တစ်ခုခုကို ကြောက်တတ်တဲ့ အကျင့်ရှိတယ်၊ အဲဒီအကျင့်က စွဲနေပြီ၊ ဒါပေမယ့် မင်းတို့ ကျော်ကျော့်အိမ်မှာ ကြုံခဲ့ရတာလေးတွေ ပြောပြစမ်းပါ၊ ငါလည်း ရေးတွက်ရတာပေါ့"

မာန်ထက်သာ၏ စကားအဆုံး၌ အိမ်ခြေက တစ်ဝိုင်းထဲထိုင်နေသော ကဗျာဆရာဝိုင်ချို့နှင့် သစ္စာပိုင်စိုးတို့ဆီ တစ်ချက်လှမ်းရှိုးလိုက်သည်။ ကျော်ကျော့်အိမ်မှာ ဟိုတစ်ခါ အခြောက်ခံရတုန်းကလည်း ဝိုင်ချို့နှင့် သစ္စာပိုင်စိုးတို့ပါသည်။ အဲဒီတုန်းက ကျော်ကျော့်



ဆီကို သူတို့သုံးယောက်သည် ညအိပ်ဧည့်သည်များအဖြစ် လိုက်ပါသွားကြခြင်းဖြစ်၏။ သုံးယောက်သား မျက်လုံးချင်း အချက်ပြလိုက်ပြီးနောက် ဝိုင်ချို့က စပြောလိုက်ပါသည်။

"မင်းလည်း ဘက်စ်ဆဲလားတစ်ယောက်ပဲ မာန်ကြီးရာ . . .၊ အဲဒီလိုအကြောင်းတွေက ဒီဆိုင်မျိုးမှာ ပြောပြလို့ သိပ်အဆင်မပြေလှဘူးလေ၊ သဘောပေါက်တယ် မဟုတ်လား၊ ဒါကလည်း မင်းဂုဏ်သိက္ခာအတွက် ပြောတာပါ"

စူပါစတား ဒုက္ခနတ်သားက ဝိုင်ချို့၏ သွယ်ဝိုက်ကမ်းလှမ်းမှုကို အလွယ်တကူပင် သိလိုက်၏။

"အိုကေ . . . ပေါက်ပြီ၊ ပေါက်ပြီ၊ အဲဒါဆိုလည်း သွားကြတာပေါ့၊ ကဲ . . . လက်ဖက်ရည်ဖိုးရှင်းမယ်"

မာန်ထက်သာတို့က ဒီလိုကိစ္စမျိုးဆို ပြတ်ပြတ်သားသားဆုံးဖြတ်ပြီးသား . . .။ ထိုသို့ဖြင့် သူတို့တွေ လက်ဖက်ရည်ဆိုင်မှ ရွေ့ရန်ဖြစ်လာ၏။ ကိုတိုးက သူတို့နှင့် မလိုက်တော့ဟု ငြင်းကာ လမ်းခွဲသွားသည်။ ဆေးခန်းသို့ ချိတက်မည့် အသည်းကွဲလူနာတွေကို စာရင်းချုပ်လိုက်တော့ စာရေးဆရာသုံးယောက် (ကျော်ကျော် (ခေါ်) ကျော်စွာမင်း၊ အိမ်ခြေ၊ မာန်ထက်သာ (ခေါ်) ဒုက္ခနတ်သား (ခေါ်) ဒုက္ခချိုချို) နှင့် ကဗျာဆရာနှစ်ယောက် (ဝိုင်ချို့၊ သစ္စာပိုင်စိုး) စုစုပေါင်းငါးယောက် ဖြစ်ကြသည်။

သူတို့ဝိုင်းမှ တစ်ဦးတည်းသော ထုတ်ဝေသူကိုတိုး (ဝက်

www.burmeseclassic.com



သုံးကောင်စာပေ) တစ်ယောက် ဒီလိုအချိန်၌ အိမ်ပြန်ဦးမည်မဟုတ် . . .။ ဧကန္တတော့ ထုတ်ဝေသူပီပီ (၃၉) လမ်းမှ သမီးလေးတွေဆီ သွားပြီး စိတ်အပန်းဖြေဖို့ပဲ ဖြစ်ရမည်။

ဆေးခန်း (ဆေးခန်းဆိုတာ အရက်ဆိုင်ကို ယဉ်ကျေးမှုရှိအောင် ခေါ်ဝေါ်သုံးစွဲခြင်း ဖြစ်၏။) ရောက်တော့ အိမ်ခြေကပဲ အစစအရာရာကို ဦးဆောင်၍ မှာကြားနေရ၏။ ကျော်ကျော်က ထူးခြားစွာ ငြိမ်သက်လျက်ရှိသည်။ သောက်ဖို့၊ စားဖို့ (မြည်းဖို့) တွေ စားပွဲပေါ် ရောက်လာသောအခါ မာန်ထက်သာက . . .

"ကဲ . . . လုပ်စမ်းပါဦး၊ ကျော်ကျော့်အိမ်မှာ မင်းတို့ သရဲ အခြောက်ခံခဲ့ရတဲ့ အတွေ့အကြုံလေးကို . . ."

မာန်ထက်သာ စကားအဆုံးတွင် အိမ်ခြေက သစ္စာပိုင်စိုးကို မေးတစ်ချက်ဆတ်ပြလိုက်ပါသည်။ သဘောက "မင်းပြောပြလိုက်" ဟု အဓိပ္ပါယ်ရ၏။ သစ္စာပိုင်စိုးမှာ မငြင်းသာတော့ပေ။

"ဒီလိုကွ . . ."

ထိုသို့ သစ္စာပိုင်စိုးက အစချီလာ၏။ သူ၏ချစ်မြတ်နိုးလှစွာသော အရိပ်မလေးကို မတွေ့ခဲ့သဖြင့် စိတ်ပျက်နေသည့် ကျော်ကျော် တစ်ယောက် ကျိတ်၍ပြုံးလိုက်သည်။ သစ္စာပိုင်စိုးမှာ စကားဝိုင်းကို ဦးဆောင်လျက် ရှိပါသည်။

* * * *

။ ၆ ။

အဲဒီညက သူငယ်ချင်းသူတို့လေးယောက် အပြင်မှာ သောက်စားမူးယစ်ကြရင်း ညဉ့်နက်သွားသဖြင့် တစ်ယောက်ထဲသမား ကျော်ကျော်အိမ်သို့ လိုက်အိပ်ရန် အစီအစဉ် ဖြစ်လာသည်။ မအိပ်ခင် လွှတ်လွှတ်လပ်လပ် စကားစမြည်လေးပြောကာ ဆက်သောက်ဖို့ ဝါဆယ်ဆွဲလာခဲ့ကြသေး၏။

ဘယ်ဆိုင်မှာမဆို၊ ဘယ်သူ့အိမ်မှာဖြစ်ဖြစ် . . . အရက်ဝိုင်းဆို တွေ့မရှောင် လိုက်သောက်တတ်သည့် ဝိုင်ချိုမှာ အခုလည်း သူ့ထုံးစံအတိုင်း မူးပြီး ဘာတွေလျှောက်ပြောနေမှန်းကို မသိတော့၊ အိမ်ကို နှစ်ကြိမ်၊ သုံးကြိမ်ခန့် ရောက်ဖူးသော်လည်း သစ္စာပိုင်စိုး

www.burmeseclassic.com

www.burmeseclassic.com



သည် ကွမ်းကိုကြိတ်ဝါး၍ ကျော်ကျော့်အခန်း အနေအထားကို အကဲခတ်လေ့လာနေပြန်၏။ အိမ်ခြေက ဟိုဟိုသည်သည်ကို မျက်စိကစားကြည့်နေပြန်သည်။ သူတို့လေးယောက်စလုံး ဆိုင်မှာထဲကပင် အတော်လေး ရေချိန်ကိုက်လာခဲ့ကြပြီးပြီ။

မူးနေသူချင်းအတူတူ ဝိုင်ချိုထက် သစ္စာပိုင်စိုးက ပိုစည်းကမ်းရှိသည်။ စကားကိုလည်း ပရမ်းပတာမပြောဘဲ သတိလေးနှင့်ပြောတတ်၏။ အိမ်ရှင်ကျော်ကျော်ကတော့ ဝိုင်ချိုဗလုံးဗထွေးနှင့် လျှောက်ပြောသမျှတွေကို မကြားချင်ယောင်ဆောင်လျက် ရှိပါသည်။ အဲဒါကိုတောင် ဝိုင်ချိုက ကျော်ကျော့်နာမည်ကိုခေါ်၍ စကားတွေ လိုက်ပြောနေသေး၏။

"ကျော်ကျော်ရာ . . . မင်းဒီလိုတစ်ယောက်တည်းနေရတာ အထီးကျန်မဆန်ဘူးလား"

အိမ်ရှင်ဆိုတော့ ကျော်ကျော်က ဝိုင်ချိုကို အလိုက်အထိုက်လေး ပြန်ပြောလိုက်ရသည်။ လူမှုရေးက ရှိသေးသည် မဟုတ်ပါလား။

"ဟ . . . အထီးကျန်ပဲပေါ့ကွ၊ ငါ့ကိုမှ ကြိုက်တဲ့မိန်းကလေး မရှိသေးတာ . . ."

"မဟုတ်သေးဘူးလေ၊ မင်းအမျိုးတွေ၊ ဘာတွေထဲက တစ်ယောက်ယောက်ကို ခေါ်ထားပါလားလို့ ပြောတာပါ"

ကျော်ကျော် ဘာမှပြန်မပြောရသေးမီ၊ အိမ်ခြေက တအံ့



ဩဟန်ဖြင့် ဝင်မေးလိုက်တော့သည်။

"နေစမ်းပါဦး . . .၊ ဆွေမျိုးတွေကို ခေါ်ထားဆိုတော့ ကျော်ကျော့်မိဘတွေ၊ ညီအစ်ကိုမောင်နှမတွေက ဘယ်ရောက်နေလို့လဲ"

ထိုမေးခွန်းကြောင့် တစ်ချိန်လုံးငြိမ်နေသော သစ္စာပိုင်စိုးက ကျော်ကျော်ကို အားနာစွာ တစ်ချက်ကြည့်ကာ . . .

"ကျော်ကျော့်မှာ တစ်မိသားစုလုံး မရှိတော့ဘူးလေ အိမ်ခြေရ . . ."

"ဟာ . . . ဆောရီးနော်၊ ကျော်ကျော် . . . ငါကမသိလို့ . . . ဆောရီး . . ."

စာရေးဆရာအိမ်ခြေသည် သူတို့တွေလို ရန်ကုန်ကမဟုတ် . . .။ တောင်ကြီးမှ ရန်ကုန်သို့တက်လာတာ ခြောက်လခန့်မျှသာရှိသေးသဖြင့် ကျော်ကျော့်မိသားစုအကြောင်း မသိသေးပေ။

ကျော်ကျော်က တောင်းပန်နေသော အိမ်ခြေကို ဖြေးဖြေးလေး ပြုံးပြရင်း . . .

"ရပါတယ် အိမ်ခြေရာ၊ ပြဿနာမရှိပါဘူး"

"အေးကွာ . . . ငါတကယ် စိတ်မကောင်းဘူး၊ ဘယ်လိုများ ဖြစ်ရတာလဲ ကျော်ကျော်ရာ"

သစ္စာပိုင်စိုးလည်း မနေသာတော့ဘဲ ကျော်ကျော့်တို့မိသားစုအကြောင်းကို အတိုချုပ်၍ ပြောပြလိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီကောင်တွေ မိသားစုက စုစုပေါင်းငါးယောက်ပေါ့၊ ကျော်ကျော့်မှာ အစ်ကိုနှစ်ယောက်ရှိတယ်၊ ကျော်ကျော့်အမေက အငယ်ဆုံးသားဖြစ်တဲ့ ကျော်ကျော့်ကို မွေးပြီးပြီးချင်းပဲ ဆုံးသွားခဲ့တာ . . .၊ ဒီကောင်အရွယ်ရောက်လို့ စာရေးဆရာပေါက်စဘဝမှာပဲ သူ့အဖေရော၊ အစ်ကိုနှစ်ယောက်စလုံးပါ ကားအက်စီးဒင့်ဖြစ်တာ၊ အားလုံးပွဲချင်းပြီး ဆုံးသွားခဲ့ကြတယ်၊ အဲဒီကထဲက ဒီကောင်လည်း တစ်ကောင်ကြွက်ဘဝရောက်ခဲ့တာ ဆိုပါတော့ကွာ"

"ဩော် . . . ဒီလိုလား"

သစ္စာပိုင်စိုးစကားအဆုံးတွင် အိမ်ခြေသာမက သူငယ်ချင်းတွေ အကုန်လုံး၏ မျက်နှာပေါ်၌ ဝမ်းနည်းခြင်းနှင့် စာနာမှုတို့ ရောယှက်ပေါင်းစပ်လို့ သွားကြ၏။ အယ်လ်ကိုဟောဓါတ်ကလည်း သူတို့၏ခံစားမှုကို ပိုမိုအရှိန်မြင့်လာအောင် ကူညီအားပေးလျက်ရှိသည်။ အနုပညာသမားများဖြစ်သောကြောင့် စိတ်ခံစားချက်တွေက ထိလွယ်ရှလွယ်တတ်ကြ၏။ (ဝိုင်ချိုဆို ဒီလိုကိစ္စမျိုးမှာ ဘာမဆိုင်၊ ညာမဆိုင် ဝင်ငိုလေ့ရှိသည်။) ထိုအချက်ကိုသိသော ကျော်ကျော်သည် သူငယ်ချင်းတွေ ဇာတ်ရှိန်တက်မလာခင် အခြေအနေကို ဖော့ပစ်လိုက်သည့် အနေနှင့် . . .

"အဲဒါတွေက ပြီးခဲ့ပါပြီ၊ ထားလိုက်ပါတော့ . . .၊ ငါ့အဖေနဲ့ အစ်ကိုတွေ လူ့လောကမှာ မရှိတော့ဘူးဆိုပေမယ့် ငါ့အတွက်တော့ ရှိနေသေးသလိုပါပဲ"



သူ့အပြောကြောင့် အားလုံးခေါင်းထောင်သွားကြတော့သည်။

"ဟေ . . ."

"ဘယ်လို . . . ဘယ်လို . . ."

ဝိုင်ချိုက မူးမူးဖြင့် . . .

"ဘာလဲ . . . နှစ်တွေကြာလာပေမယ့် မင်းက မေ့မရသေးဘူးဆိုတဲ့ သဘောလား"

"အေး . . . မေ့မရသေးတာတင် မဟုတ်ဘူး၊ မေ့ကိုမမေ့တာ . . .၊ ငါ့အဖေနဲ့ အစ်ကိုတွေက ငါနဲ့ဒီမှာအတူတူ ရှိနေတုန်းပဲ၊ ငါ့ကိုလည်း ဟိုတုန်းကလို ကူညီစောင့်ရှောက်နေကြတုန်းပဲကွ"

ဒီတစ်ခါတော့ ဝိုင်ချိုတစ်ယောက် အမူးပြေသွားပုံရသည်။

"ဘာဖြစ်တယ် . . . ဘာဖြစ်တယ်"

မယုံသင်္ကာဟန်ဖြင့် မေးနေသော ဝိုင်ချို့အမေးစကားအား သူက . . .

"ဟုတ်တယ်ကွ၊ ငါပြောရင် မင်းတို့ယုံချင်မှယုံမှာ . . .၊ ငါ့အဖေရော၊ အစ်ကိုနှစ်ယောက်စလုံးရောဟာ အခုချိန်ထိ ဒီအိမ်မှာရှိပြီး ငါ့ကိုစောင့်ရှောက်နေတုန်းပဲ"

"မဖြစ်နိုင်တာကွာ၊ သူတို့က ဆုံးသွားပြီပဲ၊ ဘယ်လိုလုပ်မင်းအိမ်မှာရှိနေပြီး မင်းကိုစောင့်ရှောက်လို့ရမှာလဲ"

ကျော်ကျော်က တစ်ယောက်ထဲ တိတ်ဆိတ်လျှို့ဝှက်စွာ

www.burmeseclassic.com

www.burmeseclassic.com



ပြုံးလိုက်ပြီး . . .

"အင်းလေ . . . မင်းတို့မယုံလည်းနေပေါ့၊ ငါက အမှန်ကို
ပြောတဲ့ဥစ္စာ . . ."

ဝိုင်ချိုမှာ နောက်ကျောမလုံသလို ပတ်ဝန်းကျင်ကို တစ်
ချက်ဝေ့ကြည့်ပြန်၏။ အိမ်ခြေလည်း ငြိမ်နေရာမှ . . .

"မင်းအဖေနဲ့ အစ်ကိုတွေက မင်းပြောသလို ဒီအိမ်မှာရှိနေ
တယ်ပဲ ထားပါတော့၊ မင်းကို ကူညီစောင့်ရှောက်တယ်ဆိုတာ ဘယ်
လိုမျိုးကူညီတာလဲ၊ ပြီးတော့ သူတို့ ဒီအိမ်မှာ ရှိနေတာကို မင်းက
ဘယ်လိုသိနိုင်သလဲ"

စကားဝိုင်းမှာ ခဏမျှတိတ်ဆိတ်သွားပါသည်။ ဝိုင်ချိုနှင့်
သစ္စာပိုင်စိုးတို့က လက်ကျန်အရက်ခွက်တွေကို အပြတ်ဖြတ်ပစ်လိုက်
ကြ၏။ သူတို့အားလုံးသည် ကျော်ကျော်ဆီမှ အဖြေစကားကို စိတ်
ဝင်စားစွာ စောင့်စားလျက်ရှိသည်။ ကျော်ကျော်က စတင်ပြော
လေ၏။

"ဒီလိုကွ . . . ငါ့အဖေက ဒီအိမ်ရဲ့လုံခြုံရေးကို စောင့်ရှောက်
တယ်ဆိုပါတော့ . . . ၊ တစ်ခါတစ်လေ ငါဟိုနားဒီနားသွားတဲ့အခါ
ခဏလေးပဲဆိုပြီး တံခါးကို စေ့ရုံပဲစေ့ခဲ့တာမျိုး ရှိတယ်၊ အဲဒါကို
အကွက်ချောင်းနေတဲ့ အလစ်သမားတွေက ပိုင်ပြီဆိုပြီး ငါ့အိမ်ထဲ
ဝင်မယ်တော့ မကြံလေနဲ့၊ ငါ့အဖေက အပေါက်ဝကနေ လက်သီးနဲ့
ဆီးကျွေးလိမ့်မယ်၊ ဒီအိမ်ကို ငါမပါဘဲ သူစိမ်းတွေ ဝင်လို့မရဘူး



ကွာ"

သူ့စကားခဏနားခိုက်မှာ အိမ်ခြေနှင့် ဝိုင်ချိုတို့က ကျော
ချမ်းသလို ပခုံးကိုယ်စီတွန့်၍ နောက်တစ်ခွက်စီ ထပ်မော့လိုက်ကြ
ပြန်၏။ သစ္စာပိုင်စိုးက အမြည်းတစ်ဖတ်ကို နှိုက်စားရင်း . . .

"မင်းအစ်ကိုတွေကရော . . ."

"အစ်ကိုလေးက ဒီအိမ်ရဲ့ဝေယျာဝစ္စတွေ ဝိုင်းလုပ်ပေးတယ်၊
ငါမရှိတုန်း မီးလာရင် သူက ရေတင်ပေးထားတယ်၊ ပန်းကန်ဆေး
တယ်၊ တံမြက်စည်းလှည်းဖေးတယ် . . . စသဖြင့်ပေါ့ကွာ၊ အဲ . . .
အစ်ကိုကြီးကျတော့ တစ်မျိုးကွ . . ."

"ဘယ်လိုတစ်မျိုးလဲ၊ ပြောစမ်းပါဦး"

"ငါတို့မိသားစုထဲမှာ အစ်ကိုကြီးက စာပေသမားကွ၊ ငါအခု
လို စာရေးဆရာတစ်ယောက်ဖြစ်လာတာ အစ်ကိုကြီးကျေးဇူးတွေ
အများကြီးပါတယ်၊ ငါ့ကို စာဖတ်ဝါသနာပါလာအောင် သူပဲ လုပ်
ပေးခဲ့တာ . . . ၊ ဘယ်စာအုပ်တွေဖတ်၊ ဘယ်စာအုပ်က ဘယ်လို
ဆိုပြီး သူက လမ်းညွှန်ပေးတယ်၊ နောက်တော့ ငါလည်း တဖြေးဖြေး
နဲ့ ကိုယ့်ဘာသာကိုယ် ရွေးချယ်တတ်လာတယ်ဆိုပါတော့"

သူပြောနေတာကို စိတ်မရှည်နိုင်ဘဲ အိမ်ခြေက . . .

"ဟုတ်ပါပြီ . . . အဲဒီမင်းအစ်ကိုကြီးက မင်းကို ဘယ်လို
ကူညီစောင့်ရှောက်ပေးသလဲ"

"အစ်ကိုကြီးက ငါ့ကို ဝိုင်းကူပြီး စာရေးပေးတယ်"

www.burmeseclassic.com

www.burmeseclassic.com



ကျော်ကျော်က နောက်ဆုံးပိတ်အနေနှင့် အပိကြီး ပြောချပစ်လိုက်၏။ သူတို့တွေအားလုံးဆီမှ "ဟေ" ဆိုသည့် အာမေဋိတ်သံကြီးက တညီတညွတ်ထဲ ထွက်ပေါ်လာလေသည်။ ကျော်ကျော့်မျက်နှာကလည်း ခပ်တင်းတင်းမို့ အတည်ပေါက်ပြောနေမှန်း ထင်ရှားလှ၏။ မူးမူးနှင့် ထွေနေရာမှ ကြောက်စိတ်က အနည်းငယ် စဝင်လာ၏။

သစ္စာပိုင်စိုးဆို သိသိသာသာကြီး မျက်စိ၊ မျက်နှာပျက်နေလေပြီ။ ဝိုင်ချိုက သူ့ကို . . .

"မင်းအဲဒီလိုမူးပြီး လျှောက်လျှောက်မပြောနဲ့ ကျော်ကျော်ရာ၊ ငါမှာ ကျောထဲကို စိမ့်သွားတာပဲ"

"ရော် . . . ခက်နေပါပြီကွာ၊ ကဲ . . . မင်းတို့ ငါပြောတာမယုံရင် စောင့်ကြည့်လိုက်ပါ၊ ငါ့ဆန္ဒမပါဘဲနဲ့ ဒီအိမ်မှာ မဟုတ်တာတစ်ခုခုလုပ်ကြည့်လေ၊ ငါပြောတာ ဟုတ်၊ မဟုတ် တန်းသိသွားလိမ့်မယ်"

ကြောက်တတ်သော ဝိုင်ချိုက . . .

"အဲဒီလိုတော့ မနောက်ပါနဲ့ သူငယ်ချင်းရာ"

အကြောက်လွန်နေသော ဝိုင်ချိုကို အိမ်ခြေက ရဲဆေးတစ်ခွက်ထပ်တင်ရင်း၊ အားပေးစကားပြောလိုက်ပါ၏။

"မင်းကလည်း ကြောက်တတ်လိုက်တာ ဝိုင်ချိုရာ၊ ကျော်ကျော်က မင်းကြောက်တတ်မှန်းသိလို့ တမင်စနေတဲ့ဟာကို . . .



ယောက်ျားမဟုတ်တာ ကျနေတာပဲ"

ကျော်ကျော်က အိမ်ခြေစကားကို အသာလေးပဲ ပြုံးနေလိုက်သည်။ နောက် . . . သိပ်မကြာမီအချိန်၌ သူတို့တွေလည်း မူးမူးနှင့် အိပ်ငိုက်လာကြ၏။ တစ်ခဏအတွင်း အရက်ဝိုင်းနားမှာပင် သူတို့အားလုံး အိပ်ပျော်လို့သွားကြတော့သည်။

* * * *

ညပိုင်းလောက်က နင်းကန်သောက်ထားသဖြင့် ရေငတ်နေသော သိစိတ်နှင့်အတူ သစ္စာပိုင်စိုးတစ်ယောက် တစ်ရေးနိုးလာခဲ့၏။ အသာလူးလဲထ၍ ညက စားသောက်ထားသည့် ပန်းကန်ခွက်ယောက်များကို ကျော်ခွကာ ရေခဲသေတ္တာဆီ ဇမ်းတဝါးဝါးလေးလျှောက်သွားပြီး ရေသောက်သည်။ ရေတစ်ဗူးလုံးနီးပါး မော့သောက်လိုက်မှ နေသာထိုင်သာရှိသွားတော့၏။ နောက် . . . သူအိပ်စက်ခဲ့သည့် ဧည့်ခန်းသို့အပြန်မှာ ကျော်ကျော့်စာအုပ်စင်ကြီးအနီးမှ ဖြတ်လျှောက်သွားရသည်။ ညအိပ်မီးဆီမှ ပြာလဲ့လဲ့ အလင်းရောင်က စာအုပ်စင်ပေါ် ဖြာကျလျက်ရှိ၏။

ထိုအခိုက် တစ်စုံတစ်ရာကို သတိရမိပြီး သစ္စာပိုင်စိုး၏ ခြေလှမ်းတွေ တုံ့ခနဲရပ်တန့်သွား၏။ ဒီစာအုပ်စင်ပေါ်တွင် သူအလွန်လိုချင်သော ရှားပါးစာအုပ်နှစ်အုပ်ရှိသည်။ အရင်ကဆို ကျော်ကျော်

www.burmeseclassic.com

www.burmeseclassic.com



ဆီမှ စာအုပ်ငှားဖတ်၍ရသော်လည်း၊ တစ်ခါဦ နတ်နွယ်၏ "မြန်မာပြည်မြောက်ပိုင်း" စာအုပ်ကို ဖျောက်ပစ်လိုက်မိသည့်အတွက် ကျော်ကျော်က သူ့ဆို မငှားတော့ပေ။

ဒါပေမယ့် အခုသူ့မှာ အခွင့်အလမ်း ပေါ်လာလေပြီ။ စာအုပ်အနှောင့်တွေကို မျက်လုံးအားစိုက်ပြီး ရှာဖတ်ကြည့်လိုက်တော့ သူလိုချင်နေသည့် သိန်းဖေမြင့်၏ "တက်ဘုန်းကြီး" စာအုပ်ကို စင်အပေါ်ဆုံး ညာဖက်ထောင့်နားမှာ တွေ့ရသည်။ ရန်ကုန်ဘဆွေ၏ "နန်းဟာဘီး" စာအုပ်ကိုမူ ရှာမရသေး။ လောလောဆယ်တွေ့တာကို အရင်ယူထားမည်ဟု ဆုံးဖြတ်လိုက်ကာ၊ ထိုင်ခုံတစ်လုံးကို အသံမမြည်အောင် စာအုပ်စင်နားသို့ နေရာရွှေ့လိုက်ပါသည်။

နောက် . . . သူက ခုံပေါ်ကိုတက်ပြီး လက်လှမ်းလိုက်၏။ စာအုပ်ကို ရလု၊ ရခင် အချိန်လေးမှာပင် . . .

"ဟာ . . ."

"ဒုန်း . . ."

ရုတ်တရက်ကြီး မည်သို့မည်ပုံ ဖြစ်သည်မသိ။ တစ်စုံတစ်ယောက်က သူနင်းထားသော ထိုင်ခုံကို ဆွဲယူလှဲပစ်လိုက်သလိုဖြစ်ပြီး သစ္စာပိုင်စိုးတစ်ယောက် ခွေးကျ,ကျသွားလေတော့သည်။ နာကျင်လွန်းလှသော်လည်း မအော်ရဲသဖြင့် အောင့်အီးသည်းခံနေရရှာ၏။ ထိုစဉ်မှာပဲ အိပ်ခန်းထဲတွင် အိပ်နေသည့် ကျော်ကျော်ထံမှ လှုပ်လှုပ်ရှားရှားအသံတွေ ကြားရပြီး . . .



"အမေလား၊ အဲဒါ ကြွန်တော့်သူငယ်ချင်းတွေပါ။ သိပ်အရေးလည်း မစလိုက်နဲ့ဦး၊ တော်ကြာ လန့်သွားဦးမယ်"

ဘုရား၊ ဘုရား . . .။ သစ္စာပိုင်စိုးတစ်ယောက် လုံးဝကြက်သီးဖြန်းဖြန်း ထလို့သွားသည်။ ကျော်ကျော်လေသံမှာ နောက်ပြောင်နေသံမဟုတ် . . .။ ညဘုန်းက အရက်ဝိုင်းမှာ ဒီကောင်ပြောနေတာ တကယ်များလားဟု တွေးမိပြီး ကြောက်စိတ်က ယယ်ထိပ်အထိရောက်လာ၏။ သစ္စာပိုင်စိုးလည်း အိမ်ရှေ့ဧည့်ခန်းသို့ အမြန်ပြေးကာ ဂိုင်ချိုနှင့် အိမ်ခြေတို့ နှစ်ယောက်ကြားထဲ တိုးဝင်ထိုးအိပ်ပစ်လိုက်သည်။ မျက်စိကို အတင်းဇွတ်မှိတ်ထားသဖြင့် မိုးလင်းခါနီးမှ သူ့ခမျာ အိပ်ပျော်သွားခဲ့၏။ မနက်ဝေလီဝေလင်း အချိန်လောက်ကျမှ ဂိုင်ချိုလည်း ဖျတ်ခနဲ နိုးလာပါသည်။ ဒီအချိန်အထိ ဧည့်သည်တွေက တစ်ဦးတစ်ယောက်မျှ မနိုးထကြသေး။ ဒါဖြင့် အိမ်ရှင်ကျော်ကျော်ကရော . . .။ အားလုံးအတူတူပဲ ဖြစ်ပေလိမ့်မည်။

ဂိုင်ချိုက ဆီးသွားချင်သော်လည်း နောက်ဖေးသို့ တစ်ယောက်ထဲ မသွားရဲချေ။ မြင်ကွင်းက သိပ်မသဲကွဲသေးသဖြင့် သူက ကျင့်သားရအောင် ပတ်ဝန်းကျင်ကို စူးစိုက်ကြည့်နေမိသည်။ ဂိုင်ချိုလည်း တစ်စုံတစ်ခုကို သတိရမိပြီး "ဟင်" ခနဲ ဖြစ်သွား၏။

အကြောင်းမှာ ညတုန်းက သူတို့အုပ်စု စားသောက်ထားသော ပန်းကန်ခွက်ယောက်တွေကို တစ်ယောက်ယောက်က သိမ်းဆည်းသန့်ရှင်းထားသောကြောင့် ဖြစ်သည်။ ဟိုကောင်တွေကလည်း

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်မှ မထကြသေး။ ဒါဆို ဘယ်သူသိမ်းသွားသနည်း။ ဝိုင်ချို ကောင်းကောင်းဦးနှောက်စားသွားသည်။

ကျော်ကျော့်အခန်းထဲသို့ ထပြီး ချောင်းကြည့်လိုက်၏။ သကောင့်သားကျော်ကျော်မှာ ကုတင်ပေါ်တွင် ခွခေါင်းအုံးကြီးကို ဖက်၍ နှစ်ခြိုက်စွာ အိပ်မောကျနေဆဲ။ ဆီးသွားချင်လွန်းသဖြင့် နောက်ဖေးခန်းသို့ပ အရဲစွန့်ကာ သူထလာခဲ့ပါသည်။ ရုတ်တရက် မြင်ကွင်းတစ်ခုကြောင့် ဝိုင်ချို ကြက်သေသေသွားမိ၏။ သူမြင်လိုက်ရသည်မှာ လျှပ်စစ်မီးဖိုပေါ်တွင် အငွေ့တထောင်းထောင်းထနေသော ဆူပွက်ပြီးခါစ ရေနွေးခရားအိုးတစ်လုံး ဖြစ်လေသည်။

ဒါ . . . ဒါ . . . ဒါ . . . ဘယ်သူတည်ထားတာလဲ။

ညက ကျော်ကျော်ပြောသလို သူ့အစ်ကိုလေးကများ . . .။ အို . . . ဝိုင်ချိုဆက်မတွေးရဲတော့ . . .။ ဆီးသွားချင်နေတာတွေပင် ဘယ်လိုပျောက်သွားသည်မသိ။ အိမ်ရှေ့ခန်းဆီသို့ အမြန်ပြန်ပြေးကာ စောင်ကို ခေါင်းမူးခြုံပြီး ဝင်ကွေးနေလိုက်တော့သည်။

* * * *

မာန်ထက်သာ (ခေါ်) ဒုက္ခနတ်သားသည် သစ္စာပိုင်စိုး၏ ပြောပြချက်များအား ပါးစပ်အဟောင်းသားနှင့် တအံ့တသြ ဖြစ်နေရှာသည်။ ကျော်ကျော်ကတော့ လျှို့လျှို့ဝှက်ဝှက်လေးပြုံးရင်း အရက်



တွေကို တစ်ခွက်ပြီးတစ်ခွက် ဖိဖိစီးစီး သောက်လို့နေ၏။ တစ်ခြားဝိုင်းများဆီမှ ရယ်သံတွေက ဆိုင်အပြင်သို့ လွင့်ဝဲထွက်ကျလာ၏။

ညသည် တောက်ပစွာ နက်မှောင်လျက် ရှိပါသည်။

* * * *

www.burmeseclassic.com

www.burmeseclassic.com

။ ၇ ။

ကျော်ကျော့်စိတ်တွေက ကသိကအေ ဖြစ်နေ၏။ သူတွေ့ချင်လှသော အုရိုပ်မလေးနှင့် ပြန်ဆုံဖို့ကလည်း ဒီအတိုင်းဆို မလွယ်တော့ . . .။ သူမနှင့်ပတ်သက်သမျှ သမ်းစပျောက်နေလေပြီ။ ပေရယ်ကျောက်ဆည်မှ ပြန်ရောက်လာအောင် စောင့်မျှော်ရန်သာ ရှိတော့သည်။ Little Sweet လေးအကြောင်း တွေးမိတိုင်း သူ့မှာ ရင်မောရသည်။ ရင်မောရတာတွေ များလာတော့ တဖြေးဖြေးနှင့် စိတ်ဓါတ်ကျစပြုလာခဲ့၏။

ဒီနေ့သည် ကျော်ကျော့်အတွက် စိတ်ရှုပ်ထွေးမှုအပြည့်နှင့် သူ့ကို လွှမ်းဆွတ်သငေီရနေမိသော ထူးမခြားနား နေ့စွဲတစ်ခုပင်



ဖြစ်ပါသည်။ သူ့မှာ ထိုစိတ်နှင့် စာလည်းမရေးနိုင်၊ တစ်နေ့ရာထဲ၌လည်း ငြိမ်ငြိမ်သက်သက် နေလို့မရ၊ ဟိုဟာလုပ်ရမလို၊ ဒီဟာလုပ်ရမလို . . . နှင့် တစ်ယောက်ထဲ ယောက်ယက်ခတ်လျက်ရှိ၏။

လမ်းပေါ်မှာ သူက တစ်ကိုယ်တော် လျှောက်လမ်းနေ၏။ ဘယ်ဆီသွားရ၍ ဘယ်ကိုလာမည်ဟု ဦးတည်ချက်မထား . . .။ ခြေဦးတည့်ရာအရပ်မှာ အဆင်ပြေသလို ဝယ်စားသည်။ လမ်းလျှောက်ရတာ ညောင်းလာလျှင် တွေ့ရာကား (ဘတ်စ်ကား၊ တက္ကစီ) တစ်ခုခုကို တက်စီးကာ ခရီးဆက်၏။ ညမှောင်သည်အထိ တစ်နေ့ကုန်လျှောက်သွားပြီးမှ အိမ်သို့ပြန်ရောက်လာတတ်သည်။ ရန်ကုန်သည် ကျော်ကျော်အတွက် ဘယ်လိုသွားသွား ပြီးဆုံးခြင်းမရှိသော အရပ်ဒေသဖြစ်၍သာ တော်တော့သည်။

သူထိုသို့ လေလွင့်နေခဲ့ရာ လေးရက်မြောက်နေ့အရောက်တွင် ထူးခြားမှုတစ်ခုကို စတင်ကြုံတွေ့လိုက်ရ၏။ တခြားတော့မဟုတ် . . .။ သူဘတ်စ်ကားစီးလာစဉ် ဒဂုံစင်တာနားမှာ သူမကို လှမ်းမြင်လိုက်ရခြင်း ဖြစ်သည်။ ဘတ်စ်ကားသည် မြေနီကုန်းမှတ်တိုင်မှ ထွက်လာခဲ့ပြီဖြစ်၍ ဘာမှမတတ်နိုင်ဘဲ နောက်မှတ်တိုင်အထိ ရောက်အောင် ကျော်ကျော်ဆက်စီးလာခဲ့ရပါသည်။ သူမြေနီကုန်းကို ပြန်ရောက်တော့ သူမ (Little Sweet) လေးကို လုံးဝမတွေ့ရတော့ပေ။

ကျော်ကျော်တစ်ခု အမြတ်ထွက်သွားသည်မှာ သူမကို နောက်

www.burmeseclassic.com

www.burmeseclassic.com



နေ့များတွင် ထိုအနီးအနား၌ ဆက်လက်ရှာဖွေသွားရန် သဲလွန်စရ သွားခဲ့ခြင်း ဖြစ်လေသည်။

* * * *

နောက်တစ်နေ့မနက်စောစော အိပ်ရာနိုးသည်နှင့် ကျော်ကျော်က အရိပ်မလေးကို သွားရှာဖို့သာ ပြင်ဆင်နေတော့၏။ ဒီတစ်ခါ သူမကို သွားရောက်ရှာဖွေခိုက် သူဗိုက်ဆာလျှင် စားနိုင်အောင်၊ ရေဆာလျှင် သောက်သုံးနိုင်အောင် . . . စထွက်ကထဲက အဆင်သင့်ယူဆောင်သွားသည်။ အကယ်၍ သူဝမ်းရေးကို ဖြေရှင်းနေစဉ် သူမကို လက်လွှတ်သွားတာမျိုး လုံးဝအဖြစ်မခံနိုင်ပေ။ ထို့ကြောင့် သူ့အနေနှင့် ဒီလောက်အထိ ကြိုတင်ပြင်ဆင်နေရခြင်း ဖြစ်သည်။

ဝိရိယ၏ နောက်ဆက်တွဲအကျိုးဆက်ဟု ဆိုရမည်လား။ ကံကြမ္မာ၏ မျက်နှာသာပေးမှုဟု ပြောရမည်လား . . . မသိ။ ထိုနေ့က သူမကို ဒဂုံစင်တာရှေ့မှာ သူတကယ်ပင် ရှာဖွေတွေ့ရှိသွားခဲ့ပါသည်။ ဧပရယ်မပါဘဲနှင့် သူတို့နှစ်ယောက် ပထမဆုံးအကြိမ် တွေ့ဆုံမိခြင်းလည်း ဖြစ်၏။ အချိန်ကား နေ့လယ်တစ်နာရီဝန်းကျင်ခန့် ရှိပြီဖြစ်သော်လည်း နေရောင်ခြည်မရှိဘဲ မိုးသားများ အုံ့မှိုင်းလျက်ရှိသည်။

သူမသည် သူ့လိုပင် တစ်ယောက်ထဲဖြစ်ပါသည်။ ကျော်ကျော်



က မျက်နှာချင်းဆိုင် အနေအထားမှ မတော်တဆ တွေ့သွားဟန်မျိုးဖြင့် သူမအား နှုတ်ဆက်လိုက်၏။

"ဟိတ် . . . မိုးနွယ်၊ ဒါက ဘယ်လဲ . . . တစ်ယောက်ထဲသွား"

သူမက ကျော်ကျော့်ကို ချက်ချင်းမမှတ်မိဘဲ အနည်းငယ်ကြောင်တက်တက်ပုံစံနှင့် ကြည့်နေပြန်သည်။ သူက ထပ်မေးလိုက်၏။

"ဘာလဲ . . . မိုးက ကျွန်တော့်ကို မမှတ်မိဘူးလား"

"ဟို . . . ဟို . . . ဟိုလေ . . . "

"ဧပရယ်တို့ အောက်ထပ်မှာ နေတဲ့လူလေ"

"ဩော် . . . ဟုတ်သားပဲ၊ စာရေးဆရာကြီးကို . . . ၊ လူ နာမည်က ကိုကျော်ကျော် . . . မဟုတ်လား"

အခုမှပဲ သူ့မှာ ရင်အေးသွားရသည်။ ကျော်ကျော်က ကျေ ပ်စွာ တစ်ချက်ပြုံးလိုက်ရင်း . . .

"တော်ပါသေးရဲ့၊ မှတ်မိပေလို့ . . . "

"အာ . . . အဲဒီလို မဟုတ်ပါဘူး၊ မိုးက ရုတ်တရက်ကြီး ဆိုတော့ ကြောင်သွားလို့ပါ"

"အင်း . . . ထားပါတော့၊ ဒါနဲ့ မိုးကို ကျွန်တော်လိုက်ရှာနေတာ လေး၊ ငါးရက်လောက် ရှိနေပြီ"

သူ့စကားကြောင့် သူမမျက်နှာပေါ်မှာ အံ့ဩရိပ်တွေ ဖြတ်

www.burmeseclassic.com

www.burmeseclassic.com



ပြေးသွား၏။ နှုတ်မှလည်း . . .

"သြော် . . . ဟုတ်လား၊ ကိုစွက . . ."

ကျော်ကျော်က သူတို့နှစ်ယောက် လူငွေကြားမှာ မတ်တပ်ကြီး ရပ်ပြောနေရသည့်အဖြစ်ကို ရုတ်တရက် သတိရသွားပြီး . . .

"ကိုစွက ဖြေးဖြေးပြောတာပေါ့၊ အခုလောလောဆယ် ကျွန်တော်တို့ တစ်နေရာရာမှာ ခဏလောက် ထိုင်ရအောင် . . ."

"အင်း . . . ကောင်းသားပဲ"

ဒီလိုနှင့် သူတို့နှစ်ယောက်သား "Ice" ဆိုသော ဆိုင်လေးဆီသို့ ရောက်ရှိလာခဲ့ကြသည်။ စားပွဲထိုးကောင်မလေးကို သူမက "ချောကလက်မစ်ရှိတ်နှစ်ခွက်" ဟု မှာလိုက်၏။ ဒါကို ကျော်ကျော်က-

"ကျွန်တော်က ချောကလက်မစ်ရှိတ် မဟုတ်ဘူး၊ သခွားမွှေးသောက်မှာ . . ."

"အေးလေ . . . အခု ဘယ်သူကရော ကိုကျော်ကျော်ကို ချောကလက်မစ်ရှိတ် သောက်ခိုင်းနေလို့လဲ"

"မိုးပဲ နှစ်ခွက်ဆိုပြီး မှာလိုက်ပြီးတော့ . . ."

"ဟုတ်တယ်လေ . . . နှစ်ခွက်စလုံး မိုးဘာသာမိုး တစ်ယောက်ထဲသောက်မလို့ မှာတာပဲဥစ္စာ . . ."

"အမ် . . ."

သူမ၏စကားကြောင့် ကျော်ကျော်လည်း ရှက်သွားရပြန်သည်။ သူရှက်သွားတာကိုကြည့်၍ သူမက တခစ်ခစ် ရယ်နေသေးတော့သည်။ ကျော်ကျော်လည်း လိုက်ရယ်မိ၏။ လူကြီးရှက်တော့ ရယ်ဆိုတဲ့စကား တယ်မှန်ပါလား။ ဒါပေမယ့် ရယ်နေလို့ချည်း မပြီးသေး . . .။ ပြောစရာရှိတာကို ပြောရပေဦးမည်။ သူ့အတွက် ဘာမှ မမှာရသေးမီ စားပွဲထိုးမလေးက ထွက်သွား၏။ နှစ်ခွက်ဆိုတော့ စားပွဲထိုးမလေးက မှာလို့ပြီးပြီ ထင်ပေမပေါ့။ ကျော်ကျော်သည် မျက်နှာကို ခပ်တည်တည်လေး လုပ်လိုက်သည်။ နောက် . . . သူမကို စူးခနဲ တစ်ချက်ကြည့်၏။



ထိုအခါ မိုးနွယ်လည်း မျက်နှာပိုးသတ်သွားပါသည်။ ဒီတော့မှ သူက ဧပရယ် ကျောက်ဆည်မသွားခင် သူ့ကို မိုးနွယ်အိမ်သွားခိုင်းခဲ့ပုံနှင့် ကြုံခဲ့ရသည့် အဖြစ်အပျက်များအား အကျဉ်းချုပ်၍ ရှင်းပြလိုက်၏။ သူမသည် ရောက်လာသော ချောကလက်မစ်ရှိတ်နှစ်ခွက်စလုံးကိုသောက်ကာ သူပြောပြသမျှကို ဘာဖြေရှင်းချက်မှ မပေးဘဲ အေးအေးဆေးဆေးသာ နားထောင်နေခဲ့သည်။ သူလည်း သူမကို လိပ်စာမှားနေသည့်ကိစ္စအား ထပ်မမေးတော့ဖို့ ဆုံးဖြတ်လိုက်၏။

သူမသည် သူ့ကို အားနာပါးနာနှင့်ပင် သောက်ပါဦးဟု လောကွက်လုပ်ဖော်မရချေ။ Little Sweet လေးကိုကြည့်ရတာ ဒီတစ်ခါ အနည်းငယ် ထူးဆန်းနေသလို ထင်မိ၏။ ငါ့စိတ်ထဲထင်လို့ ဖြစ်မှာပါဟု သူက ဖော့တွေးလိုက်ရ၏။ ကျော်ကျော်လည်း စားပွဲထိုးမလေးကို လှမ်းခေါ်ပြီး သခွားမွှေးတစ်ခွက် ထပ်မှာလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူမက အလိုက်မသိမှတော့ ကိုယ့်ကိုယ်ကို အလိုက်သိရတော့မှာပေါ့။

ဧပရယ်ပြောခိုင်းလိုက်သည့် ကိစ္စပြီးသွားသောအခါ သူတို့နှစ်ယောက်ကြားတွင် တခြားပြောစရာ စကားမရှိတော့ . . .။ ဟိုလိုလို၊ ဒီလိုလိုနှင့် ကိုယ့်အအေးခွက်ကိုယ် ငုံ့သောက်နေမိကြသည်။ သူမဆီမှ ရုတ်တရက် လူမှုရေးဆန်ဆန် မေးခွန်းတစ်ခု ထွက်ကျလာ၏။

"ကိုကျော်ကျော် . . . အခု ဘာစာအုပ်ရေးနေသလဲဟင်"

"ဒီလိုပါပဲ၊ ကျွန်တော်ရေးနေကျပုံစံအတိုင်း အချစ်ဝတ္ထုတစ်အုပ် ရေးနေတယ်ဆိုပါတော့"

"မိုးကို အဲဒီဝတ္ထု ဇာတ်လမ်းအကျဉ်းလေး ပြောပြပါလား"

ဒီလို မေးခွန်းမျိုးကို တခြားလူတစ်ယောက်ကသာ မေးလာခဲ့ပါက သူ့အနေနှင့် ဘုတောပစ်ဖို့ ဝန်မလေးလှပါ။ ဘယ်နှယ့် စာရေးဆရာတစ်ယောက်ကို ရေးလက်စဇာတ်လမ်း ပြောပြခိုင်းရတယ်လို့။ မပြောရင်လည်း အခက်၊ ပြောပြပြန်တော့လည်း ကိုယ်ကပဲ ငပေါကြီးဖြစ်ရဦးမည်။ ဒါ တော်တော်အဓိပ္ပါယ်မဲ့တဲ့ ကိစ္စပဲ။ ထိုကဲ့သို့ အဓိပ္ပါယ်မဲ့လှသည့် ဂွတီးဂွကျကိစ္စမျိုးကို သူမကြာခဏ ကြုံရတတ်ပါသည်။

အခုဟာက သူ့ Little Sweet လေးဖြစ်နေ၍ တခြားလူတွေလို ဘုတောပြီး မတော်မတည့်တွေ လျှောက်ပြောပစ်လိုက်လို့



မရပေ။ ကျော်ကျော်က အနည်းငယ်စဉ်းစားရင်းမှ ခေါင်းထဲတွင် တစ်စုံတစ်ရာ ဖျတ်ခနဲ လင်းပွင့်သွားလေ၏။

"ကျွန်တော် အခုရေးနေတဲ့ ဝတ္ထုကို ပြောပြနေရင် အရှည်ကြီးပြောရမှာ . . .၊ ဇာတ်လမ်းက အကျဉ်းချုပ်ပြီး ပြောလို့မရဘူး၊ အဲဒီလိုပြောရင် လိပ်ပတ်လည်မှာ မဟုတ်ဘူး၊ Plot သေးသေးလေးတွေ အများကြီးနဲ့ ချိတ်ဆက်ပြီး ရေးထားတာလေ . . .၊ အဲဒါကို ပြောရင် ဝတ္ထုတစ်အုပ်လုံး အသေးစိပ်ပြောပြမှ သဘောပေါက်လိမ့်မယ်"

"ဩော် . . . ဟုတ်လား"

"ဟုတ်တယ် . . .၊ ဝတ္ထုကသာ Plot သေးသေးလေးတွေ အများကြီးနဲ့ မွစိတက်နေတာပါ၊ ဝတ္ထုနာမည်ကိုတော့ ရှင်းရှင်းလေး ပေးထားတယ်၊ တစ်လုံးထဲရယ် . . ."

"ဘယ်လိုတဲ့လဲ"

သူမ၏အမေးကြောင့် သူက နှစ်လိုစွာ တစ်ချက်ပြုံးလိုက်ပါသည်။ ပြီးမှ ပြော၏။

"အဲဒီဝတ္ထုရဲ့နာမည်က 'မိုး' တဲ့ . . ."

"ဘယ်လို . . ."

"မိုး . . . တဲ့"

ကျော်ကျော့်ဆီမှ ထပ်ဆင့်အဖြေစကားကိုကြားတော့ သူမ မျက်နှာမှာ နွေးခနဲ ဖြစ်သွား၏။ သူမကို စောင်းပြောနေတာများလား

www.burmeseclassic.com

www.burmeseclassic.com



ဟု တွေးမိစရာပင် . . .။ သူ့ကို လှမ်းကြည့်လိုက်တော့ ရုပ်က စပ်ဖြဲဖြဲ ဖြစ်နေသည်မို့ သူမလည်း ပို၍သံသယဝင်သွားရသည်။ သူမ က နှုတ်ခမ်းကိုကိုက်ကာ . . .

"ရှင်နော် . . ."

မှန်သည့်အတိုင်းပြောရလျှင် သူမ၏ ထို "ရှင်နော်" ဆိုသော အသုံးအနှုန်းလေးကို သူကြားကြားခြင်း အံ့သြသွားသည်။ နောက် . . . ပျော်သွားမိ၏။ သူမသည် သူ့အား "ကိုကျော်ကျော်" ဟုခေါ် နေရာမှ "ရှင်" ဆိုသည့် နာမ်စားကို ပြောင်းသုံးလိုက်သည် မဟုတ် ပါလား။ အခုလောလောဆယ် သူမကို တစ်ခုခုဖြေရှင်းချက်ပေးရန် လိုနေပြီမှန်း ကျော်ကျော် ရုတ်ချည်းသတိရသွားပါသည်။

သို့သော် သူက ဘာမှနားမလည်လိုက်ပုံဖြင့် . . .

"ဘာဖြစ်လို့လဲဗျ"

"ဘာဖြစ်ရမှာလဲ၊ 'ိုး' ဆိုတာ ကျွန်မနာမည်ကြီးပဲ ဥစ္စာ"

"အာ . . . မှာတ်သားပဲ၊ ဒါပေမယ့် ကျွန်တော့်ဝတ္ထုနာမည် စဉ်းစားတုန်းက မိုးနာမည်ကို သတိတောင်မရပါဘူးဗျာ၊ ဘုရားပေ ပေး ကျမ်းပေးပေးပါ၊ ကျွန်တော့်ဝတ္ထုက မိုးဥတုနောက်ခံဇာတ်လမ်း လေးမို့ရော၊ ဝတ္ထုထဲက ကောင်မလေးနာမည်ကို 'မိုးသွယ်' လို့ပေး ထားတာကြောင့်ရော ဝတ္ထု Title ကို 'မိုး' လို့ နာမည်ပေးလိုက် တာပါ"

အမှန်တော့ သူပြောတာတွေအားလုံး တစ်ခုမဟုတ် . . .



ကျော်ကျော်က ပါးစပ်ထဲရှိတာ လျှောက်ပြောလိုက်ခြင်းသာ ဖြစ်၏။ မှန်ဆို ဇာတ်လမ်းက ဒီမှာတင်ပြီးရမည်ဖြစ်သော်လည်း၊ သူမနှင့် ကျတော့ မပြီးပေ။ ပြဿနာက မပြီးသည့်အပြင် ပိုတောင်ရှုပ်လာ တော့သည်။

"ဘာ , . . မိုးသွယ် ဟုတ်လား၊ အဲဒါ မိုး့အမွှာအစ်မရဲ့ နာမည်ပဲ၊ ဒီတော့ အဲဒီနာမည်ကို ရှင့်ဝတ္ထုထဲမှာ ထည့်မရေးပါနဲ့၊ နာမည်ပြောင်းပေးပါ"

ဗုဒ္ဓေါ . . .။ သူမမှာ အမွှာညီအစ်မရှိသေးသည် ဆိုပါ လား။ နောက်ပြီး သူ့ဝတ္ထုထဲက ဇာတ်ကောင်နာမည်ကိုလည်း ပြောင်း ပေးဖို့ တောင်းဆိုနေပြန်သည်။ ကျော်ကျော့်ခမျာ လျှောက်ပြောလိုက် မိမှ ပိုဆိုးနေလေ၏။ မင်သက်အံ့သြနေသော သူ့ကို သူမက ထပ်မံ အားပေးလိုက်ပြန်သည်။

"ဘယ်လိုလဲ ကိုကျော်ကျော် . . . မိုးပြောတာကို လုပ်ပေး မှာလား၊ လုပ်မပေးဘူးလား"

"လုပ်ပေးရမှာပေါ့၊ ကျွန်တော် အဲဒီနာမည်ကို ပြောင်းလိုက် မယ်၊ ဟုတ်ပြီလား"

သူက သူမနှင့် ဖက်ပြိုင်ပြောမနေချင်သဖြင့် ပြီးပြီးရော ပြောလိုက်ခြင်းပင် ဖြစ်သည်။ တကယ်ဆို အဲဒီ "မိုးသွယ်" ဆိုတာ သူမတို့ မူပိုင်ခွင့်မှတ်ပုံတင်ထားသည့် နာမည်လည်း မဟုတ်ချေ။ ပြီးတော့ အဲဒီ "မိုး" ဝတ္ထုမှာ သူတကယ်ရေးနေတာလည်း မဟုတ်

www.burmeseclassic.com

www.burmeseclassic.com



သောကြောင့် လုံးဝကိစ္စမရှိပါ။ သူက အလျှော့ပေးလိုက်သဖြင့် သူ လည်း ကျေကျေနပ်နပ် ဖြစ်သွားပုံရသည်။

"ဟုတ်ကဲ့ . . . မိုးကို အခုလို လိုက်လျှောပေးတာ ကျေးဇူး တင်ပါတယ်"

"ရပါတယ် မိုးရဲ့ . . . ၊ ဒါနဲ့ နေစမ်းပါဦး၊ မိုးနွယ်ရဲ့ အမွှာ အစ်မ 'မိုးသွယ်' ဆိုတာ တကယ်ပဲလားဟင်"

"ရော် . . . တကယ်ပေါ့ ကိုကျော်ကျော်ရဲ့၊ အဲဒါကြောင့် လည်း မမရဲ့နာမည်ကို ဝတ္ထုထဲ ထည့်မရေးဖို့ ပြောရတာပေါ့"

"အခုရော . . . မိုးတို့ညီအစ်မ အတူတူနေကြတာလား"

သူ့မေးခွန်းကြောင့် သူမမျက်နှာပေါ်မှာ ကြေကွဲဝမ်းနည်း ရိပ်တွေ ဖြတ်ပြေးသွားပါ၏။ မိုးနွယ်က အဝေးဆီကို လှမ်းငေးလိုက် ရင်း . . .

"မမမိုးသွယ်သုံးသွားခဲ့တာ ခြောက်နှစ်ကျော်ရှိပြီ ကိုကျော် ကျော် . . . ၊ ဒါပေမယ့် မမမိုးသွယ်ရဲ့ ဝိညာဉ်က မိုးနားမှာ အမြဲ နေသလိုပါပဲ"

"ဗျာ . . . ဆောရီးနော်မိုး . . . ကျွန်တော်မေးလိုက်မိတာ"

"ရပါတယ်ရှင် . . . မသိလို့မေးတာပဲ၊ ပြဿနာမရှိပါဘူး"

သူမက ပြဿနာမရှိဘူးဆိုသော်လည်း ကျော်ကျော်မှာတော့ စဉ်းစားစရာ ပြဿနာရှိသွားခဲ့သည်။ ပေရယ် သူ့ကို မိတ်ဆက်ပေး သော အရိပ်ပိုင်ရှင် Little Sweet လေးနှင့် ရှေ့မှာထိုင်နေသည့် မိုးနွယ်တို့ကြားတွင် တစ်စုံတစ်ရာ ခြားနားကွာဟနေသလို ကျော်ကျော် ခံစားရ၏။ ဘာကွာမှန်းကိုတော့ သူသေချာမပြောတတ်ပေ။ အမွှာ ညီအစ်မတွေ၊ ဘာတွေ ဖြစ်ရအောင်လည်း သူမ၏ အမွှာအစ်မဖြစ် သော မိုးသွယ်က သေဆုံးသွားတာ ခြောက်နှစ်ကျော်ပင် ရှိနေလေ ပြီ။

သို့သော် အမြင်အားဖြင့် သူမတို့သည် အရာရာချွတ်စွတ် တူညီနေသည့်အပြင် သူ့ကိုလည်း ပေရယ်မိတ်ဆက်ပေးထားတဲ့ အတိုင်း စာရေးဆရာတစ်ယောက်မှန်း မှတ်မိသိရှိနေခဲ့သည်။ အင်း . . . ငါစိတ်ထင်လို့ ဖြစ်မှာပါ။

ထိုအခိုက် ကျော်ကျော့်ခေါင်းထဲမှာ ဖျတ်ခနဲ ဖြစ်သွားပါ၏။ အရိပ်ပိုင်းဆိုင်ရာ၌ ဘယ်လောက်ပဲတူနေစေကာမူ သူ့ထံ၌ ခွဲခြားသိ နိုင်သော အချက်တစ်ချက်ရှိနေခဲ့သည်။ တခြားတော့ မဟုတ် . . . ။ သူအင်မတန်စွဲလန်းရသည့် အရိပ်ကောက်ကြောင်းလေး ရှိ၊ မရှိကို ကြည့်၍ သူမအား ဆုံးဖြတ်နိုင်သည် မဟုတ်ပါလား။ (ထိုကိစ္စမှာ တစ်ပါးသူများအတွက် အနည်းငယ် ရူးကြောင်ကြောင်နိုင်သော်လည်း ကျော်ငှကျော်အဖို့တော့ လုံးဝသေချာသော သက်သေပြချက်ပင် ဖြစ် ၏။)

အတွေးတွေနှင့် တစ်ယောက်ထဲ ပြုံးပျော်နေသည့် သူ့ကို သူမက မျက်နှာချင်းဆိုင်တည့်တည့်မှနေ၍ တအံ့တဩ ဖြစ်နေသ သည်။ ကျော်ကျော်သည် ပတ်ဝန်းကျင်ကို ဂရုမစိုက်အားဘဲ သူ့

www.burmeseclassic.com

www.burmeseclassic.com



ယုံကြည်ချက်အဝ်ငြင်း သူမထံတွင် အရိပ်ကောက်ကြောင်းလေး ရှိမရှိ စစ်ဆေးရန်သာ အာရုံစူးစိုက်လျက်ရှိ၏။ ဒါသည် ကျော်ကျော်ဝလေ့စရိုက် အစစ်အမှန်ပင် ဖြစ်သည်။ သူလုပ်ချင်ရာလုပ်ဖို့ ဘာကိုမှ လှည့်မကြည့်တော့ . . . ။ သူက ရုတ်တရက် သူမကို ပြောလိုက်ပါ၏။

"မိုး . . . သောက်လို့ပြီးရင် ကျွန်တော်တို့နှစ်ယောက် ဟိုနား၊ ဒီနား လျှောက်သွားကြရအောင်လေ၊ ဘယ်လိုလဲ . . . "

"အာ . . . ဘယ်ကိုသွားမှာလဲ၊ အပြင်မှာ မိုးတွေရွာနေတဲ့ဟာကို . . . "

သူမပြောလိုက်မှ သူက ဆိုင်အပြင်သို့ ပြူးတူးပြဲတဲနှင့် လှမ်းကြည့်လိုက်မိတော့သည်။ ဟုတ်ပေသားပဲ။ မိုးတွေရွာနေတာ . . . ။ စောစောက အုံ့မှိုင်းမှုန်ဝေနေသော မိုးသားတွေသည် ဘယ်အချိန်က ဘယ်လိုရွာသွန်းနေမှန်း သူတကယ် မသိလိုက်ချေ။ နောက်ပြီး ဒီမိုးက စွေပြီး တော်တော်နှင့် တိတ်တော့မှာ မဟုတ် . . . ။

ကျော်ကျော်လည်း စိတ်မောစွာဖြင့် သက်ပြင်းရှည်ကြီးတစ်ချက် ချလိုက်မိသည်။ ဟူး . . . . . . ။ မိုးနွယ်ကတော့ သူဘာကို ဒီလောက်ချက်ချင်းကြီး စိတ်ပျက်၊ လက်ပျက်ဖြစ်သွားမှန်း နားမလည်နိုင်တော့ . . . ။

အင်းပေါ့လေ . . . ။ ဘာတတ်နိုင်ပါ့မလဲ။ နောက်နေ့တွေ ရှိသေးတာပဲ . . . (အစရှိသဖြင့်) တွေး၍ ကျော်ကျော်က သူ့စိတ်သူ



ဖြေသိမ့်ထားလိုက်ရ၏။ မနက်ဖြန် ထပ်တွေ့ရဖို့ စကားလုံးတွေနှင့် ချုပ်ထားရန်တော့ လိုအပ်သည်။

ဘာပဲပြောပြော ထိုနေ့က သူအရိပ်မလေးနှင့် Ice မှာအတူထိုင်၍ မိုးရေစက်များကို ငေးကြည့်နေခဲ့ကြပါသည်။

* * * *

www.burmeseclassic.com

www.burmeseclassic.com

॥ ၈ ॥

ကျော်ကျော်သည် တိုင်ကပ်နာရီဆီသို့ တစ်ချက်လှမ်းကြည့်လိုက်သည်။ နာရီလက်တံများက နေ့လယ်တစ်နာရီခွဲရှိပြီဟု ညွှန်ပြနေ၏။ နောက်ထပ်နာရီဝက်ဆို သူမနှင့် တွေ့ရတော့မည်ဟူသော အတွေးကြောင့် ကျော်ကျော်မြူးပြီး ပခုံးတစ်ချက်တွန့်လိုက်မိသည်။ အိမ်အပြင်မှာ ရာသီဥတုက အထူးသာယာလျက်ရှိ၏။ မိုးနွယ်နှင့် ချိန်းထားသော နေရာမှာလည်း သူ့အိမ်နားရှိ Season One ဆိုသည့် Snack ဆိုင်လေးတွင် ဖြစ်သဖြင့် ဘယ်လိုမဆို ဆယ်မိနစ်လောက်နှင့် အရောက်သွားလို့ရသည်။ ကျော်ကျော်က လေချွန်ရင်း မှန်ရှေ့၌ ကော်လံ ကြည့်ရှုပြင်ဆင်ရင်း ... 



သို့သော် ဒီအခြေအနေမတိုင်မီ မနေ့ညနေတုန်းကတော့ သူ မိုးနွယ်ကို တော်တော်လေး ဦးနှောက်စား၍ ချုပ်လိုက်ရပါသည်။ ခေတ်ကာလသမီးပျိုတစ်ဦးပီပီ သူမကလည်း လှစ်ခနဲ၊ လှစ်ခနဲ နေအောင် ရှောင်တတ်၊ တိမ်းတတ်သည်။ နောက် . . . ကိုယ်က စာရေးဆရာတစ်ယောက်မို့ အရမ်းကလေးကလားပုံစံတွေ လျှောက်ပြောနေလို့လည်း မဖြစ် . . .။ ပေရယ် သူ့ကိုမှာခဲ့သည့် ကိစ္စကလည်း ပြောပြီးပြီဆိုတော့ သူတို့နှစ်ယောက်ထပ်တွေ့ရန် အကြောင်းမရှိတော့ပေ။ အဲဒီလို ခက်ခဲကျဉ်းကျပ်မှုတွေ ကြားထဲကနေ မိုးနွယ်ကို ဒီနေ့တွေ့ခွင့်ရအောင် သူကြိုးစားနိုင်ခဲ့ပြီ။

မိုးနွယ်က သူ့ကို ဒီနေ့ လက်ခံတွေ့ဆုံခဲ့သော အကြောင်းအရာမှာ တခြားမဟုတ်ပေ။ ကျော်ကျော်သည် စာရေးဆရာတစ်ဦးပီသစွာ ဘောလုံးပွဲရှုံးလို့ဆိုသည့် အကြောင်းပြချက်နှင့် ဇာတ်လမ်းဆင်ကာ မိုးနွယ်ထံမှ ပိုက်ဆံတစ်သောင်းချေးလိုက်ခြင်း ဖြစ်သည်။

ဂုဏ်သိက္ခာတော့ နည်းနည်းရင်းလိုက်ရ၏။ နောက်တစ်ချက် အရေးကြီးတာတစ်ခုက သူချေးလိုက်သော ငွေပမာဏပင် . .။ နည်းလွန်းနေရင်လည်း ယုတ္တိမရှိပြန်၊ များလွန်းပါကလည်း သူမ မပေးနိုင်မှာ စိုးရသည်။ တစ်သောင်းဆိုတာ အနေတော်လေးပဲ။ ဘောလုံးပွဲရှုံးပြီး ရုတ်တရက် ငွေလျှံဖြစ်သွားလို့ဆိုသော စကားနှင့်လည်း ညီသည်။ ထိုအခြေအနေတွင် အကုန်လုံး အံဝင်ခွင်ကျဖြစ်လိုက်ညီနေသဖြင့် မိုးနွယ်က သူ့ကို ပိုက်ဆံတစ်သောင်းချေးမည်ဟု သဘော

www.burmeseclassic.com

www.burmeseclassic.com



တူလိုက်ပါ၏။ အချိန်ကိုလည်း သူက နေ့လယ်တစ်နာရီမှာ ချိန်းလိုက်တာ အကြောင်းရှိသည်။ နေ့လယ်နှစ်နာရီဆိုတာ မိုးသာမရွာဘူးဆိုလျှင် နေပူလို့ ကောင်းမည့်အချိန် . . .။ နေပူလျှင် သူမ၏အရိပ်ကောက်ကြောင်းလေးကို သူတွေ့ရမှာ သေချာသည်။ အခုလည်း အပြင်မှာ ရာသီဥတုက နေသာနေသဖြင့် သူ့အကြံအစည် အထမြောက်ဖို့ ရာခိုင်နှုန်းများနေလေသည်။

ထိုအခိုက် အခန်းတံခါးခေါက်သံတွေက ရုတ်ချည်းပေါ်ထွက်လာခဲ့၏။

"ဒေါက် . . . ဒေါက် . . . ဒေါက် . . ."

ကျော်ကျော်လည်း မနေသာတော့ဘဲ တံခါးထဖွင့်ပေးလိုက်ပါသည်။ တံခါးရွက်နောက်ကွယ်မှ ပေါ်ထွက်လာသည်က ဖြူဖပ်ဖြူရော် ကောင်မလေးတစ်ယောက် . . .။ သူမလက်ထဲတွင် ဂျာနယ်တချို့ကိုင်ထားတာ တွေ့ရ၏။ ကောင်မလေးကို သူက ဧည့်ခန်းထဲပေးဝင်လိုက်သည်။

သူများအိမ်ကိုလာပြီး ဘာမှစကားမစသဖြင့် ကျော်ကျော်ကပဲ စမေးလိုက်ရတော့သည်။

"ဘာကိစ္စရှိပါသလဲ . . ."

"ဩော် . . . ဟိုလေ . . . ဒါ စာရေးဆရာကျော်စွာမင်းရဲ့ အခန်းလား မသိဘူး၊ သမီးက ဆရာနဲ့တွေ့ချင်လို့ပါ"

"ဟုတ်ကဲ့ . . . ကျွန်တော်ကျော်စွာမင်းပါ"



သူမမျက်နှာလေးမှာ ချက်ချင်းဝင်းပသွားပြီး . . .

"ဟာ . . . အခုလို အခန့်သင့်တွေ့ရတာ ဝမ်းသာလိုက်တာ ဆရာရယ် . . .၊ သမီးကလေ 'ငါတို့' ဂျာနယ်က (Reporter) ရိပ်ဖို့တာ သီရိပါဆရာ . . .၊ လာရင်းကိစ္စကတော့ အယ်ဒီတာချုပ်မမစန်းက သမီးကို နောက်အပတ်ထွက်မယ့်ဂျာနယ်အတွက် ဆရာနဲ့ အင်တာဗျူးလုပ်ခိုင်းလိုက်လို့ပါ"

သီရိစကားကြောင့် ကျော်ကျော်တစ်ယောက် တော်တော်လေး စိတ်ညစ်သွားမိသည်။ နောက်ပြီး စာနယ်ဇင်းကဆိုတော့ မောင်းထုတ်လို့ကလည်း မရ . . .။ ပိုဆိုးတာက အယ်ဒီတာချုပ်မမစန်း (ခေါ်) ဒေါ်စန်းမွန်အောင်၏ "ငါတို့" ဂျာနယ်မှ ဖြစ်နေ၏။ ကျော်ကျော်နှင့် ဒေါ်စန်းမွန်အောင်က မျက်နှာနာရမည့်လူတွေမို့ ငြင်းလို့မရပေ။ ဒါပေမယ့် အခုလက်ခံအင်တာဗျူးလုပ်လိုက်ပါက မိုးနွယ်နှင့် ချိန်းထားတာကြီးကို ဖျက်မှရမည်။ မိုးနွယ်ကိစ္စကို ဖျက်လို့တော့ မဖြစ် . . .။ ကျော်ကျော်လည်း ရလိုရငြား လျှောက်ကြံစည်ကြည့်မိ၏။

"ဒီလိုလုပ်ပါလား ညီမ"

"ဘယ်လိုလုပ်ရမလဲ"

"နောက်နေ့မှ အစ်ကိုဆီ တစ်ခေါက်ထပ်လာခဲ့ပါလား၊ အခုလောလောဆယ် အစ်ကိုမအားသေးဘူး၊ ချိန်းထားပြီးသားရှိနေလို့"

ထိုအခါ သီရိဆိုသော ကောင်မလေး၏မျက်နှာမှာ ငိုမဲ့မဲ့ဖြစ်သွားသည်။ ခဏမျှစဉ်းစားပြီး သူမဇွဲမလျှော့မရဲပုံစံလေးနှင့် ကျော်

www.burmeseclassic.com

www.burmeseclassic.com



ကျော့ကို စောဒကတက်ကြည့်၏။

"နောက်နေ့တော့ မလုပ်ပါနဲ့ ဆရာရယ် . . .၊ ဒီနေ့ ဂျာနယ်က ဖောင်ပိတ်မှာမို့လို့ပါ၊ ပြီးတော့ ဆရာ့အင်တာဗျူးရမလာရင် မစန်းက သမီးကို ဆူလိမ့်မယ်၊ ဒါကြောင့်ပါ ဆရာရယ် . . .၊ ကူညီပါ . . .၊ သမီး ဆရာ့ကို အခုခပ်မြန်မြန်လေး မေးလိုက်မယ်လေ၊ နော် . . . ဆရာ . . . နော် . . ."

ပြောမရတော့သည့်အဆုံး ကျော်ကျော်လည်း လက်လျှော့လိုက်ကာ . . .

"အေး . . . အဲဒါဆိုလည်း မြန်မြန်လေးသာ မေးပေတော့"

သူ့ဆီမှ ခွင့်ပြုစကားကို ကြားလိုက်ရသည်နှင့် သီရိဆိုသော ကောင်မလေးက ချက်ချင်းဆိုသလို ရစ်ကော်ဒါအား အိတ်ထဲမှထုတ်လိုက်လေတော့သည်။ သို့သော် အင်တာဗျူးဖို့ ခလုတ်မနှိပ်မီ သူမက မိတ်ကပ်ဗူးလေးဖွင့်၍ ခရင်ပတ်နှင့် မျက်နှာပေါ် ဟိုတို့၊ ဒီတို့ လုပ်နေသေး၏။

"အချိန်မရပါဘူးဆိုမှ . . ." ဟုတွေးရင်း သူစိတ်မရှည်ဖြစ်နေဆဲမှာပင် သူမဆီမှ အမေးစကားသံ ထွက်လာပါသည်။

"ဆရာက လူပျိုကြီးနော်"

စာရေးဆရာတစ်ယောက်အနေနှင့် ဒီလို ဘာမှမဆိုင်သော အရည်မရ၊ အဖတ်မရ ပုဂ္ဂိုလ်ရေးတွေ လျှောက်မေးတာမျိုးကို သူမဖြေချင်ပါ။ ဒါပေမယ့် ဘာ သည်းခံပြီး ဖြေပေးလိုက်၏။



"ဟုတ်ကဲ့ . . . လူလွတ်လို့ပဲ ဆိုပါစို့"

ကျော်ကျော့်လေသံကို ရိပ်စားမိသွားသော သီရိက . . .

"အဟင်း . . . သမီးတို့ဂျာနယ်က ပေါ့ပ် (Pop) ဂျာနယ်ဆိုတော့လေ . . . ဖတ်တဲ့ပရိသတ်တွေက ဆရာတို့လို အနုပညာသမားတွေရဲ့ ကိုယ်ရေးကိုယ်တာလေးတွေကို သိချင်တတ်ကြလို့ပါ၊ အဲဒီအတွက် တချို့မေးခွန်းလေးတွေပေါ် စိတ်မရှိပါနဲ့ဆရာ . . ."

"သြော် . . . ရပါတယ်၊ ကျွန်တော့်အနေနဲ့ အတိုင်းအတာတစ်ခုလောက်အထိတော့ ဖြေပေးလို့ရပါတယ်"

"ဟုတ်ကဲ့ . . . ကျေးဇူးတင်ပါတယ်၊ ဒါနဲ့ ဆရာ့မှာ အိမ်ထောင်ပြုဖို့ အစီအစဉ်ရှိပါသလား ဆရာ . . ."

သူလည်း စိတ်ပေါက်ပေါက်ရှိလှသည်နှင့် . . .

"ရှိတာပေါ့၊ ကျွန်တော်က အခြောက်ကြီးမှမဟုတ်တာ"

"အာ . . . ဆရာကလည်း . . ."

သီရိဆိုသည့် ကောင်မလေးမှာ ဒီတော့မှ ရှက်ရွံ့သွားဟန်တူ၏။ နောက် . . . သူမက အဖတ်ဆယ်သည့်အနေနှင့် သူ့ကို ရှင်းပြပြန်သည်။

"ဟို . . . သမီးမေးတာက ဆရာ့မှာ ချစ်သူရှိနေပြီလားလို့ မေးတာပါဆရာ"

"အင်း . . . ဘယ်လိုပြောရမလဲ၊ ကျွန်တော်ချစ်နေတဲ့ ကောင်မလေးတစ်ယောက်ကိုတော့ တွေ့ထားပြီးပြီလို့ ပြောရမယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူများပါလိမ့်၊ ဆရာ့ချစ်သူဆိုတော့ ချောမှာပေါ့ နော်၊ ဒီကျွန်မတို့ စာပေလောကထဲကပဲလားဟင် ဆရာ"

"စာပေလောကထဲကတော့ မဟုတ်လောက်ပါဘူး၊ ချောလား ဆိုတော့ ကျွန်တော်လည်း သေချာမသိဘူးဗျ"

"ဘယ်လို . . . ဘယ်လို . . . ဆရာ . . ."

"ကျွန်တော်ကိုယ်တိုင်သောင် အရိပ်လေးပဲ မြင်ဖူးသေးတာ"

သူက အတည်ပေါက်နှင့် လျှောက်ပြောလိုက်သဖြင့် သီရိမှာ ခဏတော့ ကြောင်သွားသေး၏။ နောက်မှ သူမက "အရိပ်လေး နှင့် ချစ်သူဖြစ်နေသည့် စာရေးဆရာကျော်စွာမင်း . . ." ဟာသ နှင့် ခေါင်းစဉ်တပ်ပြီး လုပ်စားပစ်လိုက်မည်ဟု စိတ်ကူးရသွားကာ လျှို့ဝှက်စွာ တစ်ချက်ပြုံးလိုက်ပါသည်။

"ကဲ . . . သမီးတို့ စာပေလောကဘက် လှည့်ကြရအောင် ဆရာ . . ."

"ဟုတ်ကဲ့ . . . မေးပါ"

"အခုတလော အရမ်းခေတ်စားနေတဲ့ တစ္ဆေ သရဲဝတ္ထုတွေ ကို ဆရာ့အနေနဲ့ ဘယ်လိုမြင်ပါသလဲ"

"အင်း . . . ဒါမျိုးတွေက နိုင်ငံတကာမှာလည်း ရှိတာပဲ လေ၊ ဒါပေမယ့် ဟိုမှာက သူ့လိုင်းနဲ့သူပဲ၊ ကျွန်တော်တို့ဆီမှာတော့ သိတဲ့အတိုင်း တစ်ယောက်ပေါက်သွားပြီဆိုရင် အကုန်လုံးက ဝိုင်း ပြုံပြီး လိုက်ရေးကြတော့တာ၊ ဒီတော့ ကျွန်တော်တို့နိုင်ငံက စာရေး



ဆရာတွေကို လေးစားရမလား၊ ဝဋ္ဋဒုက္ခကြီးမားတယ်ဆိုပြီး သနား ရမလား၊ ဘယ်လိုသဘောထားရမှန်းတောင် မသိတော့ပါဘူးဗျာ"

"ဆရာရော . . . အဲဒီလို သရဲဝတ္ထုတွေ၊ ဘာတွေ ရေးဖို့ ရှိပါသလား"

လာပြန်ပြီ။ ဒီမေးခွန်းကိုတော့ သူနည်းနည်း ကျွဲမြီးတိုသွား ၏။ ကျော်ကျော်လည်း ရှဲ၍ . . .

"မရှိပါဘူး၊ နောက်ပြီးတော့ ကျွန်တော့်မှာ အဲဒီလောက်ထိ ပါရမီလည်း မရှိပါဘူး"

"ပါရမီမရှိလည်း စာရေးခြင်း အတတ်ပညာရှိရင် ရေးလို့ ဖြစ်တာပဲ မဟုတ်လား ဆရာရဲ့ . . .၊ ဆရာက စာရေးကောင်းတဲ့ သူပဲ၊ ဘာလဲ . . . ဆရာက သရဲဝတ္ထုရေးရတာ စာပေတန်းဖိုးနိမ့်ကျ သယ်လို့များ ယူဆထားလို့လားရှင့် . . ."

သေချာတာကတော့ "ငါတို့" ဂျာနယ်မှ သီရိဆိုသော ကောင် မလေးက သူ့ကို ပြဿနာမေးခွန်းများနှင့် ဖွနေလေပြီ။ သူက . . .

"သရဲ၊ တစ္ဆေဝတ္ထုတွေက နိမ့်ကျလို့ မရေးတာ မဟုတ်ပါ ဘူး၊ ခင်ဗျားပြောသလို အတတ်ပညာနဲ့ ရေးမယ်ဆိုရင်တောင် ကျွန် တော်က သရဲတစ္ဆေတချို့နဲ့ အရမ်းရင်းနှီးနေလို့ မရေးချင်တာလည်း ပါပါတယ်"

"ရှင် . . ."

"ဟုတ်တယ်၊ ဒီတော့ ကျွန်တော်က သူတို့ရဲ့ အတွင်းရေး

www.burmeseclassic.com

www.burmeseclassic.com



ကိစ္စတချို့ကို သိနေတယ်ဆိုပါတော့ဗျာ၊ အဲဒါတွေ ကျွန်တော်က လျှောက်ရေးရင် သူတို့က စိတ်ဆိုးကုန်ကြမှာပေါ့”

“ဆရာ တကယ်ပြောနေတာလားဟင် . . .”

“တကယ်ပေါ့ဗျ၊ ဘာလဲ မယုံဘူးလား”

“ဆရာ့စကားကို မယုံလို့ မဟုတ်ပါဘူးဆရာ . . .၊ မယုံနိုင်လောက်အောင် ထူးဆန်းနေလို့ပါ၊ အဲဒါတွေ ထားလိုက်ပါတော့ ဆရာရယ်၊ ဆရာပြောတဲ့ သူတို့အတွင်းရေးဆိုတာ ဘယ်လိုမျိုးလဲ ဥပမာတစ်ခုလောက် ပြောပြပေးပါလားဆရာ . . .”

ပေါက်ကရလေးဆယ်တွေ လျှောက်ပြောရတာ တဖြေးဖြေးနှင့် ပျော်ရွှင်စပြုလာ၏။ ပြောလက်စနှင့် အချိတ်အဆက်မိအောင် ဆက်ပြောရန် သူအနည်းငယ်မျှ စဉ်းစားနေလိုက်ပါသည်။ အချိန်သိပ်ကြာကြာ မစဉ်းစားလိုက်ရ . . .။ သူ့ခေါင်းထဲမှာ အကြောင်းအရာတွေက တန်းစီကာ ရောက်လာလေတော့သည်။

“ဒီလိုကွ၊ ဥပမာပြောရရင်တော့ သူတို့သရဲတစ္ဆေလောကထဲကို တစ်နေ့မှာ မွေးကင်းစကလေးငယ်လေးတစ်ယောက် သေပြီး ရောက်လာခဲ့တယ်၊ သရဲငယ်ငယ်လေးဆိုတော့ သူက မခြောက်တတ်သေးဘူးပေါ့၊ ဒါနဲ့ တခြားသရဲတွေက ပွစိပွစိလုပ်ကြလို့ သရဲတစ္ဆေတွေရဲ့ လပတ်အစည်းအဝေးမှာ အဲဒီကိစ္စနဲ့ပတ်သက်ပြီး ဆုံးဖြတ်ချက်တစ်ခု ချလိုက်ရတော့တယ်၊ အဲဒီအစည်းအဝေး ဆုံးဖြတ်ချက်က ဘယ်လိုလဲဆိုတော့ သရဲမှန်ရင် ငယ်ငယ်၊ ကြီးကြီး ခြောက်ကို



ခြောက်လှန့်ရမယ်ဆိုတာပါပဲ၊ ဒီတော့ သရဲပေါက်စနလေးလည်း ညဖက်မှာ အစည်းအဝေးဆုံးဖြတ်ချက်အတိုင်း လူတွေလိုက်ခြောက်ထွက်လာခဲ့တယ်၊ ညဉ့်နက်သန်းခေါင်ချိန်မှာ သူက လူနေအိမ်တွေဆီ တစ်အိမ်ပြီးတစ်အိမ် ချည်းကပ်ပြီး သူ့ရဲ့အစွမ်းကိုပြဖို့ လှေ့လာတော့တာပေါ့၊ သူက အခုမှ အသစ်လေးဆိုတော့ မလှေ့လာဘဲ သမ်းသမ်းလျှောက်ခြောက်လို့ ဘယ်ဖြစ်ပါ့မလဲ၊ အဲဒီမှာ သရဲလေးလည်း လုံးဝမခြောက်ဖြစ်ဘဲ သရဲအကြီးအကဲတွေဆီ ပြန်လှည့်ပြေးလာပါရော . . .၊ ဘာလို့ မခြောက်ဘဲနဲ့ ပြန်လာရတာလဲဆိုတော့ သရဲလေးက သူများကိုခြောက်ဖို့ နေနေသာသာ သူ့ခမျာမှာတောင် လူတွေကို ကြောက်လွန်းလို့ ပြန်လှည့်ပြေးလာရသတဲ့၊ အကြောင်းရင်းကို စုံစမ်းကြည့်တော့ သရဲလေးဟာ ညဖက်လူခြေတိတ်ချိန်တွေမှာ လူတချို့ရဲ့ ပက်ပက်စက်စက် ဖောက်ပြန်မှုတွေ၊ မညှာမတာ ပြုမူဖက်မှုတွေကို တွေ့မြင်ပြီး ကြောက်လန့်သွားရှာတာပေါ့၊ ဒီတော့ ဘယ်သရဲတွေထက်ပိုပြီး ကြောက်စရာကောင်းတဲ့ လူတချို့ရှိတဲ့အကြောင်း ကျွန်တော်က ရေးလိုက်ရင် သရဲတစ္ဆေလောကကြီးတစ်ခုလုံး သိက္ခာကျသွားလိမ့်မယ်၊ ကျွန်တော့်ကိုလည်း သူတို့အတွင်းရေးကို ဖော်ကောင်လုပ်တဲ့ သစ္စာဖောက်ဆိုပြီး စိတ်ဆိုးကုန်ကြမယ်၊ ဒါဆို ကျွန်တော့်မှာ အန္တရာယ်ရှိသွားပြီ၊ ကျေးဇူးရှင်တွေကို ကျေးစွပ်ရောက်သွားပြီ၊ အဲဒါကြောင့် ကျွန်တော်က မရေးချင်ရတာပါ”

“အန္တရာယ်ရှိတယ်ဆိုတာတော့ ထားပါတော့၊ မေးရတာ

www.burmeseclassic.com

www.burmeseclassic.com



ကျောချမ်းလိုက်တာ ဆရာရယ်၊ ကျေးဇူးရှင်ကို ကျေးစွပ်တယ်ဆိုတာ က ဘာအဓိပ္ပါယ်လဲ၊ နောက်ပြီး ဆရာ့ကို အဲဒီအကြောင်းတွေ ဘယ် သူက ပြောပြလို့ ဒီလောက်အတွင်းကျကျ အသေးစိပ်သိနေရတာလဲ"

"ဒါတွေကို သေဆုံးသွားပြီဖြစ်တဲ့ ကျွန်တော့်ရဲ့အဖေနဲ့ အ ကိုနှစ်ယောက်က ပြောပြခဲ့တာပါပဲ၊ အဖေနဲ့အစ်ကိုတွေက ကျွန်တော် ရဲ့ ကျေးဇူးရှင်တွေဆိုလည်း မမှားဘူး မဟုတ်လား"

"ဘာ . . . ဘယ်လို . . . ဆရာ့ရဲ့ အဖေနဲ့အစ်ကိုတွေက ပြောတာဟုတ်လား"

"ဟုတ်တယ်"

"သူတို့က သေသွားကြပြီဆို . . .၊ ဒီတော့ ဆရာနဲ့ ဘယ် လိုလုပ်တွေ့ကြသလဲ၊ သူတို့က ဘယ်မှာရှိနေတာမို့လို့လဲ . . ."

ကျော်ကျော်က သီရိ၏ နောက်ဆုံးမေးခွန်းကို မျက်နှာအ အရာနှင့် အားရပိုင်နိုင်စွာ ပြန်ဖြေချလိုက်ပါသည်။

"သူတို့အားလုံး ဒီအိမ်မှာပဲ နေကြတယ်"

"ရှင် . . ."

အာမေဋိတ်သံနှင့်အတူ သီရိက ထိုင်နေရာမှ ဝုန်းခနဲ ရပ်၏။ သူမမျက်နှာတစ်ခုလုံး ဖြူဖတ်ဖြူရော်ဖြစ်လာကာ သူ့ကိုလည်း ကြောက်လန့်တကြားနှင့် လှမ်းပြောလိုက်လေသည်။

"သမီး . . . သမီး . . . ပြန်တော့မယ်၊ ဆရာလည်း သိ မအားဘူးဆိုတော့ ဒီလောက်နဲ့ပဲ ရပ်လိုက်တာ ကောင်းမယ်ထ



တယ်၊ သမီး သွားပြီးနော် ဆရာ . . ."

ထိုကဲ့သို့ တစ်ယောက်ထဲ ပြောပြောဆိုဆိုနှင့် သီရိက ဝရန်း သုန်းကား ထပြန်သွားတော့သည်။ ဒီလိုမှမဟုတ်လျှင် သူမက ဘယ် အချိန်ထိ လျှာရှည်ကာ လျှောက်မေးနေဦးမည်မသိ . . .။ ကျော် ကျော်သည် တံခါးကို ပြန်ပိတ်လိုက်ပြီး မိုးနွယ်ဆီသွားရန် နာရီကို လှမ်းကြည့်လိုက်ပါ၏။ အချိန်က နေ့လယ်နှစ်နာရီဆယ့်ငါးမိနစ်ပင် ရှိနေလေပြီ။ သူလည်း နောက်ကျနေပြီဆိုသည့် အတွေးနှင့် မှန်ရှေ့ မှာ အဆီပြန်နေသော မျက်နှာကို လက်ဖဝါးနှင့် တစ်ချက်ပွတ်သပ် လိုက်သည်။ နောက် . . . ပိုက်ဆံအိတ်ကို ခါးကြားထိုးပြီး မိုးနွယ် ထံသွားဖို့အလုပ်မှာ ရုတ်တရက် တံခါးခေါက်သံများက ပေါ်ထွက် လာပြန်သည်။

"ဒေါက် . . . ဒေါက် . . . ဒေါက် . . ."

ကျော်ကျော်က သီရိဆိုသောကောင်မလေး ရုပ်ပြာရုပ်ပြာ နှင့်ဆင်းသွားပြီး တစ်ခုခုကျန်ရစ်ခဲ့လို့ ပြန်လာယူတာပဲ ဖြစ်ရမည်ဟု တွေး၍ တံခါးကို လှမ်းအဖွင့်မှာ . . .

"ဟင် . . . !!!"

* * * *

www.burmeseclassic.com

www.burmeseclassic.com

॥ ၉ ॥

အခန်းတံခါးပေါက်ဝမှာ တွေ့လိုက်ရသည့် မြင်ကွင်းကြောင့် သူတအံ့တသြ ဖြစ်သွားပါ၏။ သေချာအောင် ကျော်ကျော်က မျက်လုံးများကို ပွတ်သပ်ကြည့်လိုက်မိသေးသည်။ သူ့အမြင်အာရုံတွေလည်း မမှား၊ လူလည်း မမှားပါ။ သူမမှ သူမအစစ် . . . ။ သူနှင့် Season One မှာ ချိန်းထားသော အရိပ်မလေးမိုး (သို့မဟုတ်) Little Sweet ပင် ဖြစ်လေ၏။ ဆယ့်ငါးမိနစ်လောက် သူနောက်ကျနေသဖြင့် သူမက ပိုက်ဆံတစ်သောင်းချေးရန် အိမ်အထိလိုက်လာခြင်း ဖြစ်သည်။

ကျော်ကျော့်ရင်ထဲတွင် ပျော်ရွှင်မှုများ ဆူပွက်နေပြီး၊ သူမ



ကို ချက်ချင်းကြီး စကားမပြောနိုင်သေးဘဲ ဆွံ့အနေမိ၏။ အပေါက်မှာ ပိတ်ရပ်ပြီး ငုတ်တုတ်မေ့နေသော သူ့ကို . . .

“ဘယ်လိုလဲ ဆရာကြီးရဲ့ . . . မိုးကို အိမ်ထဲတောင် ပေးဝင်တော့ဘူးလား”

“ဟုတ်ကဲ့ . . . ဝင်ပါဗျာ၊ ဝင်ပါ၊ ကျွန်တော့်အိမ်အထိ လိုက်လာမယ်လို့ ထင်မထားမိဘူး၊ ရုတ်တရက် မိုးကိုမြင်လိုက်တော့ အရမ်းအံ့သြသွားပြီး ကြောင်နေတာ . . .”

“ဟုတ်တယ် . . . ကိုကျော်ကျော်ရဲ့၊ မိုးက နေ့လည်တစ်နာရီထဲက အဲဒီ Season One မှာ စောပြီးရောက်နေတာလေ၊ အခုစောင့်ရတာ စိတ်မရှည်တော့လို့ လိုက်လာတာ . . .”

“ဆောရီးပါ မိုးရယ်၊ ကျွန်တော် မိုးဆီထွက်လာခါနီးမှ အင်ဂျင်နီယာမျိုးတစ်ခု အတင်းလာမေးနေလို့ နည်းနည်းနောက်ကျသွားတယ်၊ ကျွန်တော်လည်း အခုပဲ လာတော့မလို့ပါ မိုးရဲ့ . . .”

“သြော် . . . နိုင်ငံကျော်စာရေးဆရာကြီးပဲ ဥစ္စာ . . . လောက်တော့ ရှိမှာပေါ့၊ ရပါတယ် . . . မိုးတို့က နားလည်ပါတယ်၊ ဟင်းဟင်း . . . ဟင်း . . .”

သူမက ပြောရင်း ပျော့ပြောင်းနွဲ့နှောင်းစွာ ရယ်လိုက်ပါသည်။ သူက သူမ၏ ရယ်မောအချိုဖွဲ့မှုလေးကို ငေးကြည့်နေမိ၏။ နွယ်သည် သူ့အိမ်နံရံများပေါ်ကို ဟိုဟိုသည်သည် လျှောက်ကြည့်နေရာမှ မေးလိုက်ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုကျော်ကျော့်ဆီမှာ ပန်းချီကားတွေ အများကြီးပဲနေ
နောက်ပြီး စာအုပ်တွေရောပဲ . . . ၊ အဲဒါတွေက ဝယ်ပြီးစုထားတာ
လား"

"ဒါပေါ့ . . ."

ထိုအခိုက် သူမက တစ်စုံတစ်ခုအား သတိရလိုက်ဟန်ဖြင့်

"ငါနှယ် မေ့နေလိုက်တာ . . . ၊ ရော့ . . . ကိုကျော်ကျော်
ဒီမှာ ပိုက်ဆံတစ်သောင်း . . ."

"ဘာများလဲလို့ မိုးရယ်၊ အားနာစရာတောင် ကောင်းနေပြ
မိုးက ပိုက်ဆံလည်း ချေးရတယ်၊ အိမ်အထိလည်း လာပေးရသေ
တယ်၊ ကျွန်တော်နဲ့ ဘော်ဒါဖြစ်ရတာ မမိုက်သေးပါဘူးနော် . . ."

"အင်း . . . ကိုယ့်အကြောင်းကိုယ်သိရင်လည်း ပြီးတာပဲ"

"အမ် . . ."

ဒါမိုးနွယ်အစစ်ပဲ။ သူတစ်ပါးကို မခံချိမခံသာဖြစ်အောင်
ပြောရာမှာ အထူးကျွမ်းကျင်လှသည့် ကောင်မလေး . . . ။ ကျော်
ကျော်က သူမနှင့် စဆုံတွေ့ခဲ့ပုံများကို ပြန်လည်အမှတ်ရပြီး ပြုံး
လိုက်မိ၏။ ဒီလိုအပြုအမူတွေကပင် သူမကို တခြားကောင်မလေး
များနှင့် ကွဲပြားခြားနားနေစေလေသည်။

"ကော်ဖီသောက်မလား၊ ဒီမှာတော့ အဲဒါပဲရှိတယ်"

"အင်း . . . သောက်မယ်"

သူမသည် ပြုံးစေ့စေ့နှင့် သူ့အခန်းကို လှည့်ပတ်စပ်စုနေ



ပြန်ပါသည်။ သူက အိမ်ရှင်ပီပီ သူမကို ကော်ဖီဖြင့် ဧည့်ခံရန် အလုပ်
အနည်းငယ်ရှုပ်သွား၏။

အိမ်အပြင်ဘက်တွင် နေသာပေမယ့် သူမက သူ့အခန်းမှာ
ရောက်နေတာမို့ ဒီတစ်ခါလည်း ကျော်ကျော်တစ်ယောက် အရိပ်
လေးနှင့် ဝေးရကိန်းရှိလေသည်။ ဧည့်သည်ကို အတင်းကာရော
အပြင်ခေါ်ထုတ်သွားဖို့ကလည်း မသင့်လျော်ပြန် . . . ။ လူတစ်
ယောက်လုံး အိမ်ထဲရောက်နေတာတောင် သူမအရိပ်လေးကိုပဲ
ကြည့်ချင်နေသည့် သူ့ကို အကြောင်းသိ သူငယ်ချင်းတွေက ငကြောင်
ဆိုပြီး ဝိုင်းဟားကြလိမ့်ဦးမည်။

သူ ကော်ဖီဖျော်နေစဉ် သူမက စာအုပ်စင်ကြီးအနားမှာ
စိတ်ဝင်တစား လှေလာကြည့်ရှုနေ၏။ ထို့နောက် မိုးနွယ်၏မျက်လုံး
များသည် စာအုပ်စင်နံဘေးရှိ နံရံပေါ်တွင် ကပ်ထားသော စက္ကူ
အပိုင်းလေးထံ ရောက်သွားသည်။ သူမက စက္ကူပိုင်းလေးပေါ်မှာ
ရေးထားသည့် စာကြောင်းများကိုဖတ်ရှုပြီး ခေါင်းရမ်းလိုက်မိ၏။
ထိုစက္ကူပိုင်းလေးပေါ်၌ ရေးထားသည်မှာကား . . .

> ကျွန်တော့်စာအုပ်များကို မည်သူ့ကိုမှ
> မည်သည့်အကြောင်းနှင့်မှ မငှားပါ။
>
> (ကျော်စွာမင်း)
>
> * အပိုင်လည်း မပေးပါ။
>
> * ခိုးလျှင်အထိုးခံရမည်။

www.burmeseclassic.com

www.burmeseclassic.com



"ကော်ဖီခွက်နှစ်ခွက်ကိုင်၍ မီးဖိုခန်းထဲမှထွက်လာသော ကျော်ကျော်က သူမကို ကော်ဖီတစ်ခွက် လှမ်းပေးလိုက်ပါသည်။ မိုးနွယ်က ပြုံးလျက် . . .

"ကျေးဇူးပဲ . . ."

"ရပါတယ်ဗျာ . . .၊ ကိုယ့်ကို ပိုက်ဆံချေးထားတဲ့ ကျေးဇူ ရှင်ပဲ ဥစ္စာ . . .၊ ကော်ဖီတစ်ခွက်လောက်တော့ ကျွန်တော်က ဖြ အလိုက်သိရမှာပေါ့ဗျ၊ မဟုတ်ဘူးလား . . ."

သူက ထိုသို့ အပျော်အပျက်ပြောကာ တစ်ချက်ရယ်လို ၏။ ထိုအခါ သူမကလည်း ပေါ့ပေါ့ပါးပါးနှင့် လိုက်ရယ်မောရင်း

"ထားပါတော့ . . . ထားပါတော့ . . ."

"ထားပါတယ်၊ ထားပါတယ် . . ."

အပျော်များကြားမှာ နှစ်ယောက်သား ရယ်လိုက်ကြပြ သည်။ သူမက ရယ်နေရာမှ . . .

"ကိုကျော်ကျော်မှာ စာအုပ်ကောင်းတွေ အများကြီးပဲနော်"

"အင်း . . . ဆိုပါတော့ . . ."

"ဒါတွေကို အခုလို တစ်စုတဝေးထဲရဖို့ ကိုကျော်ကျော် တော်တော်ရှာဖွေစုဆောင်းခဲ့ရမှာပေါ့၊ ပိုက်ဆံရှိရုံနဲ့ ဒါမျိုးက တစ်ထို ထဲ အကုန်လုံးဝယ်လို့ မရနိုင်ဘူးလေ"

"အင်းပေါ့၊ ဒါနဲ့ မိုးက စာအုပ်စာပေတွေကို စိတ်ဝင်တစား ရှိသားပဲ၊ ကျွန်တော်ဖြင့် ထင်တောင်မထင်ဘူး"



သူမက မျက်မှောင်ကုတ်သွားပြီး . . .

"ဘာဖြစ်လို့ . . ."

"ဒါကလား၊ အင်း . . . အဲဒါက မိုးရဲ့အပြုအမူနဲ့ နေထိုင် ပြောဆိုပုံတွေက စာပေကို စိတ်ဝင်စားတဲ့ ကောင်မလေးတစ်ယောက် မှမတူဘဲ မိုးရဲ့၊ နောက်ပြီး မိုးနဲ့တွေ့ခါစကပြောတော့ စာအုပ်တွေ ကို မဖတ်ဘူးဆို . . .၊ မိုးပဲ ပြောခဲ့တာလေ"

"အာ . . . အဲဒါက ကိုကျော်ကျော်စာအုပ်တွေကိုပဲ မဖတ် ဘူးလို့ ပြောတာပါ၊ တခြားစာရေးဆရာတွေရဲ့ စာအုပ်တွေကိုတော့ ဖတ်တာပေါ့၊ ဒုက္ခပါပဲ၊ သူရေးတဲ့စာအုပ် မဖတ်ဖူးတာနဲ့ပဲ လူကို စာမဖတ်၊ ပေမဖတ် ငတုံးမများ ထင်နေလား မသိဘူး"

သေစမ်း . . .။ မှတ်ပြီလား။ ခံဟဲ့ . . .။

သူမ၏စကားကြောင့် သူလည်း အောင့်သက်သက်နှင့် နှင် သွားရှာ၏။ တစ်ဖက်သားကို အဲဒီလို ခံစားသွားရအောင် ပြောဖို့ဆို မိုးနွယ်တို့က ထူးချွန်လွန်းသည်။ စာရေးဆရာကြီးကျော်စွာမင်းခမျာ သူမလို ခနော်ခနဲ့ ချာတိတ်မလေးတစ်ယောက်ရှေ့မှာ အလဲအကွဲ ရှုံးနေတာတွေ များလှပြီ။

သူက အနေရအထိုင်ရခက်စွာ လှမ်းအကဲခတ်ကြည့်လိုက် တော့ မိုးနွယ်သည် သူမနှင့် ဘာမှမဆိုင်သကဲ့သို့ အေးအေးလူလူ ပင် ကော်ဖီခွက်ကို မော့သောက်လျက်ရှိ၏။ နောက် . . . သူမက စစ်စုံတစ်ခုကို ရုတ်တရက် သတိရသွားဟန်ဖြင့် . . .

www.burmeseclassic.com



"ဖြေဦး . . . ကိုကျော်ကျော်ကို မေးရဦးမယ်"

. . . သည်း ဒီဟော့ နည်းနည်းအရှက်ပြေသွားပြီး . . .

"မေးလေ . . . မိုးရဲ့၊ ဘာမေးချင်လို့လဲ"

မိုးနွယ်သည် နံရံပေါ်တွင် ကပ်ထားသော စက္ကူပိုင်းလေးဆီ လက်ညှိုးဖြင့် သွန်ပြ၍ . . .

"အဲဒီမှာ ကိုကျော်ကျော်ရေးထားတဲ့ အဓိပ္ပါယ်ကို မိုးသေချာသဘောမပေါက်ဘူး ဖြစ်နေလို့ . . ."

"ဘာကို မိုးက သဘောမပေါက်တာလဲ"

"ဒီမှာလေ . . . ဒီအောက်နားလေးမှာ ရေးထားတဲ့နှစ်ခုကို . . ."

ကျော်ကျော်က သူမညွှန်ပြသည့် နေရာကိုကြည့်၍ လို့ဝှက်စွာ ပြုံးလိုက်ပါသည်။ ပြီးမှ . . .

"အပေါ်မှာ ကျွန်တော်ရေးထားတာကိုတော့ မိုးသဘောပေါက်မှာပါနော်"

"အင်း . . . ပေါက်တယ်၊ 'ကျွန်တော့်စာအုပ်များကို မည်သူ့ကိုမှ၊ မည်သည့်အကြောင်းနှင့်မှ မငှားပါ . . .' တဲ့ . . .၊ ဆိုလိုတာက ကိုကျော်ကျော်က စာရေးဆရာတစ်ယောက်၊ ဒီတော့ ဟောဒီစာအုပ်တွေက ကိုကျော်ကျော်စာရေးတဲ့အခါ ကိုးကားဖို့ လိုအပ်လာရင် ဒီစင်ပေါ်မှာ အဆင်သင့်ရှိနေဖို့လိုတယ် မဟုတ်လား၊ ကိုယ့်ရဲ့ ပရော်ဖက်ရှင်နယ်အလုပ်ကို တခြားမဆိုင်တဲ့လူတွေ မနှောင့်ယှက်



နိုင်အောင် ကာကွယ်တဲ့အနေနဲ့ ရေးထားတဲ့သဘောပေါ့၊ ပြီးတော့ အောက်မှာ ကလောင်နာမည် 'ကျော်စွာမင်း' လို့ တပ်ထားတယ်၊ ရှင်းနေတာပဲဟာ . . ."

"ဟုတ်တယ် မိုးရေ . . . အဲဒီလို ရှင်းနေအောင် ရေးထားတာကိုတောင် လာပြီးရှုပ်အောင် လုပ်တဲ့ကောင်တွေရှိနေလို့ ဟောဒီအောက်ဆက်တွဲတွေကို ထပ်ရေးထားရတာကွ . . .၊ သိလား . . ."

"ဘယ်သူတွေက၊ ဘယ်လိုလာရှုပ်နေကြလို့လဲ ကိုကျော်ကျော်ရဲ့ . . ."

"ဘယ်သူတွေ ရှိရမှာလဲ၊ ဟိုကဗျာဆရာ ငမူးတွေပေါ့"

"ကဗျာဆရာငမူးတွေ . . . ဟုတ်လား၊ အဲဒီလူတွေက ကိုကျော်ကျော့်သူငယ်ချင်းတွေပဲ မဟုတ်လား"

"အေး . . . ဟုတ်တယ်လေ . . ."

"ဒါနဲ့များ . . .၊ ကဲ . . . ထားပါ၊ အဲဒီကဗျာဆရာငမူးတွေက ဘယ်သူတွေလဲ၊ ဘာလုပ်ကြလို့လဲ"

"ဟို . . . သစ္စာပိုင်စိုးနဲ့ ဝိုင်ချိုဆိုတဲ့ နှစ်ကောင်ပေါ့၊ ကျွန်တော့်အိမ်ကို လာတယ်နော်၊ ထမင်းစားတယ်၊ အရက်သောက်တယ်၊ ညလည်းအိပ်တယ်၊ အဲဒါကိုတောင် အားမရသေးဘဲ သူတို့က ဟောဒီစာအုပ်တွေကိုပါ ရန်ရှာဖို့ ကြိုးစားကြတယ်ဗျ . . .၊ ဒါနဲ့ ကျွန်တော်လည်း ဒီစာကို ရေးထားလိုက်တယ်၊ အဲဒါကို သစ္စာပိုင်စိုးက ဖတ်ပြီး . . . င်းက လုံးဝမငှားဘူးဆိုမှတော့ ငါကလည်း မငှားပါဘူးတဲ့"

www.burmeseclassic.com



“အင်းလေ . . . ကောင်းတာပေါ့”

“ဘာကောင်းရမှာလဲ၊ သူက မငှားဘူး၊ တစ်ခါထဲ အပိုင်ယူ သွားတယ်လေ”

“ဟောတော် . . .”

“အံ့သြမနေနဲ့ဦး၊ ကျန်သေးတယ် မိုးရဲ့ . . .၊ ဒီတော့ ကျွန်တော်လည်း ဟိုစာတန်းအောက်နားကနေ ‘အပိုင်လည်း မပေးဘူး’ လို့ ထပ်ရေးထားလိုက်တာပေါ့၊ နောက်တစ်နေ့လည်းကျရော ဝိုင်းချို ဆိုတဲ့ကောင် ရောက်လာတယ်၊ ပြီးတော့ သူ့ထုံးစံအတိုင်း ကျွန်တော့် စာအုပ်စင်နားမှာ မယောင်မလည်လုပ်ရင်း ကပ်ထားတဲ့စာကိုတွေ့ ပြီး ဖတ်မိသွားပါရော . . .၊ အဲဒီမှာ ဝိုင်ချိုဆိုတဲ့လဒက ဘာလုပ် တယ်မှတ်လဲ . . .၊ ကျွန်တော့်စာအုပ်နှစ်အုပ်ကို သူ့ခါးကြားမှာ အင်္ကျီနဲ့ဖုံးပြီး ခိုးသွားတယ်ခင်ဗျ . . .၊ ခိုးသွားတယ် . . . သိရဲ့လား ကျွန်တော်လည်း အဲဒါနဲ့ပဲ . . .”

သူ့စကားမဆုံးခင် မိုးနွယ်က . . .

“အဲဒါနဲ့ပဲ အောက်ကနေ ‘ခိုးလျှင် အထိုးခံရမည်’ လို့ ထပ် ပြီးရေးလိုက်ရရော ဆိုပါတော့ . . . ခစ်ခစ် . . . ခစ် . . .”

“ဟုတ်ပါ့ဗျာ၊ အဲဒီအတိုင်း တသွေမတိမ်းပါပဲ”

“တကယ့် အာဂလူတွေပဲနော်၊ ဒါပေမယ့် မဆိုးပါဘူး၊ သူ တို့က ရှင့်ရေးထားတဲ့ စည်းကမ်းကိုတော့ လိုက်နာကြသားပဲ”

သူမက ဟိုနှစ်ကောင်ရဲ့လုပ်ရပ်တွေကို သဘောကျနေသ



လောက်၊ သူကတော့ အဲဒီအကြောင်း ပြန်တွေးမိတိုင်း ဒေါသထွက် နေရလေသည်။ တစ်ယောက်ထဲ ရှုံ့မဲ့ရှုံ့မဲ့နှင့် စိတ်တိုနေသော သူ့ ကို သူမက ပြောင်ချော်ချော်လေး စိုက်ကြည့်နေပြန်သည်။ ထိုအကြည့် လေးမှာ တဖြေးဖြေးနှင့် ကြည်နူးစရာကောင်းလာ၏။ ကျော်ကျော် သည် သူမ၏မျက်ဝန်းနက်နက်လေးများထဲမှာ လုံးဝအရည်ပျော်ကျ သွားတော့သည်။

ရင်ခုန်သံတွေ မြန်နေစေသော ထိုအခြေအနေမျိုးတွင် သူမ က သူ့ကို ရုတ်တရက် စကားလှမ်းပြောလိုက်ပါ၏။

“ကိုကျော်ကျော်ကတော့ မိုးကို တော်တော်လေး ရဲတင်းတဲ့ ကောင်မလေးလို့ ထင်မှာပဲနော်၊ ဒီထက်ပိုပြီး အခန့်မသင့်ရင် မိုးကို အထင်တောင် သေးချင်သေးနေဦးမှာ . . .”

သူမ၏ စိုးရိမ်စိတ်ကို သူက တအံ့တသြဖြင့် . . .

“အဓိပ္ပါယ်မရှိတာ၊ ဘာဖြစ်လို့ ကျွန်တော်က မိုးကို အဲဒီလို ထင်ရမှာလဲ”

“မိုးက ယောကျာ်းလေးတစ်ယောက်ထဲနေတဲ့ အခန်းကို သိသိနဲ့ အတင့်ရဲပြီး ရောက်လာတာကိုး . . .”

“ဒါကလည်း ကျွန်တော့်အပြစ်ပါ၊ မိုးက ချိန်းထားတဲ့ဆီကို ကျွန်တော်အချိန်မီ ရောက်မလာခဲ့လို့ ဒီအထိလိုက်လာပြီး ပိုက်ဆံ ပေးတာပဲဥစ္စာ . . .၊ မိုးက ကျွန်တော့်မှာ သုံးဖို့မရှိမှာ စိုးရိမ်ပေးတဲ့ အတွက် ကျွန်တော်ကတောင် ပြန်ပြီးကျေးဇူးတင်ရဦးမယ့်ဟာဖြစ်

www.burmeseclassic.com



လို့ အထင်သေးရမှာလဲ၊ ပြောစမ်းပါဦး . . .”

သူမ၏ နှုတ်ခမ်းထောင့်စွန်းလေးများမှ လှပစွာ ကွေးညွတ်သွားပါသည်။ သူ့ကို သူမက အပြုံးလေးထဲစိမ်၍ ကြည့်နေရင်း . .

“အခုလို မိုးရဲ့စိတ်ကို လုံခြုံမှုပေးတဲ့အတွက် ကျေးဇူးပါ ကိုကျော်ကျော် . . .”

“ဒါဆိုလည်း ကျွန်တော်တို့နှစ်ယောက်က အပြန်အလှန်ဖြစ်ပြီး ကျေးဇူးအကြွေးတွေ ကျေသွားပြီပဲ ထားလိုက်ပါတော့ မိုးရယ်”

ထိုအခါ သူမက သူ့ကို နောက်ရွှတ်ရွှတ်မျက်နှာပေးနှင့်-

“ဒါပေမယ့် မိုးချေးထားတဲ့ ပိုက်ဆံတစ်သောင်းတော့ ကိုကျော်ကျော်ဆီမှာ အကြွေးကျန်နေဦးမှာပဲ၊ အဲဒါတော့ မကျေသေးဘူးနော်”

မိုးနွယ်တို့ကတော့ လုပ်ချလိုက်ပြန်ပြီ။ သူလည်း ရှက်ရှက်နှင့်ပင် ပြန်မေးလိုက်ပါ၏။

“အဲဒီတစ်သောင်းကို ဘယ်နေ့နောက်ဆုံးထားပြီး ပြန်ဆပ်ရမလဲ”

သူမက အတန်ငယ်စဉ်းစားလိုက်ပြီး . . .

“ဟာ . . . ဟုတ်ပြီ၊ ဒါဆို ဒီလိုလုပ်ပါလား ကိုကျော်ကျော်၊ အဲဒီပိုက်ဆံတစ်သောင်းကို မိုးက ကိုကျော်ကျော်ဆီမှာ စပေါ်တင်ထားတယ်လို့ သဘောထားလိုက် . . .”

“ဘာ . . . ဘယ်လို . . . စပေါ်တင်တာ၊ ဟုတ်လား . . . မိုး . . .”

“ဟုတ်တယ်”

“ပြီးတော့ရော . . .”

“ပြီးတော့ . . . မိုးက ကိုကျော်ကျော်ရဲ့ စာအုပ်တွေကို ယူဖတ်မှာပေါ့၊ ဘယ်လိုလဲ . . .”

အမလေး . . . မယ်မင်းကြီးမ။ ရွှေဉာဏ်တော်ကလည်း စူးရောက်ပ့ါ။ သို့ပေမယ့် သူက မိုးကို မယုံတာမဟုတ်သော်လည်း စာအုပ်တွေနှင့် ပတ်သက်လာလျှင် တကယ်ပဲ အစိုးရိမ်ကြီးနေမိသည်။ ထိုအခိုက် သူမက သူ့အတွေးများကို သိနေသည့်အလား-

“ဘာလဲ . . .၊ ကိုကျော်ကျော်ရဲ့ စာအုပ်တွေကို တစ်ခုခုဖြစ်ကုန်မှာ စိုးရိမ်နေလို့လား၊ မိုးက ငှားဖတ်တယ်ဆိုပေမယ့် အိမ်ကို ယူမသွားပါဘူး၊ ဒီမှာပဲ မိုးက လာပြီးဖတ်မှာပါ၊ အဲဒါဆိုရင်တော့ စိတ်ချတယ် မဟုတ်လားဟင်”

ဒါဖြင့် . . . သူမကို ငါမကြာခဏ တွေ့ရတော့မှာပေါ့။ ထိုအတွေးနှင့် သူ့ရင်တွေ ထိတ်ခနဲ ဖြစ်သွားသည်။ ကျော်ကျော်က သူမကို ဖြေးဖြေးလေး ခေါင်းညိတ်ပြလိုက်၏။ နောက် . . . သူသည် သူမနှင့် စကားပင် သိပ်မပြောတော့ဘဲ ပိမိုတည်ငြိမ်စွာ နေလေသည်။ အကြောင်းမှာ ခုန်ချက်မြင့်မား ပြင်းထန်လွန်းသော သူ့ရင်ခုန်သံ အမြန်နှုန်းကို သူမ ရိပ်မိသိရှိသွားမည်စိုး၍ ဖြစ်ပါသည်။

* * * *

www.burmeseclassic.com

॥ ၁၀ ॥

ထိုသို့ဖြင့် တစ်ရက်ခြား၊ နှစ်ရက်ခြားဆိုသလို သူ့အခန်းရှိရာသို့ ရောက်လာတတ်သည့် မိုးနွယ်နှင့် ကျော်ကျော်တို့ကြားတွင် တဖြေးဖြေးနှင့် ရင်းနှီးနွေးထွေးမှု ဒီဂရီတွေ မြင့်တက်လို့လာခဲ့သည်။ အစပိုင်းမှာ သူမက ကျော်ကျော့်အခန်းကိုရောက်လျှင် ဧည့်သည်လိုသာ နေသော်လည်း အခုတော့ အိမ်ရှင်တစ်ဦးပမာ ဖြစ်နေလေပြီ။

တစ်ခါတစ်ရံ၌ သူတို့နှစ်ယောက်၏ ဆက်ဆံရေးသည် မိတ်ဆွေသူငယ်ချင်းအဆင့်ကို ကျော်လွန်ပြီး ကိုယ်ရေးကိုယ်တာ ခံစားချက်များအထိ နယ်ကျွံထွက်လာလေ့ရှိ၏။ သို့သော် သူတို့က ထိန်းချုပ်ထားနိုင်ခဲ့သည်ချည်းပင် . . .။ နောက်တော့ သူမဆီမှ



သံယောဇဉ်စွန်းပေနေသော မျက်ဝန်းအကြည့်များကို ဘာသာပြန်ရာတွင် သူက ဆရာတစ်ဆူဖြစ်လာသည်။ သူမ၏အရိပ်လေးကိုမူ သူထပ်မတွေ့ရသေး . . .။ သူ့ခမျာ အရိပ်လေးကိုတွေ့ဖို့ရန် ပုံစံမျိုးစုံနှင့် လှဲချော်လျက်ရှိပါသည်။

သူ့စာအုပ်စင်ပေါ်မှ စာအုပ်များကို သူမက တစ်အုပ်ချင်းပြီးခွင်းဖတ်ရှုနေလေရာ သိပ်မကြာခင်မှာ မိုးနွယ်ဖတ်ရန် လုံးဝလက်ကျန်မရှိတော့ချေ။ (စာအုပ်များ၏ သုံးချိုးနှစ်ချိုးခန့်ကို သူမက သူနှင့်မသိကျွမ်းမီကတည်းက ဖတ်ရှုခဲ့ပြီးသားဖြစ်၏။) သူမ၏ စာဖတ်အားမှာ အရွယ်နှင့်မလိုက်အောင် ကြောက်စရာကောင်းလှသည်။ စဉ်းစားတွေးခေါ်ပုံကလည်း နက်ရှိုင်းသိမ်မွေ့လွန်းပြီး လူပုံစံနုနုဖတ်ဖတ်လေးနှင့် ဘာဆို၊ ဘာမှုကို မဆိုင်ပေ။

မိုးနွယ်နှင့်ပတ်သက်၍ ထင်မြင်ချက်တစ်ခုအား မဖြစ်မနေပေးရမည်ဆိုလျှင် သူမသည် "ပေါ့ပါးသော တံန်ဖိုးများကို အလေးအနက် တည်ဆောက်ထားသည့် ကောင်မလေးတစ်ဦး" ဟုသာ သူက ပြောရပါလိမ့်မည်။ တကယ်တော့ သူမသည် စတင်တွေ့ဆုံခဲ့ချိန်မှစပြီး ယနေ့တိုင် သူ့နှလုံးသားပေါ် အုပ်မိုးကျနေသော အရိပ်လှလှလေးလည်း ဖြစ်ပါသည်။

* * * *

သူမနှင့် လူချင်းရင်းနှီးခင်မင်မှုတွေက တစ်ခဏအတွင်း

www.burmeseclassic.com

www.burmeseclassic.com



မှာပဲ တစ်ဆင့်ပြီးတစ်ဆင့် လျင်မြန်စွာ တိုးတက်ပြောင်းလဲလာခဲ့၏။ ညနေခင်း မိုးတိမ်များက ကောင်းကင်ပေါ်မှာ စုဖွဲ့အုံ့မှိုင်း၍ အချိန်မရွေး "မိုး" အဖြစ် ပြောင်းလဲပစ်လိုက်နိုင်လေသည်။ ဒါပေမယ့် တချို့သော တိမ်သားများတွင် အနီရောင် အကြွင်းအကျန်တွေက ရှိနေကြဆဲ။ ဒါသည် မိုးရွာမည်ဟု အတိအကျ မပြောနိုင်သလို နေသာမည်ဟုလည်း အာမခံ၍မရသော ရာသီဥတုမျိုးဖြစ်သည်။

ဒီနေ့တော့ မိုးနွယ်နှင့်သူက ရုပ်ရှင်အတူကြည့်ရန် ချိန်းထားခဲ့၏။ နေပြည်တော်ရုံတွင် နီကိုးကစ်မင်း (Nicole Kidman) ပါဝင်သရုပ်ဆောင်သော ဗာဂျီးနီးယားဝုဖ် (Virginia Woolf) ၏ဘဝဖြစ်စဉ်ကို အခြေခံပြီး ရိုက်ကူးထားသည့် The Hours ဇာတ်ကားမှာ တစ်ကျော့ပြန်ရုံတင်နေပါသည်။

ထိုဇာတ်ကားကို ပထမအကြိမ်ရုံတင်တုန်းက သူတို့နှစ်ယောက်စလုံး အကြောင်းကြောင်းကြောင့် မကြည့်ဖြစ်ခဲ့သဖြင့်၊ အခုမှ အတူတူကြည့်ဖို့ အဖော်ရသွားခဲ့ခြင်းလည်း ဖြစ်၏။ သူသည် ချိန်းထားသည့်နေရာမှာ သူမကို စိတ်လှုပ်ရှားစွာ ရပ်စောင့်နေမိ၏။ သူမနှင့်အတူ ရုပ်ရှင်ကြည့်ရမည့်အရေးမို့ သူက အတွေးနှင့်ပင် ရင်ခုန်နေခဲ့သည်။ ဝမ်းသာစရာ နောက်တစ်ချက်ကတော့ ထိုနေရာ၌ နေရောင်အနည်းငယ် ပွင့်လာသောကြောင့်ပင် ဖြစ်ပါသည်။ အကယ်၍ အခုနေ သူမသာ ရောက်လာခဲ့ပါက သူအလွန်ကြည့်ချင်နေသော အရိပ်လေးကို တွေ့မြင်ရတော့မည် မဟုတ်လား။



သူက စိတ်ကူးတွေနှင့် တစ်ယောက်ထဲ ပြုံးရွှင်ကျေနပ်နေခိုက် သူမကို Taxi တစ်စီး၏ နောက်ခန်းမှာပါလာတာ အမှတ်မထင်မြင်လိုက်ရ၏။ ကျော်ကျော်သည် သူမကို လက်ယောင်ပြ၍ လှမ်းခေါ်လိုက်ပါသည်။

"မိုး . . . "

သူမက ခေါ်သံကိုမကြားဘဲ Taxi ကားသည် သူရပ်နေရာမှ အရှေ့တော်တော်လေး ကျော်လွန်ပြီး ရပ်သွား၏။ သို့သော် ထိုနေရာမှာ သစ်ပင်ရိပ်ကြီးများ ဆက်တိုက်အုပ်မိုးထားသဖြင့် အရိပ်တန်းရှည်ကြီး ဖြစ်လျက်ရှိသည်။ ကျော်ကျော်သည် ဟန်မဆောင်နိုင်ဘဲ သူမရှိရာသို့ အပြေးတစ်ပိုင်းဖြင့် လှမ်းလျှောက်သွားလေတော့သည်။ သူရောက်သွားချိန်တွင် မိုးနွယ်က Taxi ကားခပေး ရှင်းပြီးနေပြီ၊ မောကြီး၊ ပန်းကြီးဖြင့် အပြေးအလွှားရောက်လာသည့် သူ့ကို သူမက နားမလည်နိုင်သလို တစ်ချက်ကြည့်၍ မေးလိုက်၏။

"ဘယ်လိုများ ဖြစ်လာတာလဲ ကိုကျော်ကျော်ရယ် . . . "

"ဪ . . . ဟို . . . ဟိုလေ . . . မိုးကို ရုတ်တရက် လှမ်းတွေ့လိုက်တော့ ပျော်ပြီးပြေးလာမိတာ . . . "

"ဟုတ်လား . . . ခစ်ခစ် . . . ခစ် . . . ကိုကျော်ကျော်က ရယ်ရတယ်တော့ . . . ဘာလဲ . . . ဟာသလိုင်း ပြောင်းရေးမလို့ လေ့ကျင့်နေတာလား"

"အာ . . . မိုးကတော့ လုပ်ပြီ"

www.burmeseclassic.com

www.burmeseclassic.com



သူမစကားကြောင့် ရှက်သွားမိသော်လည်း အရိပ်လေးကို လောလောဆယ် တွေ့မြင်ခွင့်ရဖို့က ပိုအရေးကြီးမှန်း သူချက်ချင်း သတိရသွားသည်။ ဘေးနားဝဲယာသို့ အကဲခတ်ကြည့်လိုက်တော့ အရိပ်များက တစ်ခုနှင့်တစ်ခု ဆက်လျက်ရှိတာကို တွေ့ရပါသည်။ အကြည့်တစ်နေရာ၌ သူ့မျက်ဝန်းများ ဖျတ်ခနဲ လက်ပလို့သွား၏။

ထိုတစ်နေရာမှာ သစ်ပင်ရိပ်များကြားတွင် ဆယ်ပေခန့်ရှိသော နေရောင်ခြည်ထိုးကျနေသည့် ကွက်လပ်ငယ်လေးတစ်ခုသာ ဖြစ်ပါသည်။ သူမကို အဲဒီနေရာလေးဆီ ခေါ်သွားနိုင်ပါက သူ့ဆန္ဒတွေ ပြည့်သွားတော့မည်။ ထိုစဉ် . . .

"ကိုကျော်ကျော် . . . လက်မှတ်ဝယ်ထားပြီးပြီလား"

သူ့ခေါင်းထဲမှာ တစ်စုံတစ်ရာ လင်းခနဲ ဖြစ်သွား၏။ ကျော်ကျော်သည် လက်မှတ်နှစ်စောင်ကို ဝယ်ထားပြီးသား ဖြစ်သော်လည်း-

"ဟာ . . . မိုးပြောမှပဲ သတိရတော့တယ်၊ ကြည့်စမ်း . . . ကံကောင်းလို့ . . .၊ ကဲ . . . အမြန်လာ မိုး . . . သွားဝယ်ကြမယ်"

ပြောပြောဆိုဆိုနှင့် ကျော်ကျော်က သူမလက်ကိုဆွဲကာ နေရောင်ခြည်ထိုးကျနေသော ကွက်လပ်လေးဆီ ဦးတည်၍ ခြေလှမ်းလိုက်လေသည်။ အကြောင်းမှာ ထိုနေရာတည့်တည့်မှ ဖြတ်လျှောက်သွားလျှင် နေပြည်တော်ရဲ့ လက်မှတ်အရောင်းဌာနသို့ ရောက်မည် မဟုတ်ပါလား။

သူမလည်း ယောင်နနနှင့် သူ့လက်ဆွဲပြီး ခေါ်ဆောင်ရာ



နောက်ကို လိုက်ပါလာခဲ့၏။ ဟော . . . ရောက်ခါနီးပြီ။ ကျော်ကျော်တာ နေရောင်ခြည်ရှိသော ထိုကွက်လပ်ငယ်လေးထဲ ဦးဆောင်၍ ဝင်သွားပါတော့သည်။ နေရောင်ထဲသို့ ခြေလှမ်းလေး၊ ငါးလှမ်းခန့် လှမ်းပြီးသွားတော့ သူက ရုတ်တရက် နောက်ကိုပြန်လှည့်ကြည့်လိုက်၏။ ဟာ . . . . . . . . ။ သူအရမ်းအံ့ဩသွားမိသည်။ ကျော်ကျော်တွေ့လိုက်ရသည်မှာ သူ့အရိပ်တစ်ခုထဲသာဖြစ်ပြီး သူမ၏အရိပ်ကမူ လုံးဝပျောက်ကွယ်လို့ နေလေသည်။

ဘုရား . . . ဘုရား . . . ။ ဘယ်လိုဖြစ်ရတာပါလိမ့်။

ပိုမိုသေချာစေရန် သူက မျက်စိနှစ်ဖက်စလုံးကို လက်ဖြင့် ပွတ်သပ်ပြီး ကြည့်လိုက်ပြန်သည်။ ဟိုက်ရှားပါး . . . . . ။ ထိုအခါ ကျော်ကျော့်မှာ ပို၍ထိတ်လန့်စရာ ဖြစ်သွားတော့၏။

ဒီတစ်ခါတွင် စောစောက တွေ့ခဲ့ရသည့် သူ့အရိပ်ကိုပါ လုံးဝမတွေ့ရတော့ခြင်း ဖြစ်သည်။ ပတ်ဝန်းကျင်အား သူက သေချာလှည့်လာလိုက်သောအခါ သူ့အရိပ်တင်မဟုတ်ဘဲ ကွက်လပ်ငယ်ထဲမှာ နေရောင်ခြည်တွေပါ မရှိတော့ကြောင်း တွေ့ရ၏။ သူက မကျေနပ်နှင့် ဆက်စူးစမ်းကြည့်တော့ အဖြေက ခပ်လှမ်းလှမ်း၌ရပ်ထားသည့် ဆယ်ဘီး Truck ကားကြီးတစ်စီး ဖြစ်နေလေသည်။ ဒင်းကြောင့် ကွက်လပ်ငယ်လေးမှာ အရိပ်ကွယ်သွားတာကိုး . . . ။

နောက်ထပ် နေရောင်ခြည်ရှိရာဆီ သွားရန်ကျတော့ အနည်းငယ် ဝေးနေသဖြင့် ကျော်ကျော်လည်း စိတ်ဓါတ်ကျသွားပါ၏။ သူမ

www.burmeseclassic.com

www.burmeseclassic.com



ကိုရော . . . ဘယ်လိုအကြောင်းပြုပြီး ခေါ်ရမလဲ။ တွေတွေကြီး ရပ်ပြီး စဉ်းစားငေးငူနေသော သူ့ကို သူမက လှုပ်ရမ်းကာ ခေါ်နေ ပြန်သည်။

“ကိုကျော်ကျော် . . . ကိုကျော်ကျော် . . . ဘာဖြစ်သွား တာလဲ၊ ဒီမှာ မိုးမေးနေတယ်လေ၊ လက်မှတ်သွားဝယ်မယ်ဆိုပြီး ဘယ်လိုဖြစ်သွားရတာလဲလို့ . . .၊ မိုးကို စိတ်ပူအောင် မလုပ်နဲ့နော်”

ဒီတော့မှ သူလည်း သတိပြန်ဝင်လာပြီး . . .

“ဩော် . . . ဘာမှမဖြစ်ပါဘူး မိုးရဲ့၊ ကျွန်တော့်စိတ်ထဲမှာ လက်မှတ်ကိစ္စနဲ့ပတ်သက်ပြီး တစ်ခုခု မှတ်မိနေသလို ဖြစ်နေလို့ လက်မှတ်က ဝယ်ပြီးနေပြီထင်တယ် မိုးရ . . . နေဦး . . .”

သူက ဟိုလိုလို၊ ဒီလိုလိုတွေ ဖြစ်အောင်ပြော၍ အရှုံးကွက် နင်းကာ သူ့ခန္ဓာကိုယ်ပေါ်မှ အိတ်ကပ်များကို လျှောက်စမ်းကြည့် နေပြန်သည်။ ပြီးတော့ ဘောင်းဘီအိတ်ကပ်ထဲမှ တစ်စုံတစ်ရာကို နှိုက်ထုတ်လိုက်ပါ၏။

“ဟော . . . တွေ့လား၊ လက်မှတ်တွေ . . .၊ အဲဒါကြောင့် ကျွန်တော့်စိတ်တွေ ထင့်နေတာဖြစ်မယ်၊ လက်မှတ်က ဝယ်ပြီးသား ပါလို့၊ မိုးက မေးလိုက်တော့ ကျွန်တော်လည်း ကြောင်ပြီး မဝယ်ရ သေးဘူးပဲ မှတ်နေတာဗျ၊ ကျွန်တော်လည်း ဦးနှောက်ပါပဲ . . . အိပ် ရေးတွေပျက်ပြီး လူပါကြောင်တောင်တောင် လျှောက်ဖြစ်ကုန်ပြီ ထင်တယ်”



သူမမျက်နှာပေါ်မှာ စိုးရိမ်ရိပ်များက ငြင်းမရအောင် လွှမ်း ရုံစိုးမိုးလို့လာ၏။ မိုးနွယ်သည် သူ့ကို စေ့စေ့ကြည့်ရင်း . . .

“ကိုကျော်ကျော် . . . ဖြစ်ရဲ့လားဟင်၊ ရုပ်ရှင်ကြည့်ဖို့ရော အဆင်ပြေရဲ့လား၊ နေမကောင်းရင်လည်း အိမ်ပြန်ကြတာပေါ့၊ ရုပ်ရှင် က ဘယ်အချိန်ကြည့်ကြည့်ရတယ်၊ မိုးကို အားမနာနဲ့နော်၊ သိလား”

ထိုအချိန်မှာပဲ ပတ်ဝန်းကျင်တစ်ခုလုံးကို မိုးသားတိမ်တိုက် တွေ ဖုံးလွှမ်းသွားခဲ့ပြီး နေရောင်များ ကွယ်လွင့်ပျောက်ဆုံးသွားကြ သည်။ လေကလည်း ပိုမိုကြမ်းတမ်းလာသည်။ ခဏနေရင် မိုးကြီး တော့မည့် သဘောရှိ၏။ ဒီနေ့အဖို့ အရိပ်လေးကို တွေ့မြင်ခွင့်ရရန် သူမမျှော်လင့်သင့်တော့ဟု ဆုံးဖြတ်လိုက်ပါသည်။ နောက် . . . ကျော်ကျော်က သူမကို နူးညံ့စွာ ပြုံးပြ၍ . . .

“ကျွန်တော်က အားလုံးအိုကေပါတယ် မိုးရဲ့၊ ကျွန်တော်တို့ ရုပ်ရှင်ကြည့်ကြမယ်လေ . . . နော်မိုး၊ အခုလို စိတ်ပူပေးတဲ့အတွက် မိုးကို အရမ်းကျေးဇူးတင်တယ်”

သူမကို အဲဒီလိုကြီးစိုက်ကြည့်ပြီး ပြောလာတော့ မိုးနွယ် လည်း ရှက်ရွံ့သွားမိ၏။ ကျော်ကျော့်မျက်ဝန်းများတွင် ကြည်နူးရိပ် တွေ တွဲခိုလှုပ်ရမ်းနေတာ ထင်ရှားလှသည်၊ မိုးနွယ်လည်း သူ့ကို မကြည့်ဘဲ လှမ်းပြောလိုက်လေသည်။

“ရုပ်ရှင်ကြည့်မှာဆိုလည်း သွားကြမယ်လေ၊ ဟိုမှာ သူများ တွေတောင် ရုံထဲဝင်ကုန်ကြပြီ”

www.burmeseclassic.com

www.burmeseclassic.com



“. . . . . . . . . . . . . . . .”

ဒီလိုနှင့် . . . . . . .။

ဒီလိုနှင့် . . . . . . . . . . . .။

* * * *

॥ ၁၁ ॥

ကျော်ကျော်တစ်ယောက်ထဲ မနေ့တုန်းက အဖြစ်အပျက်ကို ပြန်စဉ်းစားရင်း မကျေမနပ်တွေ ဖြစ်လျက်ရှိသည်။ တကယ်တော့ သူမကျေမနပ် ဖြစ်မည်ဆိုလည်း ဖြစ်လောက်စရာပင် . . .။ ထိုဖြစ်ရပ်ကို သူ့စိတ်ထဲမှာ အခုထိ မေ့ပျောက်လို့ မရနိုင်သေးဘဲ ဖြစ်နေ၏။ နေရောင်ခြည်ထဲ သူ့မျက်စိတွေ ဝေဝါးသွားတာလည်း မဖြစ်နိုင် . . .။ သူတို့နားသို့ ဆယ်ဘီး Truck ကားကြီး လာရပ်ထားခဲ့၍ နေရောင်ကွယ်သွားတာတော့ ထားပါတော့ . . .။ ဒါပေမယ့် အဲဒီ မတိုင်မီက သူ့အရိပ်တစ်ခုသာပေါ်ပြီး သူမ၏အရိပ် ပျောက်နေခြင်းမှာ စဉ်းစားစရာကောင်းလှ၏။

www.burmeseclassic.com

www.burmeseclassic.com



သူနှင့် အခုရင်ဆိုင်ကြုံတွေ့နေသော ကောင်မလေးမှာ မိုးနွယ်မှ ဟုတ်ရဲ့လား။ တစ်ခါက သူမပြောခဲ့ဖူးသည့် "မမမိုးသွယ်ရဲ့ ဝိညာဉ်က မိုးနားမှာ အမြဲရှိနေသလိုပါပဲ" . . . ဆိုသော စကားကို ပြန်ကြားယောင်မိပြီး သူအနည်းငယ် သွေးဆူသွား၏။ စာအုပ်တစ်အုပ်ထဲတွင် ဖတ်ခဲ့ဖူးသော "ဝိညာဉ်တွေက အရိပ်မထွက်ဘူး" ဟူသည့် ဝါကျတိုလေးကလည်း သူ့စိတ်များကို ခြောက်ခြားလာစေခဲ့သည်။

ကျော်ကျော်သည် ကြုံခဲ့သော အဖြစ်အပျက်နှင့် သိထားသည့် အချက်အလက်များအား ဆက်စပ်တွေးခေါ်ကာ သူ့သံသယစိတ်ကို ကြီးထွားလာအောင် ပြုလုပ်ပေးလျက် ရှိနေတော့သည်။ နောက် . . . သူက အရိပ်ရှိရှိ မရှိရှိ ငါချစ်တာ မိုးနွယ်ပဲဟုတွေး၍ ကိုယ့်ကိုယ်ကို အားပေးလိုက်ပြန်၏။ ပြီးတော့ အဲဒီအတွေးကိုပဲ သူက အတည်ယူလိုက်ပြီး ကိုယ့်စိတ်ကိုယ် ကျေနပ်လာအောင် လှုံ့ဆော်နေလေသည်။

* * * *

ဒီနေ့က ကျော်ကျော်၏ ဆယ်အုပ်မြောက်လုံးချင်းဝတ္ထုသစ်ထွက်မည့်နေ့မို့ ထုတ်ဝေသူကိုတိုး အပါအဝင် သူတို့သူငယ်ချင်းများအားလုံး ဝမ်းမြောက်ဝမ်းသာ ဖြစ်နေကြပါ၏။ ကိုယ့်စာအုပ်အသစ်



ထွက်မှာဖြစ်၍ သူက တခြားသော စာရေးသူတို့လိုပင် ကြည်နူးရွှင်ပျနေခြင်းသာ ဖြစ်သည်။ ကိုတိုးသည်ကား ရှေ့က စာအုပ်ထက် နယ်အမှာများ ပိုတက်လာသဖြင့် မျက်နှာကြီးဝင်းပလျက်ရှိသည်။ ကျော်ကျော့်သူငယ်ချင်းဆိုသူများဖြစ်သော စာရေးဆရာအိမ်ခြေ၊ မာန်ယက်သာ (ခေါ်) ဒုက္ခနတ်သား၊ ကဗျာဆရာဝိုင်ချိုနှင့် သစ္စာပိုင်စိုး . . . (အစရှိသဖြင့်) တို့သည် သိပ်မကြာခင် သောက်ရတော့မည်ဆိုသည့် အသိကြောင့် အထူးပျော်မြူးနေလေ၏။

စာအုပ်မိတ်ဆက်ပွဲအပြီးမှာ ကျော်ကျော့်ကို မင်္ဂလာဇင်းဂျာနယ်အချို့မှ ဆယ်အုပ်မြောက်လုံးချင်းဝတ္ထုသစ်နှင့် ပတ်သက်၍ အင်တာဗျူးတွေ လုပ်နေကြပြန်သည်။ "ငါတို့" ဂျာနယ်မှ သတင်းထောက်လေးသီရိကို အယ်ဒီတာချုပ်မမစန်း၏မောင်ဖြစ်သူ ကျော်ထင်အောင်နှင့်တွဲကာ တွေ့လိုက်ရ၏။ သူတို့နှစ်ယောက်သည် ဘာလိုလိုသတင်းတွေ ထွက်နေ၏။ (ဘာလိုလို - သမီးရည်းစားတွေ ယူဆခံရခြင်းကို သူတို့က ဟုတ်သလိုလို၊ မဟုတ်သလိုလိုနှင့် တုံ့ပြန်နေကြခြင်း ဖြစ်သည်။)

ညနေခင်း အရက်ဝိုင်းချိန်ရောက်တော့ သူတို့ထုံးစံအတိုင်း ငြင်းခုံဆွေးနွေးညည်းသံများနှင့် သူငယ်ချင်းများအားလုံး ပျော်ရွှင်လျက်ရှိကြပါသည်။ ကိုတိုးကတော့ မပါချေ။ ကျော်ကျော်ကမူ မိုးနွယ်အကြောင်းစဉ်းစားမိတိုင်း စိတ်တွေထွေပြားလာမိ၏။ ယခုလည်း ကျော်ကျော်ကအပြင်းမသောက်ဘဲ ဘီယာလောက်သာ သောက်နေလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒါကို ဝိုင်ချိုက ရိပ်မိသွားပြီး . . .

"သောက်စမ်းပါ ကျော်ကျော်ရ . . . မင်းရဲ့ပွဲပဲ ဥစ္စာ
. . . ၊ အပြင်းလေး နည်းနည်းပါးပါးတော့ ချဉ်းမှပေါ့ကွ"

အိမ်ခြေကလည်း အချွန်နှင့်ဝင်မရင်း ကတိတစ်ခုကို
အဆစ်ပေးလိုက်သေး၏။

"အေးလေကွာ၊ ချစရာရှိတာ ချစမ်းပါ၊ ဒါပေမယ့် တစ်
တော့ စိတ်ချပေါ့ကောင်၊ ဘယ်လောက်မူးမူး မင်းအိမ်ကိုတော့ လုံး
လိုက်မအိပ်ဘူး၊ စိုးရိမ်မနေနဲ့ . . ."

"အဲဒါကြောင့် မဟုတ်ပါဘူးကွ၊ ငါ့စိတ်တွေ နည်းနည်းလေး
လံထိုင်းမှိုင်းနေလို့ပါ"

ထိုအခါ တစ်ချိန်လုံးဝင်မပြောဘဲ ထိုင်နေသော မာန်ထက်
သာက . . .

"မင်းကို အဲဒါပြောနေတာပေါ့ကွ၊ စိတ်တွေလေးနေရင် 
ခွက်ကို မော့သာမော့ချပစ်လိုက်၊ ပြီးရင် မင်းခံစားနေရတာတွေကို
ငါတို့ဆီမှာ ရင်ဖွင့်လိုက်ပေါ့၊ မဟုတ်ဘူးလား . . ."

"ဟုတ်တယ် . . . ဟုတ်တယ် . . . ချ . . . ချ . . . ပေ
ကောင် . . ."

သစ္စာပိုင်စိုးကလည်း အပြင်းသောက်ဖို့ တိုက်တွန်းနေ၏။
အနှစ်ချုပ်လိုက်သောအခါ သူ့ကို သူငယ်ချင်းတွေ အားလုံးက အရက်
သောက်စေချင်သည်မှာ ထင်ရှားလှသည်။ သူလည်း ဘာမှစဉ်းစား



မနေတော့ဘဲ ရှေ့တွင် အဆင်သင့်ရှိနေသော အရက်ခွက်ကိုယူ၍
ဂွပ်ခနဲ မော့ချပစ်လိုက်တော့သည်။ ချက်ချင်းပဲ သွေးတွေ ပူနွေးလို့
လာ၏။

ဝိုင်ချိုက အလိုက်သိစွာဖြင့် နောက်တစ်ခွက်ကို အဆင်
သင့်ငှဲ့ပေး၏။ သူထပ်မော့လိုက်ပြန်သည်။ ကျန်သူငယ်ချင်းများက
မျက်လုံးပြူး၍ သူ့အားလိုက်ကြည့်နေကြသည်။ နှစ်ခွက်ခန့်ဝင်သွား
တော့ သူ့စိတ်ထဲ၌ လေးလံမှုတွေ ပျောက်သွားကာ အနည်းငယ်
ရီရီဝေဝေဖြစ်လာပြီး မိုးနွယ်ကို သတိရသွားလေသည်။

"ပြောစမ်းပါဦး၊ မင်းစိတ်တွေက ဘာလို့လေးလံထိုင်းမှိုင်း
နေရတာလဲ"

မာန်ထက်သာ မေးလိုက်သည်ကို ကျော်ကျော်က ဘာမှ
ပြန်မပြောဘဲ ခေါင်းကိုသာ ရမ်းပြနေ၏။ အဲဒါကို မာန်ထက်သာက
မလျှော့သေးဘဲ . . .

"မဟုတ်သေးပါဘူး၊ အကြောင်းတစ်ခုခုတော့ မင်းမှာရှိမှာ
ပေါ့ကွ"

ထိုအခါ ငိုချင်လျက် လက်တို့ဆိုသလို ရင်ဖွင့်ချင်နေသော
ကျော်ကျော်မှာ မခံစားနိုင်တော့ . . . ။ သူငယ်ချင်းတွေရှေ့မှာ မိုးနွယ်
နှင့်ပတ်သက်သမျှများကို ဖြစ်ကြောင်းကုန်စင် ပြောလိုက်သည့်အပြင်
လက်ရှိဝေခွဲမရဖြစ်နေသော ပြဿနာအခြေအနေကိုပါ ပြောပြလိုက်
လေတော့သည်။ အားလုံးက တအံ့တသြနှင့် နားထောင်လို့နေကြ၏။

www.burmeseclassic.com

www.burmeseclassic.com



အိမ်ခြေက . . .

"ဒါဖြင့် မင်းအခုထိ သူ့အရိပ်လေးကို ကပ်မတွေ့ရသေးဘူးပေါ့"

"အေးပေါ့ကွ၊ နောက်ပြီး သူနဲ့အပြင်မှာတွေ့တိုင်း မိုးက အမြဲအုံ့မှိုင်းနေတာချည်းပဲ"

"မင်းအိမ်မှာ စာအုပ်လာဖတ်တဲ့ နေ့တွေဆိုရော . . ."

"အဲဒီနေ့တွေဆို မိုးနွံယ်က ညနေစောင်းမှပဲ ပြန်သွားတတ်တယ်ကွ"

"မင်းဟာက ဒါဆိုရင် ခက်တော့ခက်နေပြီ . . .၊ နေဦး . . . ကျော်ကျော် . . . ငါစဉ်းစားမိတာ တစ်ခုတော့ ရှိတယ်"

သူက စိတ်ဝင်စားစွာဖြင့် . . .

"အင်း . . . လုပ်စမ်းပါဦး"

"ဒီလိုလေကွာ၊ မိုးနွယ်က အဲဒီလို ညနေစောင်းမှ ပြန်တာ၊ ပြီးတော့ နေပူတဲ့နေရာတွေ မသွားဘဲ နေရောင်ခြည်ကို ရှောင်တာ၊ မင်းနဲ့သူ အပြင်မှာဆုံတိုင်း မိုးအုံ့တဲ့နေ့တွေချည်း ဖြစ်နေတာတွေဟာ မိုးနွယ်အနေနဲ့ တမင်ရွေးချယ်ပြီး လုပ်နေတာများလားလို့ပါ"

ကျော်ကျော်စိတ်တွေ ဝုန်းခနဲ လှုပ်ရှားသွားပြီး အိမ်ခြေကို ခပ်စူးစူး တစ်ချက်စိုက်ကြည့်ပစ်လိုက်မိသည်။ နောက် . . . သူက အေးစက်စက်လေသံနှင့် . . .

"ဘာလဲ . . . မင်းက မိုးနွယ်မှာ အရိပ်မရှိဘူး၊ ဝိညာဉ်လို့ဆိုလိုချင်တာလား"



အိမ်ခြေက ခွက်ထဲမှ လက်ကျန်အရက်များကို အကုန်မော့ချလိုက်ရင်း . . .

"အဲဒီလို တစ်ထစ်ချကြီး သေချာနေတာမျိုးတော့ မဟုတ်ဘူးပေါ့ကွာ၊ ဒါပေမယ့် . . ."

စကားမဆုံးခင် ကျော်ကျော်က ဖြစ်၍မေးလိုက်ပြန်၏။

"ဒါပေမယ့်တွေ၊ ဘာတွေ လုပ်မနေနဲ့၊ ငါ မင်းကိုတစ်ခုမေးမယ် အိမ်ခြေရာ . . .၊ ဝိညာဉ်ဆိုတာ တကယ်ရှိတယ်လို့ မင်းယုံကြည်သလား"

ကျော်ကျော်သည် ထိုမေးခွန်းအဆုံး၌ သူတို့ရုပ်ရှင်သွားကြည့်သောနေ့က နေပူထဲတွင် သူ့အရိပ်ပဲရှိနေပြီး သူမအရိပ် မပေါ်သည့် ခြောက်ခြားထိတ်လန့်စရာဖြစ်ရပ်အား ပြေးသတိရလိုက်မိသည်။ သူ့မှာ မေးသာမေးလိုက်ရ၏။ ဝိညာဉ်ဆိုတာ တကယ်ရှိ၊ မရှိ သူကိုယ်တိုင်လည်း သေချာမသိပေ။ အိမ်ခြေက သူ့လေသံအနေအထားကြောင့် ယုံတယ်ဟု အပြတ်မပြောဝံ့ဘဲ . . .

"ဟ . . . မင်းကလည်း၊ လုံး၀ဥဿုံ (၁၀၀) ရာခိုင်နှုန်း ယုံကြည်တယ်တော့ ဘယ်ဟုတ်ပါ့မလဲ၊ ဒါပေမယ့် တချို့ဟာတွေကျတော့ မယုံလို့မရတဲ့ အနေအထားမျိုးတွေ ရှိတယ်ကွ"

ရုတ်တရက် သစ္စာပိုင်စိုးက အိမ်ခြေဖက်မှ စစ်ကူဝင်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ကျော်ကျော်ရ၊ တချို့ကိစ္စတွေမှာ သဘာဝလွန် ဆန်းကြယ်မှုမျိုးတွေ ရှိတတ်တယ်"

သူက မဲ့ပြုံးလေးပြုံးကာ ခပ်ထေ့ထေ့လေသံမျိုးနှင့် . . .

"ဒါဖြင့် မင်းတို့က ဝိညာဉ်ဆိုတာ တကယ်ရှိတယ်လို့ လက်ခံနိုင်တယ်ပေါ့၊ ဟုတ်လား"

ကျော်ကျော့်မေးခွန်းကိုကြားတော့ ဝိုင်ချိုက ဒေါသက တက်လိုက်ပြန်သည်။

"ဟာ . . . ဒါဆို မင်းအိမ်မှာ ငါတို့ကိုယ်တိုင်ကြုံခဲ့တဲ့ အဖြစ်အပျက်တွေကရော . . .၊ အဲဒါတွေက မင်းအဖေနဲ့အစ်ကိုတွေရဲ့ ဝိညာဉ်တွေပဲ မဟုတ်ဘူးလား"

သူလည်း ဝိုင်ချိုစကားကို ဟက်ဟက်ပက်ပက်နှင့် အားရပါးရ ရယ်မောပစ်လိုက်၏။ ကျယ်လောင်သော ရယ်သံကြောင့် ဝိုင်ချို အပါအဝင် သူငယ်ချင်းများမှာ ကြောင်ပြီး သူ့ကိုဝိုင်းကြည့်နေကြသည်။ ဒီတော့မှ ကျော်ကျော်က စပ်ဖြဲဖြဲလေးနှင့် ရှင်းပြရလေသည်။

"အဟီး . . . အဲဒါတွေက မင်းတို့ကို ငါတမင်နောက်ပြီး ခြောက်ခဲ့တာပါကွ"

မာန်ထက်သာ (ခေါ်) ဒုက္ခနတ်သားမှလွဲ၍ ထိုဖြစ်ရပ်ကို ကိုယ်တိုင်ကြုံခဲ့ဖူးသည့် ဟိုသုံးကောင် (အိမ်ခြေ၊ ဝိုင်ချို၊ သစ္စာပိုင်စိုး) မှာ မူးခါစအရသာလေးပင် ပြယ်လွင့်သွားရှာသည်။ အခုမှ အလိမ်ခံရမှန်းသိပြီး ဒေါသတွေလည်း တလိပ်လိပ်နှင့် ထွက်လို့လာကြ၏။

"ဘာ . . . နောက်တာ ဟုတ်လား"

"ဟော့ကောင် . . . လျှောက်ပြောမနေနဲ့၊ ငါတို့က ကိုယ်တွေ့ခံခဲ့ရတာ . . ."

သစ္စာပိုင်စိုး၏လေသံမှာ မကျေမနပ်ဖြစ်နေကြောင်း သိသာလှ၏။ ကျော်ကျော်က ပေါ့ပေါ့ပါးပါးပင် ပြန်ပြောလိုက်ပါသည်။

"မင်းဖြစ်တာ ငါသိပါတယ် သစ္စာရာ . . .၊ မင်းက ငါ့အိပ်နေတုန်း ငါ့စာအုပ်စင်ပေါ်က စာအုပ်တွေကို 'မ' မလို့ ကြံစည်တယ်၊ ဒါပေမယ့် ညက သောက်ထားတဲ့ အရှိန်မသေသေးဘဲ မင်းဘာသာ နေပြီး ခုံပေါ်ကနေ ခြေချော်ကျတာ . . .၊ အဲဒါကိုသိလို့ ငါက အဖေ့ကို ဟန်သလိုပြောပြီး မင်းလန့်သွားအောင် ခြောက်လိုက်တာပါကွာ၊ သဘောပေါက်ပြီလား"

ဝိုင်ချိုက မယုံသလိုနှင့် မေးလိုက်ပြန်သည်။

"ဒါဖြင့် အဲဒီနေ့ညက ငါတို့သောက်စားထားတဲ့ ပန်းကန်ခွက်ယောက်တွေကိုကျတော့ ဘယ်သူက သိမ်းဆည်းပြီး သန့်ရှင်းရေးလာလုပ်ပေးသွားသလဲ၊ ပြောစမ်းပါဦး"

"အောင်မာ . . . လာသေးတယ်၊ ဘယ်သူရှိရမှာတုန်း၊ ငါပေါ့ကွ၊ ငါက အိမ်ကို ပေကျံရှုပ်ပွနေရင် မနေတတ်တော့ ငါပဲ အပင်ပန်းခံပြီး သိမ်းဆည်းရတော့တာပေါ့၊ ငါမှမလုပ်ရင် မင်းတို့ကရော ဝိုင်းကူလုပ်ပေးမှာ ကျနေတာပဲ၊ မူးပြီး သေနေကျပြီးတော့များ . . ."

ဒါကိုတောင် ဝိုင်ချိုက မကျေနပ်သေးဘဲ . . .

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို နောက်ဖေးမှာ ရေနွေးအိုးကြီး ဆူနေတာကရော"

"အဲဒါလည်း ငါတည်ထားတာပေါ့ကွ၊ အိပ်ရာက နိုးနိုးလာ ချင်း ဗိုက်ဆာလို့ ယမ်ယမ်ချဉ်စပ်ခေါက်ဆွဲ ပြုတ်စားရအောင် ရေနွေး တည်ထားတာလေ၊ ရှင်းရှင်းလေးပဲ ဥစ္စာ . . .၊ မင်းတို့ဘာသာ မင်းတို့ ကြောက်လန့်ပြီး မစဉ်းစားမိတာပေါ့"

ဒီတော့မှ ဝိုင်ချိုက အရှက်ပြေ . . .

"မသိဘူးလေကွာ၊ မင်းပဲ အစကပြောတော့ အိမ်မှာ အလေ ရော၊ အစ်ကိုတွေပါ ရှိတယ်ဆို၊ သူတို့တွေက မင်းကို အခုထိ စောင့် ရှောက်ကူညီနေကြတုန်းပဲဆိုကွ"

"ဩော် . . . အဲဒါကလား၊ ဒီလိုလေ၊ ငါက တစ်ယောက်ထဲ သမားဆိုတော့ အမြဲတမ်း အိမ်မှာ အထီးကျန်ဆန်နေရတာ၊ ဒီတော့ ငါဖြစ်ချင်တာကို ငါ့ဘာသာ စိတ်ကူးယဉ်ပြီး လျှောက်ပြောနေတာကွ အဲဒါကို မင်းတို့ဘာသာ ဉာဏ်နည်းပြီး ယုံကြည်တာတော့ ငါလည်း ဘာမှမတတ်နိုင်ဘူး"

ကျော်ကျော်က သူတို့ကို ဉာဏ်နည်းတယ်ဟု ပြောသွား သဖြင့် မကျေနပ်ကြသော်လည်း၊ သူရှင်းပြခဲ့သည့် ဟိုသရဲအခြောက် ခံရသော ညက အကြောင်းကိုတော့ အားလုံးဘဝင်ကျသွားလေသည်၊ သူကိုယ်တိုင်ကမူ မိုးနွယ်နှင့်ပတ်သက်၍ ပဟေဠိများကို စောင့်ကြည့် ဖော်ထုတ်ရပေဦးမည်။

ညနက်လာလေ သူတို့လူတွေလည်း ပိုမူးလေမို့ အခြေအနေ



တွေက ယိုယွင်းစပြုလာနေပြီ။ ကျော်ကျော်က တစ်ဝိုင်းလုံး ကျသင့် ငွေကိုရှင်းပေးကာ သူငယ်ချင်းများနှင့် လမ်းခွဲလာခဲ့ပါသည်။ အထူး သတိထားနေသည့်တိုင် အပြန်လမ်းတွင် သူ့ခြေလှမ်းများမှာ အနည်း ငယ် ယိမ်းယိုင်လျက်ရှိ၏။

ဒီလို အမှောင်ဦးဦးထဲတွင် သူက ရိဝေဝေနှင့် မိုးနွယ်ဆို သော Little Sweet လေးကို ရေရွတ်တမ်းတနေမိလေသည်။

* * * *

www.burmeseclassic.com

www.burmeseclassic.com

## ။ ၁၂ ။

ဟိုကောင်တွေနှင့် အရက်ဆိုင်မှ လူစုခွဲပြီး သူအိမ်ပြန်လာခဲ့၏။ ကျော်ကျော်အခန်းကို ပြန်ရောက်တော့ အချိန်က ည (၉) နာရီထိုးရန် ဆယ်မိနစ်မျှ လိုနေသေးသည်။ အပြင်မှာ မိုးဖွဲဖွဲလေးများက ရွာကျနေဆဲ။ ထို့ထက်ပို၍ မိုးနွယ်ဆိုသော အရိပ်ချိုချိုလေးသည်လည်း သူ့အနာဂတ်တစ်ခုလုံးကို မိုးမရွာဘဲ စွတ်စိုရွှဲနစ်နေအောင် ပြုမူဆောင်ရွက်နိုင်ကြောင်း ကျော်ကျော် အထိတ်တလန့် သိလိုက်ရ၏။ သူမကား သူ့စိတ်ကို များစွာ စိုးမိုးထားလေပြီ။

သူက အခန်းသို့ပြန်ရောက်သည်နှင့် မိုးစိုနေသည့် ဆံပင်များကို အရင်ဆုံးခြောက်အောင် သုတ်ရ၏။ ပြီးတော့ အဝတ်အစား



လဲသည်။ ဒါလည်း စိတ်တွေ အုံ့မှိုင်းဝေရီနေသေးသဖြင့် သူက မျက်နှာပါ သစ်ပစ်လိုက်သည်။ ဒီတော့မှ နည်းနည်းအမူးပြေသွားပြီး လူက လန်းဆန်းလာသည်။ သို့သော် မူးယစ်ရီဝေမှုတို့က သူ့ကို လွှမ်းရုံထားဆဲပင် . . . ။

ဘလက်ခ်ကော်ဖီတစ်ခွက်လောက် သောက်လိုက်လျှင်ကောင်းမည်ဟု တွေးမိ၍ ကော်ဖီဖျော်ရန် သူပြင်ဆင်နေခိုက်မှာ တံခါးခေါက်သံများက ရုတ်တရက် ပေါ်ထွက်လာခဲ့သည်။ ကျော်ကျော်လည်း ခေါင်းစားသွား၏။ အမှန်အတိုင်းပြောရလျှင် အခုလိုအချိန်မှာ မည်သည့်ဧည့်သည်မျိုးကိုမှ ကောင်းမွန်စွာ ဧည့်ခံနိုင်ဖို့ သူ့အဆင်သင့်မရှိပါ။ သို့သော် သူက ကော်ဖီဖျော်ဖို့ကိစ္စအား ခေတ္တရပ်ဆိုင်းကာ အခန်းတံခါးကို သွားဖွင့်ပေးလိုက်ပါ၏။ တံခါးရွက်၏နောက်ကွယ်တွင် ပေါ်လာသော မျက်နှာလေးတစ်ခုကြောင့် သူ့မှာ ထူးဆန်းအံ့ဩသွားရသည်။

"ဟင် . . . မိုးနွယ် . . ."

သူမခန္ဓာကိုယ်ပေါ်မှ အဝတ်အစားများသာမက ဆံပင်တွေပါ မိုးရေတို့ စွတ်စိုထားသဖြင့် မိုးနွယ်မျက်နှာမှာ ခပ်နွမ်းနွမ်းလေးဖြစ်နေရှာ၏။ သူက သူမလေးကို ငေးကြောင်ပြီး ကြည့်နေရာမှ အိမ်ထဲသို့ ဖိတ်ခေါ်ရန် သတိရလိုက်ပါသည်။

"လာလေ . . . မိုး၊ အထဲဝင် . . ."

မိုးနွယ်က သူ့အခန်းထဲသို့ ဝင်လာ၏။ ဒါပေမယ့် အခုချိန်

www.burmeseclassic.com

www.burmeseclassic.com



ထိ သူမက ဘာစကားမှ မပြောသေးဘဲ တစ်စုံတစ်ရာအား စူးစမ်းနေပုံရသည်။ နောက် . . . သူမက မေးလိုက်၏။

"ကိုကျော်ကျော်က အရက်တွေ သောက်ထားတာလား"

"ဟုတ်တယ် . . . မိုး၊ နည်းနည်းသောက်ထားတယ်"

သူက ဒီကိစ္စအတွက် လုံးဝအခက်အခဲမရှိဘဲ အလျင်စလို ဝန်ခံလိုက်ပါသည်။ မိုးနွယ်၏မျက်လုံးများမှာ သိလိုမှုတွေနှင့် တလက်လက်တောက်ပလျက် ရှိ၏။ သူမထံမှ နောက်ထပ်မေးခွန်းတစ်ခု ခုန်ဝင်လာသည်။

"အရင်က ကိုကျော်ကျော် ဒါမျိုးသောက်လေ့သောက်ထ မရှိပါဘူး"

ကျော်ကျော်က သိသိပ်စွာ ပြုံးလိုက်ရင်း . . .

"အင်း . . . မိုးမသိလို့ပါ၊ အမြဲတမ်း စွဲစွဲမြဲမြဲကြီး မသောက်ပေမယ့် တစ်ခါတလေ အခုလို မလွှဲသာမရှောင်သာတဲ့ အခါတွေမှာတော့ နည်းနည်းပါးပါး သောက်လေ့ရှိပါတယ်"

"အခုလိုဆိုတာက . . . "

"ဩော် . . . ဒီနေ့ (၁၀) အုပ်မြောက် ကျွန်တော့်စာအုပ်ထွက်တဲ့ အထိမ်းအမှတ်နဲ့ ပွဲတစ်ပွဲလုပ်တယ်၊ ထုတ်ဝေသူက စီစဉ်တာပါ၊ ဒါပေမယ့် ကျွန်တော်က နောက်ဆက်တွဲအစီအစဉ်အနေနဲ့ အပေါင်းအသင်း ရေးဖော်ရေးဖက်တွေကို ညပိုင်းမှာ အရက်ဝိုင်းထောင်ပေးရတယ်၊ အဲဒါ သူတို့က ဝိုင်းကျီကျနေလို့ ကျွန်တော့်မှာ



သူငယ်ချင်းတွေ ကျေနပ်အောင် တစ်ခွက်နှစ်ခွက်လောက် သောက်ပေးခဲ့ရတာပါ မိုးရဲ့ . . .၊ ဘာဖြစ်လို့လဲဟင် . . . "

"ဩော် . . . ဘာမှမဖြစ်ပါဘူး၊ မိုးက ကိုကျော်ကျော့်ကို မသောက်တတ်ဘူး ထင်လို့ပါ၊ ပြီးတော့ ပေရယ်ကလည်း ကိုကျော်ကျော့်ကို စာရေးဆရာပေမယ့် အသောက်အစား မရှိဘူးဆိုပြီး ပြောထားဖူးလို့ . . . "

သူမစကားကြောင့် သူအနည်းငယ် စဉ်းစားသွားဟန်တူသည်။ ခဏကြာမှ . . .

"အင်း . . . ပေရယ်ပြောတာလည်း ယေဘုယျအားဖြင့်တော့ မှန်ပါတယ်"

ကျော်ကျော့်ပုံစံက အရှိန်နည်းနည်း ကျန်နေသေးပုံရပါသည်။ ထိုအချက်ကို မိုးနွယ်က ရိပ်မိသွားကာ . . .

"အဲဒီ ပေရယ်ပြောတဲ့ကိစ္စကို ခဏထားဦး၊ အခုရော . . .၊ ကိုကျော်ကျော် ဘယ်လိုနေသေးလဲ၊ မူးနေသေးလား၊ ဘလက်ကော်ဖီတစ်ခွက်လောက် သောက်လိုက်ပါလား၊ မိုးဖျော်ပေးမယ်လေ"

"ကျွန်တော့်ခေါင်းထဲမှာ ရီဝေဝေဖြစ်နေတုန်းပဲ၊ ဒါပေမယ့် ခဏနေရင် ကောင်းသွားမှာပါ၊ ကော်ဖီကတော့ ကိုယ့်ဘာသာကိုယ်ဖျော်ပါ့မယ်၊ ခုနကတည်းက ကော်ဖီဖျော်မလို့လုပ်နေတုန်း မိုးရောက်လာလို့ . . . "

"ရပါတယ်၊ ကိုကျော်ကျော်က ခေါင်းမူးနေတဲ့ဥစ္စာ . . .၊

www.burmeseclassic.com

www.burmeseclassic.com



ကုလားထိုင်မှာ ငြိမ်ငြိမ်လေးသာ ထိုင်နေ၊ မိုးပဲ ဖျော်လိုက်ပါမယ် အားနာစရာမှ မဟုတ်တာကွယ်"

ကျော်ကျော့်ခမျာ ဘာမှမပြောသာတော့ဘဲ ကုလားထိုင် မှာ ဝင်ထိုင်လိုက်ရလေသည်။ အခုမှ ကျော်ကျော်လည်း သူမဆံပင် တွေ၊ အဝတ်အစားတွေ မိုးစိုနေတာကို ခြောက်အောင်သုတ်ပြီး လဲခိုင်း ဖို့ သတိရသွား၏။ နောက် . . . ညကြီးအချိန်မတော်မှာ မိုးနွယ်တ ယောက် ဘယ်လိုလုပ်ပြီး သူ့ဆီရောက်လာခဲ့ရသနည်း။ မမေးဖြစ် သေးပေမယ့် ဒါကိုတော့ သူအသိချင်ဆုံးဖြစ်၏။ ကျော်ကျော်က ထိုင်နေရာမှထလာပြီး သူမအတွက် ဖလန်နယ်အင်္ကျီလက်ရှည်တ ထည်နှင့် မျက်နှာသုတ်တဘက်တစ်ခုကို ထုတ်ပေးရင်း . . .

"ရော့ . . . မိုး၊ ကော်ဖီမဖျော်ခင် ခေါင်းကို အရင်ခြောက် အောင်သုတ်ပြီး ဒီအင်္ကျီကို ခဏလဲထားလိုက် . . .၊ တော်ကြာ . . အအေးပတ်ပြီး ကွိသွားဦးမယ်"

သူမက သူလှမ်းပေးသော အင်္ကျီနှင့်တဘက်ကို လက်ခံယူ လိုက်ပြီး ရယ်ရယ်မောမောပင် တုံ့ပြန်လိုက်ပါသည်။

"မိုး . . . အအေးပတ်ပြီး ကိစ္စချောသွားလို့ကတော့ အရင် ဆုံး ကိုကျော်ကျော်ဆီ လာခြောက်မယ်၊ လုံးဝပြေးလို့ မလွတ်စေ ဘူး၊ ဟင်းဟင်း . . . ဟင်း . . ."

မိုးနွယ်ပေါက်ကရ လျှောက်ပြောနေတာကို သူက အာ မထားနိုင်ဘဲ ခေါင်းထဲတွင် မူးဝေလာသဖြင့် ကုလားထိုင်မှာ အသာ



လေးငြိမ်၍ ထိုင်နေလိုက်ရ၏။ သူမကမူ ဗီရိုအကွယ်တစ်ခုနောက် ၌ ဖလန်နယ်အင်္ကျီလေးကို ကပို့ကရို့ဝတ်ပြီး ခေါင်းသုတ်ရင်းနှင့် ထွက်လာသည်။

အဲဒီနောက် သူမက ဘလက်ခ်ကော်ဖီဖျော်ရန် စတင်လှုပ် ရှားပါတော့သည်။ သူ့အကူအညီ ယူစရာမလိုလောက်အောင် သူမ က ဒီမီးဖိုခန်းကို ကျွမ်းကျင်ပြီးသား ဖြစ်၏။ ရေနွေး၊ ကော်ဖီမှုန့်၊ သကြား၊ သံပုရာသီး၊ ဇွန်း၊ ခွက် . . . (အစရှိသဖြင့်) အားလုံးကို သူမက အလွယ်တကူ အသုံးပြုနေလေသည်။ ကျော်ကျော်လည်း ခေါင်းမူးနေရာမှ သက်သာစပြုလာ၏။ သက်သာလာရုံမျှမက မိုးနွယ် ၏လှုပ်ရှားမှုများအား ရီဝေဝေနှင့် ငေးကြည့်နေရသည်မှာ ရိုမန့်တစ် ဆန်သော ခံစားချက်တစ်မျိုးကို ဖြစ်ပေါ်လာစေသည်။

နောက်ဆုံးတွင် သူမက သကြားတစ်ဗူးနှင့် ဘလက်ခ်ကော် ဖီနှစ်ခွက်ကို သူ့ရှေ့စားပွဲပေါ်သို့ လာချပေးကာ . . .

"ရော့ . . . ရပြီ"

"ကျေးဇူးပဲနော် . . . မိုး . . ."

"ရပါတယ်၊ မိုးရဲ့လက်ရာကို သောက်ကြည့်လိုက်ဦး၊ သံပရာ ယ်ပါ ညှစ်ပြီးသားနော်"

"ဒါဆိုရင် တန်းပြီးသောက်ရုံပဲပေါ့၊ ဟုတ်လား"

"မဟုတ်သေးဘူးလေ၊ သကြားထည့်ရဦးမယ်၊ ဒီမှာ . . . သကြားဗူး . . ."

www.burmeseclassic.com

www.burmeseclassic.com



ကျော်ကျော်က ဗူးထဲမှ သကြားများကို ဇွန်းသေးသေးလေးဖြင့်ခပ်၍ ကော်ဖီခွက်ထဲသို့ ခပ်ထည့်လို့နေ၏။ နှစ်ဇွန်းမြောက်ထည့်ပြီးချိန်တွင် သူ့ကို သူမက ဟန့်တားလိုက်ပါသည်။

"တော်လောက်ပြီလေ . . . ဆက်မထည့်နဲ့တော့"

"ကျွန်တော်က အချိုနည်းဦးမလားလို့"

"မဟုတ်တာကို ကိုကျော်ကျော်ရယ်၊ ဒီလောက် အချိုကြိုက်နေရင်လည်း သကြားရည်သာ သောက်တော့၊ ဘလက်ခ်ကော်ဖီဆိုတာ သကြားကို ဒီဇွန်းနဲ့ နှစ်ဇွန်းလောက်ပဲ ထည့်ရတယ်၊ ဒါဆို လုံလောက်ပြီ၊ သိရဲ့လား"

သူက သူမပြောသည့်အတိုင်းနာခံပြီး ကော်ဖီခွက်ကို ဇွန်းနှင့်နာနာမွှေကာ သောက်ကြည့်လိုက်ပါသည်။ မိုးနွယ်လည်း သူမကော်ဖီခွက်ကို တစ်ငုံသောက်ရင်း သူ့ကို မျက်ခုံးလှုပ်းပင့်ပြလိုက်မိ၏။ ဘယ်လိုလဲဆိုသည့် အဓိပ္ပါယ် . . .။ သူက . . .

"ကောင်းတယ် . . . ဂွဒ်"

သူမပုံစံက အနည်းငယ် မာန်တက်သွားဟန်တူသည်။ ကောင်းပါတယ်ဆိုကာမှ . . .

"အဲဒါ ဘလက်ခ်ကော်ဖီရဲ့ လျှို့ဝှက်ချက်ပဲ၊ မှတ်ထားနော် ဟီးဟီး . . ."

ဒီလိုဆိုတော့ မိုးနွယ်လေးသည် ပေါတောတောနှင့် ကလေးဆန်လွန်းနေပြန်သည်။ တဖြေးဖြေးနှင့် ညက ပို၍နက်ရှိုင်းလာ၏။



ဒီညကို သူမဘယ်လိုလုပ်မှာပါလိမ့်။ ဘယ်ကနေ ဘယ်လိုဖြစ်ပြီးရောက်လာသည်ဆိုတာကိုလည်း မပြော။ အိမ်ကိုပြန်မည့် အရိပ်အယောင်လည်း လုံးဝမပြ (သို့မဟုတ်) မရှိ . . .။ အဆိုးဆုံးကသူတို့ရောက်နေသည့် တိုက်ခန်းထဲမှာ သူနှင့်သူမ နှစ်ယောက်ထဲအတူရှိနေခြင်းပင် ဖြစ်သည်။

မိုးနွယ်ကို သူက စပြီး မေးလိုက်ရန်မှာ အားနာဖို့ကောင်းလှသည်။ သူမကလည်း စမပြော . . .။ ဒီတော့ သူက မျက်နှာပြောင်တိုက်ကာ ဒီည ဘယ်လိုလုပ်မလဲဟူ၍ သူမကို မေးရုံသာရှိတော့၏။ ဒါပေမယ့် သူ့ခေါင်းထဲတွင် ရိုရိုဝေဝေ အရှုသာတစ်ခုက ဦးဆောင်နေဆဲ . . .။ သူမဆီ လှမ်းကြည့်လိုက်တော့ သူ့ကို စူးစူးစိုက်စိုက်ငေးမောနေသော မိုးနွယ်၏မျက်ဝန်းများနှင့် သွားဆုံသည်။ ခဏမှတကယ့်ကို ခဏလေး . . .။ ထိုခဏလေးမှာပင် သူမက သူ့ထံမှသိမှုနှင့်ဆိုင်သော အရာအားလုံးကို သွေးဆောင်ဖြားယောင်းသွားနိုင်ခဲ့လေသည်။

နှစ်ယောက်သား အကြည့်တွေ လူးလွန့်ငမ်းမိုက်နေကြ၏။ ကျော်ကျော်သည် ခေါင်းထဲတွင်သာမဟုတ်ဘဲ နှလုံးသား၌ပါ မူးယစ်ဝေရီလာသည်။ ရုတ်တရက် သူက . . .

"မိုး . . . ကိုချစ်တယ်"

ဘယ်လိုကနေဘယ်လို ထိုစကားကို သူပြောဖြစ်သွားသည်မသိ . . .။ သေချာတာက သူ့မှာ ကြိုတင်ကြံစည်မှု လုံးဝမရှိဘဲ

www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်မိခြင်း ဖြစ်သည်။ သူမကမူ သူ့ကိုကြည့်ကာ ခိုးခိုးခစ်ခစ် ရယ်လျက်ရှိ၏။ ကျော်ကျော့်မျက်နှာတစ်ခုလုံး ထူအမ်းအမ်းဖြစ်လာပြီး ရေငတ်သလို ခံစားနေရ၏။ ညသည်ကား တဖြေးဖြေး ပိုမိုနက်ရှိုင်းလို့လာခဲ့၏။ သူမ၏ ရယ်သံချိုချိုလေးများက သူ့ခံစားချက်တို့ကို စိန်ခေါ်နေပြီဟု ကျော်ကျော်လွှတ်ခနဲ တွက်ဆလိုက်မိသည်။

ထို့နောက် ...................

................................

................................

................................

................................

........ အရာရာသည် လှလှပပ ခါးသက်သွားပါတော့သည်။

* * * *

။ ၁၃ ။

နောက်တစ်နေ့မနက် ကျော်ကျော်အိပ်ရာမှနိုးလာတော့ ဦးခေါင်းတစ်ခုလုံး ကိုက်ခဲထုံကျင်နေပြီး ဘာကိုမှ ကြည့်ကြည့်လင်လင် မရှိချေ။ ညတုန်းက အဖြစ်အပျက်တချို့ကို ဝိုးတဝါး စဉ်းစားလိုက်မိသောအခါ သူ့မှတ်ဉာဏ်ထဲမှာ "မိုးနွယ်" ဆိုသည့် နာမည်လေးက ယှဉ်တွဲပါလာ၏။ မနေ့ညက သူမသည် သူ့အခန်းဆီသို့ ရောက်လာခဲ့တာ သေချာသည်။ အနည်းငယ် မိုးစိုလာသော သူမကို သူက ဖလန်နယ်အင်္ကျီတစ်ထည် ထုတ်ပေးခဲ့၏။ နောက် . . . သူမက သူ့ကို ဘလက်ခ်ကော်ဖီတစ်ခွက် ပြန်ဖျော်တိုက်သည်။

ပြီးတော့ . . . ဘာတွေဆက်ဖြစ်သေးသနည်း။ သူ့ခေါင်း

www.burmeseclassic.com

www.burmeseclassic.com



ထဲမှာ ဝေဝေဝါးဝါးနှင့် ဘာမှအသေအချာ မမှတ်မိတော့ပေ . . .။ သို့သော် လုံးဝဥသုံကြီး မေ့လျော့နေတာမျိုးလည်း မဟုတ် . . .။ တချို့အစိတ်အပိုင်းများသာ စဉ်းစားလို့မရဘဲ ပျောက်ဆုံးနေခြင်း ဖြစ်သည်။

ကျော်ကျော်က အိပ်ရာပေါ်မှ အနီးဝန်းကျင်ကို ဟိုဟိုသည်သည် မျက်စိကစား၍ ကြည့်လိုက်မိ၏။ ဘာကိုမျှ ထူးထူးခြားခြား မတွေ့ရသဖြင့် သူလည်း လှဲနေရာမှ ထလာခဲ့သည်။ သူနှင့်သူမတို့ကြားရှိ ပျောက်ဆုံးနေသော အမှတ်ရမှုတစ်ခုကို ကျော်ကျော်က သိလိုစိတ်ပြင်းပြစွာ လိုက်လံစူးစမ်းနေတော့၏။ ဟော . . . တွေ့ပြီ။ ရုတ်တရက် သူက တစ်စုံတစ်ရာတို မြင်တွေ့လိုက်ရသောကြောင့် ဝမ်းသာသွားပါသည်။ ကျော်ကျော်တွေ့လိုက်ရသည်မှာ သူ့စာရေးစားပွဲပေါ်တွင် သပ်သပ်ရပ်ရပ်ခေါက်ပြီး တင်ထားသော ဖလန်နယ် အင်္ကျီတစ်ထည်ဖြစ်၏။ ဒါ . . . ညတုန်းက သူမဝတ်ရန် သူကိုယ်တိုင် ထုတ်ပေးခဲ့သည့် အင်္ကျီလေးမှန်း တန်းသိလိုက်သည်။

သူ့အကြည့်တွေက အိမ်သာတံခါးပေါက်ဝဆီသို့ လှစ်ခနဲ ရောက်လို့သွား၏။ တံခါးနှင့် ငါးပေခန့်အကွာ ကြမ်းပြင်ပေါ်၌ကျနေသော အိမ်သော့ကိုပါ လှမ်းတွေ့လိုက်ရပြီးနောက် ကျော်ကျော်က အခြေအနေအလုံးစုံကို သဘောပေါက်သွားပါတော့သည်။ မိုးနွယ် ဒီအခန်းမှာ မရှိတော့တာ လုံးဝသေချာသွားပြီမို့ ကျော်ကျော်လည်း တစ်ချက်ပြုံးလိုက်မိ၏။ သူမသည် အပြင်သံပန်းတံခါးအား သော့ခတ်ပြီးမှ



သော့တွဲကို အိမ်ထဲပြန်ထည့်ပေးကာ ဒိုးလော့ခ်ချသွားခဲ့ခြင်း ဖြစ်သည်။ တိုင်ကပ်နာရီကို သူလှမ်းကြည့်လိုက်တော့ အချိန်က မနက်ကိုးနာရီခွဲတော့မည်။ ကြည့်ရတာ ဒီမနက်ကျမှ သူမနိုးသေးမီ သူမက ထွက်ခွာသွားခဲ့ပုံရသည်။

ဒါဖြင့် သူနှင့်မိုးနွယ်ဟာ ဒီအခန်းမှာ တစ်ညလုံးအတူတူ ရှိနေခဲ့တာပေါ့။ ထိုအတွေးကြောင့် ကျော်ကျော်တစ်ယောက်ထဲ ပြုံးမိသွားပြန်သည်။ စာအုပ်စင်နားသို့ သွားစစ်ကြည့်လိုက်တော့ သူ့အထင်မှာ ပို၍ခိုင်မာသွားခဲ့၏။ သူမသည် သူအိပ်ပျော်နေချိန်များအတွင်း (တစ်ညလုံး) စာထိုင်ဖတ်နေခဲ့ပေလိမ့်မည်။

ညက သူမအိပ်ခင် မိုးနွယ်ကို ဘာတွေများ ပြောမိသေးလဲ။ အဲဒီတုန်းက သူအနည်းငယ် မူးနေခဲ့ကြောင်းကို ကျော်ကျော်မှတ်မိပါသည်။ ကျန်တာတွေကိုတော့ သူအသေအချာ မမှတ်မိဘဲ ဝိုးတိုးဝါးတားဖြစ်လျက်ရှိ၏။ သူဘာမှမတတ်နိုင်တဲ့ကိစ္စမို့ ကျော်ကျော်လည်း ဖော့၍တွေးထားလိုက်၏။ နောက်နေ့ မိုးနွယ်နှင့်တွေ့မှပဲ မေးမြန်းစုံစမ်းကာ တောင်းပန်စရာရှိလျှင် တောင်းပန်လိုက်တော့မည်။ ကျော်ကျော်သည် သက်ပြင်းရှည်ကြီးတစ်ချက်ကို ဟူးခနဲ မှုတ်ထုတ်ပစ်လိုက်ပြီး ကိုယ့်ကိုယ်ကို မေးခွန်းတစ်ခု မေးလိုက်မိလေသည်။

"ငါ ဘာကြောင့်များ ဒီလောက်တောင် စိတ်မောနေရတာလဲ"

* * * *

www.burmeseclassic.com

www.burmeseclassic.com



ထိုမေးခွန်း၏အဖြေကို နောက်ထပ်နှစ်ရက်ခန့်ကြာသည်အထိ သူမသိသေး . . .။ ဒီလိုဆိုလိုက်သဖြင့် သုံးရက်မြောက်နေ့တွင် ကျော်ကျော်သိသွားပြီဟု မထင်လိုက်ပါနှင့်။ သူလုံးဝမသိသေးပါ။ ဘယ်အချိန်ကျမှ သိလိမ့်မည်ဟုကား မည်သူမျှ မပြောနိုင်ပေ . . .။ သို့သော် ပြောနိုင်တာတစ်ခုက သိပ်မကြာခင် သူနှင့်မိုးနွယ်တို့ ထပ်မံတွေ့ဆုံဖြစ်ကြပေလိမ့်ဦးမည်။

တကယ်တမ်းတွင်လည်း နောက်နှစ်ရက်ခန့်အကြာ၌ သူ့ဆီကို မိုးနွယ်ရောက်လာခဲ့လေသည်။ အဲဒီနေ့က မိုးတဖွဲဖွဲရွာနေခိုက်မှာ ထုံးစံအတိုင်း သူ့အခန်းသို့ မိုးနွယ်ရောက်လာခဲ့ခြင်း ဖြစ်သည်။ ထုံးစံမဟုတ်တာက သူမမှာ အဝါရောင်ထီးလှလှလေးတစ်ချောင်းပါလာ၏။ ဒါကြောင့် ဒီတစ်ခါတော့ သူမဆံပင်တွေ မိုးမစိုဘဲ လှပဖြောင့်စင်းစွာ ဝဲကျလျက်ရှိ၏။

မိုးနွယ်က ဝတ်ထားသည့် ဂျင်းဂျက်ကတ်အိတ်ထဲ လက်နှစ်ဖက်စလုံးနှိုက်ထားရင်း ကျော်ကျော့်ကို သွားဖြူလေးနှင့် နှုတ်ဆက်သလို လှမ်းရယ်ပြပါသည်။ သူမ၏ ထိုအပြုအမူလေးမှာပင် ကျော်ကျော်က ရင်ခုန်သံတွေ အထူးဆူညံလို့နေလေပြီ။ ဒါပေမယ့် သူကမျက်နှာထားခပ်တည်တည်ဖြင့် Little Sweet လေးကို တဲ့ပြန်ကြည့်လိုက်၏။ မိုးနွယ်သည် သူမျက်နှာမာပြနေတာလောက်တော့ လုံးဝဂရုမစိုက်ချေ။

သူမပုံစံအတိုင်း ပျော်ပျော်ရွှင်ရွှင်၊ ပေါ့ပေါ့ပါးပါးနှင့် ကျော်



ကျော်ကိုတောင် စနောက်ဖို့ လုပ်နေသေးသည်။ အခုလည်း . . .

"ကိုကျော်ကျော် . . ."

"ဘာလဲ . . ."

"ဘယ်လိုလေသံဖြစ်နေတာလဲ ဆရာကြီးရဲ့၊ မျက်နှာကြောကလည်း တင်းလှချည်လား၊ မျက်နှာကို အဲဒီလိုကြီး လုပ်မထားရဘူးလေ . . .၊ အနုပညာသမားလုပ်ပြီး အဲဒီလိုနေရင် ကိုယ့်ရဲ့အကြည်ဓါတ်တွေ ဆုံးရှုံးတယ်ဆိုတာကို နားမလည်ဘူးလား၊ ပြီးတော့ တကယ်တင်းမာတာလည်း မဟုတ်ဘဲနဲ့၊ ဧည့်သည်လာတာ မကြိုက်ရင်လည်း ပေါ်တင်ပြောပါနော် . . . ဟွန်း . . ."

ပြောပြီး သူမက မျက်စောင်းလေးပါ လှမ်းထိုးလိုက်ပါသည်။ သူက ရင်တွေခုန်နေကာ ရယ်လည်းရယ်ချင်လာ၏။ ဒါပေမယ့် ကျော်ကျော်က မရယ်မိအောင် ထိန်းချုပ်ထားနိုင်ဆဖြစ်သည်။ ထိုအခြေအနေတွင် သူမက သူ့ဆီမှ စကားသံထွက်လာအောင် ထပ်၍ကလိလိုက်ပြန်၏။

"သြော် . . . မိုးသိပြီ၊ ကိုကျော်ကျော်က အဲဒီလိုကိုး . . .၊ ဘာလဲ . . . အကြားအမြင်ရတယ်ဆိုတဲ့ သဘောလား"

သူမပြောလိုက်သော ထိုစကားကြောင့် ကျော်ကျော်လည်း ခပ်တည်တည်ကြီး တုံ့ကျိုဘာပေသုပ်နေ၍ မရတော့ပေ။ သူကတအံ့တသြနှင့် . . .

"ဘာ . . . ဘယ်လိုဖြစ်တယ်၊ အကြားအမြင်ရတယ် . . .

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်လား"

"အင်းပေါ့၊ ကိုကျော်ကျော်က ဒီနေ့ မိုးစပေါ် တင်ထားတဲ့ ပိုက်ဆံတစ်သောင်း ပြန်လာတောင်းတော့မယ်ဆိုတာ ကြိုသိနေလို့ မိုးနဲ့ တမင်ပြဿနာဖြစ်အောင် လုပ်နေတာ မဟုတ်လား၊ ဒီလိုတော့ လာမလုပ်နဲ့ မရဘူး၊ မိုးနွယ်တို့က ဒါမျိုးတွေ အံတိုနေပြီ၊ သဘော ပေါက်လား . . .၊ ပေးစရာရှိတာတော့ ဒီနေ့ပေးရမှာပဲနော်"

"အမ် . . ."

ရုတ်တရက် ပြောချလိုက်သော သူမစကားကြောင့် သူ့ခမျာ ဘာပြန်ပြောရမှန်းမသိဘဲ နင်သွားရှာပါသည်။ တော်တော်လည်း ကျွဲမြီးတိုသွားမိ၏။ အဲဒါ "မိုးနွယ်" အစစ်ပဲ။ သူများတကာကို နှိပ်ကွပ်ဖို့ဆို သူမက အမြန်ပါတ်တစ်ပဲ။ ကျော်ကျော့်မှာ သူမဆီက ပိုက်ဆံတစ်သောင်းချေးထားမိသည့် ကိုယ့်ကိုယ်ကို ကျိန်ဆဲဒေါသ ထွက်ရုံမှလွဲပြီး အခြားမရှိတော့ချေ။

သူက စိတ်တိုတိုနှင့် ချက်ချင်းပဲ စာရေးစားပွဲအံဆွဲထဲမှ ငါးထောင်တန်အသစ်စက်စက်နှစ်ရွက်ကို နှိုက်ယူကာ . . .

"ရော့ . . . ဒီမှာ မင်းမှီ[illegible] . . ."

ထိုအခါ သူမက ညစ်ကျယ်ကျယ်လေးပြုံးပြီး ဝတ်ထားသော ဂျင်းဂျက်ကတ်အိတ်ကပ်ထဲသို့ ပိုက်ဆံတွေကို ထည့်လိုက်ရင်း . . .

"ဒီလိုမှပေါ့ . . . စာရေးဆရာကြီးရဲ့၊ အဲဒီလို မာနထားစမ်း ပါ ဟင်းဟင်း . . . ဟင်း . . . ကြည့်စမ်း . . .၊ မခိုးမခန့်လုပ်ပြီး



ရယ်နေပုံကိုက ဖနောင့်နဲ့ ပြေးပေါက်ချင်စရာပဲ၊ သူမသာ သူ၏ ချစ်လှစွာသော Little Sweet လေး မဟုတ်လို့ကတော့ ကျော်ကျော် အနေနှင့် စိတ်ထဲရှိသည့်အတိုင်း တကယ်ပင် လုပ်လိုက်မိမည် ထင် ပါသည်။ ဒါတောင် သူမက မရပ်သေးဘဲ ဖေါသတွေ ပေါက်ကွဲနေ သော သူ့ကိုဆက်၍ . . .

"အင်း . . . ဟုတ်သားပဲ၊ ဟိုနေ့ကမှ စာအုပ်အသစ်ထွက် ထားတာဆိုတော့ ဒီရက်ပိုင်းအတွင်း ကိုကျော်ကျော်ကြီး ပိုက်ဆံတွေ ထောနေမှာပေါ့၊ ကိုကျော်ကျော်တို့များနော် . . . စာအုပ်မိတ်ဆက်ပွဲ လုပ်တာတောင် မိုးကို ဖိတ်ဖော်မရဘူး၊ ဒါပေါ့လေ . . . မိုးက ဘာမှ မဟုတ်တဲ့ သာမန်အရပ်သူလေးတစ်ယောက်ဆိုတော့ . . ."

သူမစကားမဆုံးခင် ကျော်ကျော်က ကြားဖြတ်ဝင်ပြောချ လိုက်၏။

"ဘာမှမဆိုင်တာတွေ လျှောက်ပြောမနေနဲ့မိုး၊ ကျွန်တော် က အဲဒီလို သဘောမျိုးနဲ့ မိုးကိုမဖိတ်တာ မဟုတ်ဘူး"

"ဒါဖြင့် ဘယ်လိုကြောင့် မဖိတ်တာလဲ"

"အမှန်က မိတ်ဆက်ပွဲလုပ်တာကို မဟုတ်ဘူး၊ ဒါပေမယ့် အထိမ်းအမှတ်အနေနဲ့ သူငယ်ချင်းတွေကို အရက်ဝိုင်းလုပ်ပေးတယ်၊ အဲဒါပဲ၊ ကျွန်တော်က အရက်ဝိုင်းကို ငမူးတွေနဲ့အတူတူ မိုးကို ဘယ် လိုဖိတ်ရမလဲ၊ စဉ်းစားကြည့်ပါဦး . . ."

"သြော် . . . ဒီလိုလား"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ အမှန်ပဲလေ"

အခုတော့ ကျော်ကျော့်ထံမှ ဇောဇောတုန်းကလို ဇေါသတွေ ရှိမနေတော့ . . .။ စွပ်စွဲချက်တွေအတွက် သူမကျေနပ်စေမည့် အဖြေတစ်ခုပေးနိုင်ရန်သာ သူက ကြိုးစားနေမိသည်။ မိုးနွယ်က သူ့ကို ပြုံးစေ့စေ့လေးကြည့်ရင်း . . .

"ထားပါတော့ . . .၊ ဘယ်လိုပဲဖြစ်ဖြစ် . . . အဲဒီအတွက် ကိုကျော်ကျော်က မိုးကို လျော်ကြေးတော့ ပေးရလိမ့်မယ်"

"အင်း . . . ပြောပါဦး၊ ဘာပေးရမှာလဲ"

"ကိုကျော်ကျော်ကိုယ်တိုင် အဲဒီအသစ်ထွက်ထားတဲ့ စာအုပ်ကို လက်မှတ်ထိုးပေးရမယ်၊ ဘယ်လိုလဲ . . ."

"ဘာများလဲလို့ မိုးရယ် . . . ရပါတယ်"

"နောက်ပြီး နှစ်အုပ်ပေးရမှာနော်"

ထိုအခါ ကျော်ကျော်သည် အနည်းငယ် အံ့သြသွားဟန်ဖြင့် သူမဆီ တစ်ချက်စူးခနဲ စိုက်ကြည့်လိုက်ပါ၏။ ခဏကြာတော့ သူက-

"စာအုပ်လက်ဆောင်က တစ်အုပ်ဆို တော်ရောပေါ့ မိုးရဲ့၊ ဘာလုပ်ဖို့လဲ နှစ်အုပ်တောင် . . .၊ ကျွန်တော်က စာအုပ်တစ်အုပ်ပိုကုန်မှာ နှမြောလို့ ပြောတာမဟုတ်ဘူးနော်၊ မိုးရဲ့ရည်ရွယ်ချက်ကို မသိလို့ . . ."

"ရည်ရွယ်ချက်က မိုးရဲ့အစ်မ မမမိုးသွယ်အတွက် ပိုတောင်းတာပါ"



"ဘာ . . ."

သူ့သွေးထဲမှာ အရာရာသည် ထိုခဏ၌ ပုန်းခနဲ ထစ်ငေါ့ခြောက်ခြားစရာ ကောင်းလာ၏။ သူမက တည်တည်ငြိမ်ငြိမ်နှင့်ပင် ခုနက စကားကိုသာ ထပ်မံပြောနေပြန်သည်။

"ဟုတ်တယ်လေ၊ မိုးက မမမိုးသွယ်အတွက် ပိုတောင်းတာ . . .၊ ကိုကျော်ကျော့်မှာ အခက်အခဲ မရှိဘူးဆိုရင် ကူညီပါနော်"

ကျော်ကျော်လည်း ခေါင်းညိတ်ပြကာ ဘာမှမပြောတော့ဘဲ သူ့စာအုပ်စင်ပေါ်မှ အသစ်ထွက်ထားသော စာအုပ်နှစ်အုပ်ကိုယူပြီး မိုးနွယ်နှင့် မိုးသွယ်တို့အတွက် လက်မှတ်ထိုးပေးလိုက်ပါသည်။ နောက် . . . သူမနှင့် အကြည့်ချင်းဆုံသွားတော့ သူ့ရင်တွေက အခုန်မြန်လာလေသည်။ သူ၏ ထိန်းချုပ်နိုင်မှုစွမ်းရည်တို့မှာ တဖြေးဖြေး ပြိုဆင်းကျလျက်ရှိ၏။ ပြောရန်စကားလုံးတို့သည် သူတို့နှစ်ယောက်ကြားမှ ထွက်ပြေးနေကြပြန်သည်။ သူက တစ်စုံတစ်ရာကို ရုတ်ချည်းသတိရလိုက်ပြီး သူမကို . . .

"မိုး . . . ဟိုတစ်နေ့ညက ဘယ်လိုရောက်လာပြီး ဘယ်အချိန်ထပြန်သွားတာလဲ၊ ကျွန်တော်က နည်းနည်းမူးနေတော့ ဘာမှကို သေသေချာချာ မမှတ်မိတော့လို့ပဲ၊ ပြီးတော့ ကျွန်တော် မိုးကို ဘာတွေပြောခဲ့သေးလဲဟင်"

သူ့မေးခွန်းကြောင့် သူမမှာ အတော်အသင့် စိတ်လှုပ်ရှားသွားပုံရသည်။ ဒါပေမယ့် မိုးနွယ်သည် အချိန်တိုအတွင်း သူမကိုယ်

www.burmeseclassic.com

www.burmeseclassic.com



သူမ ကောင်းစွာထိန်းသိမ်းနိုင်စွမ်းရှိသူတစ်ယောက်မှန်း သူကောင်းကောင်း သဘောပေါက်လိုက်ပါ၏။ မိုးနွယ်က သူ့ကို တည့်တည့်ရင်ဆိုင်ကာ တစ်ခုချင်း ပြောလေသည်။

"အဲဒီနေ့ညက မိုးသူငယ်ချင်းတစ်ယောက်ရဲ့ ဒင်နာက ပြန်လာတာ အရမ်းနောက်ကျနေလို့၊ နောက်ပြီး မိုးတွေက သည်းလွန်းနေတော့ အိမ်ပြန်ဖို့က လုံးဝအဆင်မပြေတော့ဘူးလေ၊ အဲဒါနဲ့ အိမ်ကို ဧပရယ်ဆီမှာ အိပ်မယ်လို့ ဖုန်းဆက်လိုက်ပြီး ကိုကျော်ကျော့်အခန်းကို တက်လာခဲ့တာပဲ . . .၊ အစကတော့ ကိုကျော်ကျော့်ရဲ့သိက္ခာကို ယုံကြည်လို့ပါ၊ ပြီးတော့ နောက်တစ်ချက်က မိုး ကိုကျော်ကျော့်အခန်းမှာ စာဖတ်ချင်တာလည်း ပါ,ပါတယ်၊ ဘယ်အချိန်ပြန်သွားလဲဆိုတော့ မနက်ကိုကျော်ကျော်မနိုးခင် ရှစ်နာရီလောက်မှ မိုးပြန်သွားတာပါ၊ မိုးက တစ်ညလုံး မအိပ်ဘဲ စာထိုင်ဖတ်နေခဲ့တာ ကိုကျော်ကျော်ရဲ့ . . ."

ထိုသို့ပြောလိုက်ပြီး သူမက စကားကို ခဏနားသည်။ ပြီးတော့ သူ့ဆီ သူမက တစ်ချက်လှမ်းကြည့်ပြန်သည်။ ဒါသည် သူတို့ကြားမှာ ပြောရန်စကားတချို့ ကျန်နေသေးကြောင်းကို နှစ်ဦးစလုံး သိနေသော စိတ်အခြေအနေတစ်ရပ်လည်း ဖြစ်၏။ သူမက တော်တော်နှင့် စကားကို ရှေ့မဆက်သဖြင့် ကျော်ကျော်လည်း . . .

"အဲဒီနေ့ညက ကျွန်တော် မိုးကို ဘာတွေပြောမိခဲ့တယ်ဆိုတာ ပြောပြဦးလေ မိုးရဲ့ . . ."



မိုးနွယ်သည် သက်ပြင်းပါးပါးကို မသိမသာလေးချ၍ တစ်ချက်မျှ ပြုံးလိုက်သေး၏။ ပြီးမှ သူမက . . .

"အဲဒီညက ကိုကျော်ကျော် မိုးကိုပြောခဲ့တဲ့ စကားတွေကို သိချင်ရင် ကတိတစ်ခု အရင်ပေးရလိမ့်မယ်၊ ဘယ်လိုလဲ . . ."

"ဘာကတိပေးရမှာလဲ"

"ပထမအချက်က အဲဒီစကားဟာ ကိုကျော်ကျော်မူးလို့ လျှောက်ပြောတာလို့ ဝန်ခံရမယ်၊ နောက် . . . ဒုတိယအချက်က မိုးကို ဘယ်တော့မှ အဲဒါမျိုးစကား ထပ်မပြောရဘူးဆိုတာပဲ၊ သိပ်များပါဘူး၊ အဲဒီနှစ်ချက်ထဲပါ"

ထိုကတိစကားနှစ်ခုနှင့် မိုးနွယ်၏ မချိုမချဉ်မျက်နှာပေးလေးအား ပေါင်းစပ်လိုက်သည့်အခါ အဲဒီညက သူမကို သူဘာတွေပြောခဲ့တယ်ဆိုတာ ကျော်ကျော်တစ်ယောက် လုံးဝဥဿုံသဘောပေါက်သွားပါတော့သည်။ သူကား (လော့ဂျစ်) ယုတ္တိဗေဒကို ပိုင်နိုင်ကျွမ်းကျင်သော စာရေးဆရာတစ်ဦးပင် မဟုတ်ပါလား။ ကျော်ကျော်သည် သူမကို ပြုံးလျက်ကြည့်နေရာမှ လှမ်းပြောလိုက်၏။

"မိုးတောင်းတဲ့ အဲဒီကတိနှစ်ခုလုံးကို ကျွန်တော်မပေးနိုင်ပါဘူး"

သူမက အလန့်တကြားနှင့် . . .

"ဟင် . . . ဘာဖြစ်လို့လဲ"

"ကျွန်တော် မိုးကို တကယ်ချစ်နေလို့ပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"အာ . . . လူလည်ကြီး"

သူ့စကားကြောင့် မိုးနွယ်၏မျက်နှာပေါ် ချက်ချင်းဆိုသလို ရှက်သွေးများ ရဲဖြာတက်လာသည်။ အနီးဝန်းကျင်တစ်ခုလုံး၌ ချစ်ခြင်း၏ အငွေ့အသက်တို့က လွှမ်းရုံလို့ထား၏။ တချို့သော ပင်လယ်ရေ မျက်နှာပြင်တို့မှာ မြင့်တက်လျက်ရှိသည်။ အိမ်အပြင်၌ မိုးစက်များက တဖွဲဖွဲရွာကျနေဆဲဖြစ်သည်။ အချစ်ဆိုတာ (ဘာညာ၊ ဘာညာ . . .) စသဖြင့်သော အဓိပ္ပါယ်ဖွင့်ဆိုချက်များသည်လည်း မိုးရေတွေနှင့်အတူ ရောနှောမျောပါကာ၊ နောက်ဆုံးတွင် လွင့်ကွယ်သွားကြတော့သည်။

* * * *

။ ၁၄ ။

ကျော်ကျော်သည် တစ်ယောက်ထဲထိုင်နေရာမှ မနေ့က အကြောင်းတွေကို ပြန်စဉ်းစားရင်း ပြုံးလိုက်မိ၏။ မနေ့က ဒီအခန်းလေးထဲတွင် သူနှင့်မိုးနွယ်တို့ နှစ်ယောက်ထဲသာသိသော အမှတ်တရ ရင်ခုန်ဖွယ်များစွာ ဖြစ်ပျက်ခဲ့ကြသည် မဟုတ်ပါလား။ ယခု သူမ မရှိတော့သည့် အခန်းလေးထဲမှာ သူက တစ်ယောက်တည်း သတိရခြင်းတွေနှင့် ဆွတ်ပျံ့ကြည်နူးလျက် ရှိပါသည်။ အခန်းထောင့်ရှိ မိုးနွယ်မေ့ကျန်ရစ်ခဲ့သော အဝါရောင်ထီးလေးကလည်း သူ့အလွမ်းများကို ပိုမိုအသက်ဝင်အောင် စေ့ဆော်ပေးနေပြန်သည်။

ရည်ရွယ်မထားပါဘဲနှင့် မနေ့က သူမကို သူအတင်းအလင်း

www.burmeseclassic.com

www.burmeseclassic.com



ရည်းစားစကားပြောဖြစ်ခဲ့၏။ သူက မထူးဇာတ်ခင်း၍ အဖြေပြန်တောင်းတော့ မိုးနွယ်သည် ခေတ်၏လုံမပျိုတစ်ဦးပီပီ ကျော်ကျော်၏ စကားလုံးမာယာများကို "မယုံဘူး" ဆိုသော အစိပ္ပါယ်နှင့် ပြုံးရယ်ရင်း ခေါင်းရမ်းပစ်ခဲ့သည်ချည်း။ ဒီလိုအပြောတွေများ မတွေ့လောက်ပါဘူးဟု စိတ်ထဲမှတွေးပြီး ကြုံကြုံ့ခံခဲ့သည်ချည်း။ ကျော်ကျော် မချင့်မရဲဖြစ်လာကာ နည်းနည်းကြမ်းတမ်းလာလျှင်လည်း သူမက အလိမ္မာသုံး၍ လှလှပပ ရှောင်ထွက်သွားနိုင်ခဲ့သည်ချည်း . . . ဖြစ်လေ၏။

တစ်နည်းအားဖြင့် သူမသည် လူတစ်ဖက်သား၏စိတ်ကို မခံချိမခံသာဖြစ်အောင် ဆွပေးရာတွင် ထူးချွန်လှသော၊ ဖြူစင်မှုနှင့် အတူ အမြဲလိုလို မဟောင်းမျှများကို ဖန်တီးပေးတတ်သော၊ ပေါ့ပေါ့ပါးပါး တန်ဖိုးများနှင့် အလေးအနက်တည်ဆောက်ထားသော၊ အရိပ်ကောက်ကြောင်းလေးတစ်ခုထဲနှင့် သူ့စိတ်ဝိညာဉ်များကို ဖမ်းစားသွားနိုင်ခဲ့သော . . . သူ့ရင်ထဲမှ ချိုမြိန်သည့် သေးသေးကွေးကွေး အရသာလေးတစ်ခုပင် ဖြစ်တော့သည်။

ကျော်ကျော်သည် သူမကို ရူးသွပ်တမ်းတစွာ ကဗျာတွေစာတွေ အများကြီး လျှောက်ရေးပစ်လိုက်တော့မှ စိတ်ထဲမှာ လွတ်လပ်ပေါ့ပါးလို့သွား၏။ ထမင်းတောင် အောက်သို့ဆင်းမစားဘဲ သူက တစ်နေကုန် ခေါက်ဆွဲခြောက်ထုပ်နှင့် ကော်ဖီမစ်ထုပ်များမှီဝဲကာ သူမအကြောင်းတွေ ထိုင်ရေးနေခဲ့သည်။ နာရီတွေလည်တာ ခါတိုင်း



ထက် ပိုပြီးမြန်ခနသလို ထင်ရလေ၏။ အချိန်ကား နေဝင်ချိန်ကို လွန်မြောက်၍ ညအမှောင်ဦးထဲ ထိုးခွဲတိုးဝင်သွားနေပြီ။ အမှောင်သည် တစ်စထက်တစ်စ ပိုမိုနက်ရှိုင်းလာသည်။

ဟော . . . . ။

ထိုအခိုက် သူက အပေါ်ထပ်လှေကားနားဆီမှ အသံတချို့ကို မသဲမကွဲ လှမ်းကြားလိုက်ရသည်။ တဖြေးဖြေးနှင့် အသံများက သူ့အာရုံစူးစိုက်မှုတွေကို အပြောင်းအလဲ ဖြစ်သွားစေ၏။ အာရုံအပြောင်းအလဲကြောင့် အသိသစ်များ ဖြစ်ပေါ်လာသည်။ အဲဒီနောက် ကျော်ကျော့်အသိသစ်ထဲမှာ အပေါ်ထပ်အခန်းမှ ဧပရယ်တို့သားအမိ ကျောက်ဆည်က ပြန်ရောက်လာခြင်းဖြစ်ကြောင်း ဆက်စပ်နားလည်သွားပါတော့သည်။

တစ်ဆက်ထဲဆိုသလို သူက မိုးနွယ်နှင့်ပတ်သက်၍ သူသိချင်တာမှန်သမျှ ဧပရယ်ဆီမှာ မေးလို့ရပြီဟုတွေးကာ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေမိသေး၏။ ပြီးတော့ သူက နာရီကို တစ်ချက်လှမ်းကြည့်လိုက်သည်။ ညက ကိုးနာရီထိုးပေတော့မည်။ ထို့ကြောင့် မနက်ကျမှပဲ သူမတို့သားအမိကို သွားနှုတ်ဆက်တော့ဖို့ သူက ဆုံးဖြတ်ချက်ချလိုက်ပါသည်။

* * * *

သူက စာရေးနေရင်း ခေါင်းထဲမှာ အနည်းငယ် ငြိစီစီဖြစ်

www.burmeseclassic.com

www.burmeseclassic.com



လာသဖြင့် မျက်စိစုံမှိတ်၍ စားပွဲပေါ် ခဏမှောက်အိပ်နေလိုက်မိ၏။ ထိုကဲ့သို့ သူခေါင်းချလိုက်ပြီး သိပ်မကြာခင်မှာပင် ကျော်ကျော်တစ်ယောက် လောကကြီးနှင့် ယာယီအဆက်ပြတ်ကာ နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျသွားပါတော့သည်။ နောက် . . . အိပ်မက်လိုလို တကယ်လိုလိုနှင့် တံခါးခေါက်သံများကို သူကြားနေရပြန်သည်။ အချိန်ကလည်း နေ့လိုလို၊ ညလိုလိုနှင့် မရေမရာ ဇဝေဇဝါ ဖြစ်နေသေး၏။ သူက တံခါးထဖွင့်ပေးလိုက်တာလား။ သူမဘာသာပဲ တွန်းဖွင့်ပြီး ဝင်လာခဲ့သလား . . . ဆိုတာလည်း မသေချာချေ။

ဒါပေမယ့် သေချာတာတစ်ခုက အပြင်မှာ မိုးတွေ ရွာသွန်းနေခြင်း ဖြစ်ပါသည်။ ထိုအချက်ကြောင့် သူမဆံပင်တွေ မိုးအနည်းငယ် စိုနေပါလိမ့်မည်။ (သူမ၏ အဝါရောင်ထီးလေးက သူ့အခန်းတွင် ကျန်ရစ်ခဲ့သည် မဟုတ်လား။) သူက ထုံးစံမဟုတ်ဘဲ သူမကို ရေစိုဆံပင်တွေ သုတ်ပေးနေခိုက်၊ မိုးနွယ်ကလည်း ကျော်ကျော့်ကို ခါတိုင်းကဲ့သို့ ဘလက်ခ်ကော်ဖီမတိုက်ဘဲ (သံပရာသီးမရှိဟု အကြောင်းပြ၍-) တီးမစ်တစ်ခွက်သာ ဖျော်ပေးခဲ့ပါသည်။ သို့သော် ပြဿနာမရှိပါ။ သူတို့ တစ်ဦးနှင့်တစ်ဦး စိတ်ကျေနပ်ကြလျှင် ပြီးပြီ။

ကျော်ကျော်က သူမဖျော်ပေးသည့် တီးမစ်ကို တစ်ငုံသောက်လိုက်ပြီး အိုတာအိုက်တင်ကြီးနှင့် . . .

"အားပါးပါး . . . အရသာရှိလိုက်တာ"

သူ့အပြောကြောင့် မိုးနွယ်က မျက်ခေါင်းလှမ်းထိုးလိုက်ရင်း . . .



"အဲဒါ တီးမစ်အထုပ်ကို ရေနွေးအလွတ်နဲ့ ဖျော်ထားတာ . . . ဆရာသမား၊ ဘာမှထူးထူးခြားခြား အရသာတွေ ကောင်းနေစရာမရှိဘူးနော် . . . ဟွန်း၊ လာပြီးတော့ . . ."

"ဩော် . . . ဖျော်ပေးတဲ့လူရဲ့ စေတနာပေါ့ မိုးရယ် . . .၊ စေတနာပါရင် အဆိပ်တောင် ချိုတယ်တဲ့"

"ခစ်ခစ် . . . ခစ် . . . ခစ် . . . ပေါက်ကရတွေ၊ ကိုကျော်ကျော်ရယ် . . ."

မိုးနွယ်ရယ်မောနေပုံကို သူက စေ့စေ့ကြည့်နေ၏။ သူမ၏ ဆိုရယ်သံလှလှလေးများသည် ဘာမှန်းသေချာမသိသော ဘဝအခြေအနေမျိုးမှာတောင် စွဲလန်းတပ်မက်ဖွယ် ကောင်းနေလေသည်။ အပြင်မှာ မိုးက ပိုမိုသည်းထန်စွာ ရွာသွန်းလျက်ရှိ၏။ နှစ်ဦးသားကားမဆိုဖြစ်ကြဘဲ တဖြေးဖြေးနှင့် မှုန်ရီဝေဝါးလာသော ပတ်ဝန်းကျင်၌ သူတို့အကြည့်တွေ ရဲရင့်နေကြပြန်သည်။

နောက်တော့ အရာရာသည် အိပ်မက်ဆန်ဆန် အခိုးအငွေ့များနှင့် နူးညံ့သိပ်မွေ့လာခဲ့သည်။ တိတ်ဆိတ်သော မျက်ဝန်းသကော်တများသည် သူတို့ထံမှ အချစ်စိတ်ကို လှုံ့ဆော်ပေးနေကြ၏။ သူတို့ကိုယ် သူတို့လည်း ဒဏ္ဍာရီထဲက လူတွေလို့ ထင်မြင်စပြုလာတော့သည်။

သူမသည် မျက်လုံးများနှင့် ရယ်တတ်လာပြီး၊ သူကတော့

www.burmeseclassic.com

www.burmeseclassic.com



အနမ်းတစ်ခုမှာ ရေကူးသင်နေဆဲ ဖြစ်သည်။ ထိန်းချုပ်ထားသော ခံစားချက်များကို သူတို့က တဖြေးဖြေးချင်း လွှတ်ချနေကြ၏။ မိုးနွယ်၏ အကြည့်တွေက ပိုမိုရွှန်းလက်လာသည်ဟု သူထင်မိသည်။ သူတို့ မျက်နှာနှစ်ခုမှာ နီးသထက်နီးကပ်လို့လာ၏။ သူမနှုတ်ခမ်းဖျားလေးတွေ တုန်နေတာကိုလည်း သူတွေ့ရ၏။ ကျော်ကျော်က သူမပခုံးစွန်းနှစ်ဖက်ကို ဖွဖွလေးဆုပ်ကိုင်၍ ရုတ်တရက် ပြောချလိုက်လေသည်။

"မိုးကို အရမ်းချစ်တယ် . . . သိလား"

သူ့စကားကြောင့် မိုးနွယ်မှာ စိတ်တွေ ပိုလှုပ်ရှားလာကာ မျက်ရည်များပင် ဝဲကျလာ၏။ ထို့နောက်တွင်တော့ သူမတစ်ကိုယ်လုံး နွမ်းနယ်ပင်ပန်းပြီး ကျော်ကျော့်ရင်ခွင်ထဲသို့ လဲပြိုကျသွားတော့သည်။ သူကလည်း အလိုက်သင့်လေး ပြန်လည်ပွေ့ဖက်ထားရင်း သူမဆံပင်များကို ပွတ်သပ်ချော့မြှူနေမိ၏။ မိုးနွယ်သည် သူ့ရင်ခွင်ထဲအထိ ဆက်လက်ငိုရှိုက်နေဆဲ။ ကျော်ကျော်က သူမကို အငိုတိတ်အောင် ချော့ပြောနေရရှာသည်။

"တိတ်တော့နော် မိုး . . . မငိုနဲ့တော့၊ မိုးဟာ ကလေး,လေးတစ်ယောက်လည်း မဟုတ်တော့ဘူး၊ ကျွန်တော့်ကိုချစ်ရင် အဲဒီလိုကြီး ငိုမနေနဲ့တော့ကွာ၊ အခုချက်ချင်း အဲဒီမျက်ရည်တွေကို သုတ်ပစ်လိုက် . . . နော် . . . ဟုတ်ပြီလား"

ထိုစကားကြောင့် မိုးနွယ်က ခေါင်းကို အသာညိတ်ပြသည်။



ပြီးတော့ သူမက ကလေးတစ်ယောက်လို မျက်ရည်စတွေကို လက်ခုံနှင့် သုတ်နေပြန်၏။ ကျော်ကျော်လည်း သူမ၏ ထိုအပြုအမူလေးမှာ များစွာအံ့အားသင့်နေပြီး သူ့ရင်ထဲမှာ တလှပ်လှပ်ဖြစ်လျက်ရှိသည်။ ဒါ . . . ဒါ . . . မိုးနွယ်က ငါ့ကိုချစ်တယ်လို့ အဖြေပြန်ပေးတဲ့ သဘောပေါ့။ အို . . . သဘောမဟုတ်ပါဘူး။ ဒါ ငါ့ကို တကယ်ကြီး အဖြေပြန်ပေးသွားတာပါလား။ အချစ်ဝတ္ထုရေးဆရာဆိုပြီး ဒီလိုအချိန်ကျတော့ လှလှပပ ပြောစရာစကားလုံးလည်း မရှိချေ။ ဒါကြောင့်ရှိတာလေးနှင့်ပင် သူက . . .

"ဝမ်းသာလိုက်တာ မိုးရယ် . . .၊ ဒါဆို မိုးကလည်း . . . ကျွန်တော့်ကို ချစ်နေခဲ့တာပေါ့နော် . . . ဟုတ်လား"

ပြောပြီးသည်နှင့် ကျော်ကျော်က ခေါင်းကိုမော့၍ မျက်စိစုံမှိတ်ထားလိုက်၏။ ဒီတစ်ခါတော့ သူမက သူ့မေးခွန်းကို နှုတ်အားဖြင့်ရော၊ စောစောကလို အမူအရာအားဖြင့်ပါ မဖြေသေးဘဲ ခဏမျှ ငြိမ်သက်နေ၏။ အဲဒီနောက် သူမက ငြင်သာလွန်းသော လှုပ်ရှားမှုနှင့်အတူ အထိအတွေ့လေးတစ်ခုကို ဖန်ဆင်းလိုက်ပါတော့သည်။ မထင်မှတ်ဘဲ သူ့ပါးပြင်၌ နွေးခနဲ စွတ်စိုသွား၏။ ယောကျ်ားလေးတန်မဲ့ သူ့မျက်နှာမှာ အရှက်ကြောင့် နီရဲတက်လာ၏။ နောက်ပြီး စောစောနက မှိတ်ထားမိသည့် မျက်လုံးတွေကိုလည်း သူပြန်မဖွင့်ရဲတော့ . . .။ သူမဆီမှ တုံ့ပြန်လာသော ထိုအဖြေသည် ထပ်မေးစရာမလိုအောင် ပြည့်စုံနေလေသည်။

www.burmeseclassic.com

www.burmeseclassic.com

# ။ ၁၅ ။

နေခြည်တို့ လင်းဖြာခါစ နံနက်ခင်းထဲမှာ ကျော်ကျော်တစ်ယောက် အပြုံးတွေနှင့် ကြည်နူးစွာ အိပ်ရာမှ နိုးထလာပါသည်။ သူက မထသေးဘဲ ပါးပြင်ကို ယောင်ရမ်း၍ ကိုင်ကြည့်လိုက်ပြီး ကိုယ့်ဘာသာကိုယ် ရှက်သွားမိ၏။ ညတုန်းက သူမသည် အိပ်မက်ဆန်ဆန်ရောက်လာကာ ထိုပါးပြင်လေးကို ခပ်ဖွဖွနမ်းရှိုက်သွားခဲ့၏။ ကျော်ကျော့်မှာ အခုချိန်ထိ ပြန်တွေးတိုင်း ရင်ခုန်လှိုက်မောနေဆဲ . . .။ အိပ်မက်လား၊ တကယ့်အဖြစ်အပျက်လား . . . ဆိုတာကိုလည်း ဝေခွဲမရဖြစ်နေဆဲ . . .။

မည်သို့ပင်ဖြစ်စေ၊ မနက်ခင်းတစ်ခုကို ဒီလိုမင်္ဂလာရှိရှိ နိုးထ



ခွင့်ရတာတော့ သူ့အတွက် ကျေနပ်စရာကောင်းလှသည်။ သူက ရောက်ရှိလာသော "မင်္ဂလာ" ကို ဗိမ်လေးနှင့် ခံစားနေခိုက် . . . .

"ဒေါက် . . . ဒေါက် . . . ဒေါက် . . ."

ရုတ်တရက် ကြားလိုက်ရသည့် တံခါးခေါက်သံများကြောင့် ကျော်ကျော်လည်း အိပ်ရာမှ မထချင်၊ ထချင်နှင့် ထလာခဲ့ရသည်။ နောက် . . . တံခါးကို ဖွင့်ကြည့်လိုက်တော့ သူအတန်ငယ် အံ့သြသွား၏။

"ဩော် . . . ဧပရယ်ပါလား"

"ဟုတ်တယ်၊ ဘာလဲ . . . ကိုကျော်ကျော်က မမှတ်မိတော့ဘူးလား"

"မဟုတ်ပါဘူး၊ ပိုလှလာလို့ပါ။ ဟင်းဟင်း . . . နေစမ်းပါဦး၊ ဘယ်တုန်းက ပြန်ရောက်လာတာလဲ"

"မနေ့ညကမှ ပြန်ရောက်လာတာ . . ."

"ညက အသံတွေ ကြားပါတယ်၊ ထင်တော့ထင်သားပဲ၊ ဒါပေမယ့် အရမ်းအိပ်ချင်နေလို့ ထမစပ်စုတော့တာ . . ."

ဧပရယ်က သူ့စကားကို သာမန်မျှသာ သဘောထားပုံထောက်လျှင် သူမမှာ အရေးကြီးသော တစ်စုံတစ်ခု ပြောဖို့ရှိဟန်တူသည်။ သူမသည် အခန်းထဲဝင်လာပြီး သူ့ခန့်မှန်းထားသည့်အတိုင်းပင် စကားစလာတော့သည်။

"ကိုကျော်ကျော့်ကို အရေးကြီးတာတစ်ခု ပြောစရာရှိလို့

www.burmeseclassic.com

www.burmeseclassic.com



. . .၊ ပြီးတော့ အကူအညီလည်း တောင်းချင်လို့"

သူမစကားကြောင့် သူ့မျက်နှာမှာ အနည်းငယ်တည်သွားပြီး . . .

"အရေးကြီးတာ . . . ဟုတ်လား"

ဇပရယ်သည် သူ့အမေးကို နှုတ်ဖြင့်မဖြေဘဲ ခေါင်းကို ညိတ်ပြလိုက်၏။ ထိုအခါ ကျော်ကျော်ကပဲ . . .

"ပြောပါဦး ဇပရယ်ရဲ့ . . . ဘာများလဲ"

"ဟိုလေ . . . ကိုကျော်ကျော် ဇပရယ်သူငယ်ချင်းမိုးနွယ်ကို မှတ်မိတယ် မဟုတ်လားဟင် . . . "

ကျော်ကျော်လည်း နှစ်နှစ်ခြိုက်ခြိုက် ပြုံးလိုက်ရင်း . . .

"မှတ်မိပါတယ်၊ ဇပရယ် ကျောက်ဆည်မသွားခင်က အဲဒီတစ်ယောက်နဲ့ ချိန်းထားပြီးသားဖြစ်နေလို့ ကျွန်တော့်ကို အကျိုးအကြောင်းရှင်းပြဖို့ သူတို့အိမ်ကို သွားခိုင်းသေးတယ်လေ"

"အင်း . . . အင်း . . . ဟုတ်တယ်၊ အဲဒါကို ဇပရယ်လည်း မေးဖို့မေ့နေတာ . . .၊ ပြောပါဦး၊ အဲဒီတုန်းက ကိုကျော်ကျော် သွားရောသွားဖြစ်ရဲ့လား"

"သွားဖြစ်တာပေါ့၊ ဒါပေမယ့် ဇပရယ်ပေးလိုက်တဲ့ လိပ်စာက လူမနေတော့တဲ့ လိပ်စာအမှားကြီး . . . "

ဇပရယ်လည်း ခဏမျှ တွေဝေနေရာမှ တစ်ခုခုကို ရုတ်တရက် သဘောပေါက်သွားဟန်နှင့် လက်ဖျစ်တစ်ချက်တီးလိုက်ပါသည်။



"ဟာ . . . ဟုတ်ပြီ၊ ဟုတ်ပြီ၊ အဲဒီကိစ္စက ဇပရယ့်အမှားပါ၊ ဇပရယ်နဲ့ မိုးနဲ့က ဟိုးငယ်ငယ်လေးထဲက သူငယ်ချင်းတွေဆိုတော့ မိုးတို့အိမ်ဆိုတာနဲ့ လိပ်စာအဟောင်းကိုပဲ စိတ်ထဲစွဲနေတာ၊ မိုးရဲ့အမွှာအစ်မ မိုးသွယ်ဆုံးသွားကထဲက သူတို့မိသားစုတစ်ခုလုံး ရွှေမိုင်လမ်းဆုံက ကွန်ဒိုကို ပြောင်းသွားခဲ့တာ ကိုကျော်ကျော်ရဲ့၊ ဒါပေမယ့် မရမ်းကုန်းမြို့နယ်ထဲမှာပဲဆိုတော့ ဖုန်းနံပါတ်က အတူတူပဲ ဖြစ်နေတာပေါ့၊ ကိုကျော်ကျော် ပင်ပန်းသွားတဲ့အတွက် ဆောရီးနော် . . . "

"သြော် . . . ရပါတယ်၊ တောင်းပန်စရာမလိုပါဘူး၊ ဒါနဲ့ နေပါဦး၊ စကားတောင် လမ်းကြောင်းလွဲကုန်ပြီ၊ စောစောက ဇပရယ် ပြောတဲ့ ကျွန်တော့်ကို အရေးကြီးတဲ့ကိစ္စ အကူအညီတောင်းမလို့ဆိုတာ ဘာများပါလိမ့် . . . "

ဇပရယ်သည် သူ၏စိတ်ဝင်တစားမေးခွန်းကြောင့် အားနာသလို လေသံနှင့် . . .

"ဟုတ်ပါရဲ့၊ ဇပရယ်က အဲဒီလိုပဲ၊ အဓိကပြောစရာရှိတဲ့ စကားတောင် လိုရင်းမရောက်ဘဲ လမ်းတွေ ချော်ကုန်ပြီ၊ ဒီလို ကိုကျော်ကျော်ရဲ့၊ ဒီမနက်ပဲ မိုးနွယ်တို့အိမ်က ဖုန်းဝင်လာတာ . . .

. . . . . . . . . . . . . . . . . . . . .

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . ."

www.burmeseclassic.com

www.burmeseclassic.com



အစရှိသဖြင့် သူမပြောလာသော စကားများသည် သူ့ကို အထူးစိတ်လှုပ်ရှားသွားစေသည်။ တချို့စကားသံတို့မှာ သူ့နားထဲမှာ မကြားတစ်ချက်၊ ကြားတစ်ချက် ဖြစ်နေမိ၏။ မဖြစ်နိုင်ဟုဆိုရအောင် လည်း ခိုင်လုံသည့် သက်သေအထောက်အထားတွေက ရှိနေပြန် သည်။ ဒါတွေ တကယ်ဖြစ်ပျက်ခဲ့ကြောင်းကိုလည်း သူ့ရင်ထဲမှာ လက်မခံနိုင် . . . ။ ကျော်ကျော့်ခမျာ တစ်ယောက်ထဲ ဒွိဟတွေနှင့် ယောက်ယက်ခတ်နေရှာပါသည်။ ဒီကြားထဲ သူက ဧပရယ်ကို အကူ အညီပေးဖို့ ခေါင်းညိတ်လိုက်မိသေး၏။

ထို့နောက်မှာ ကျော်ကျော်က ဧပရယ် အကူအညီတောင်း ထားသည့်အတိုင်း သူမနှင့်အတူ SSC ဆေးရုံကို အဖော်လိုက်လာ ခဲ့ရလေတော့သည်။ (SSC) ဆေးရုံသို့သွားနေစဉ် တက္ကစီပေါ်၌ ကျော်ကျော်သည် သူနှင့်မိုးနွယ်တို့၏ ပတ်သက်ခဲ့ပုံတွေကို ဧပရယ် အား ပြောပြရန် သင့်၊ မသင့် စဉ်းစားနေမိ၏။ သို့သော် သူဘာကိုမှ မဆုံးဖြတ်နိုင်မီ တက္ကစီက (SSC) ဆေးရုံဆင်ဝင်အောက်တွင် ဆိုက် ရောက်ထိုးရပ်သွား၏။ သူလည်း တွေဝေငေးရီရင်း ဧပရယ်နောက်မှ လိုက်ပါလာခဲ့သည်။

* * * *

။ ၁၆ ။

ဧပရယ်သည် သူမကြိုတင်သိထားနှင့်သည့် အခန်းတစ်ခု ရှေ့မှာရပ်၍ တံခါးကို ခေါက်လိုက်ပါသည်။ ကျော်ကျော်က Little Sweet လေးကို မြင်ရတော့မှာမို့ လှုပ်ရှားနေသော စိတ်တွေကို တည်ငြိမ်အောင် ကြိုးစားထိန်းသိမ်းလျက်ရှိသည်။ အခန်းတံခါးကို နပ်စ်တစ်ယောက်က လာဖွင့်ပေးလိုက်၏။ ဧပရယ်က အခန်းထဲသို့ ဦးဆောင်ဝင်သွားသဖြင့် သူလည်း လိုက်ဝင်လာခဲ့၏။ လူနာကုတင် ပေါ်၌ နွမ်းလျလျလေး မှိုထိုင်နေသော မိုးနွယ်ထံ သူ့အကြည့်တွေ က တန်းခနဲ ရောက်သွားသည်။

အခန်းထဲမှာ နပ်စ်နှင့် အိမ်ဖော်ကောင်မလေးတစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



သာရှိပြီး မိုးနွယ်တို့အိမ်က မိသားစုဝင်တွေ တစ်ယောက်မှ မရှိချိန်မို့ သူလည်း စိတ်သက်သာရာရမိ၏။ မဟုတ်လျှင် သူမတို့အိမ်သားများ မျက်စိရှေ့တွင် မိုးနွယ်ကို စူးစူးရဲရဲ အကြည့်တွေနှင့် သူက ဘယ်လိုလေ့လာအကဲခတ်နိုင်ပါမည်နည်း။ မိုးနွယ်သည် သူ့ကိုတစ်ချက်ကြည့်ကာ ချက်ချင်းမမှတ်မိသေးဘဲ ဧပရယ်ကိုသာ ပြုံးပြီးနှုတ်ဆက်လေသည်။ ဧပရယ်က မိုးနွယ်ကို စိုးရိမ်တကြီးနှင့် ပြောလိုက်ပါ၏။

"မသေကောင်း မပျောက်ကောင်း မိုးရယ်၊ တော်သေးတာပေါ့၊ ငါ့ကို မှတ်မိပေလို့ . . .၊ ပြောတော့ နင်က ဆေးရုံပေါ်မှာ သတိလစ်ပြီး မျောနေတာဆို . . .၊ ဘာကိုမှလည်း မမှတ်မိဘူးတဲ့ နှင့်သတင်းကြားကြားချင်း ငါ့မှာ လန့်သွားတာပဲ . . .၊ အခုရော . . . နင်ဘယ်လိုနေသေးလဲဟင် မိုး . . .၊ နင်အက်စီးဒင့်ဖြစ်တာ ဘယ်နေ့လောက်ကလဲ"

သူမက ခပ်ယဲ့ယဲ့လေသံလေးနှင့် . . .

"အခုလောလောဆယ်တော့ နေရာတာ သက်သာပါတယ် ဒါပေမယ့် ပြီးခဲ့တဲ့ရက်တွေတုန်းကဆို မိုးတစ်ဘဝလုံး မှောင်အတိပဲ ဘာတွေကို ဘယ်လိုကြုံတွေ့ခဲ့မှန်း မိုးကိုယ်တိုင်လည်း မသိဘူး၊ မနေ့ကမှ မိုးရဲ့မှတ်ဉာဏ်တွေ ကြည်ကြည်လင်လင်လေး ပြန်ဖြစ်လာတာ . . .၊ ဧပရယ်က ဘယ်တွေရောက်နေတာလဲ၊ မိုးကားအက်စီးဒင့်ဖြစ်တာကိုတောင် မသိဘူးလားဟင် . . .၊ မိုးဆေးရုံရောက်နေတာ



တစ်လနီးပါးရှိသွားပြီ"

"ဩော် . . . မသိလို့ပေါ့ မိုးရယ် . . .၊ ကျောက်ဆည်က ဧပရယ်တို့အဖွားလေး ဆုံးသွားလို့ အဲဒီကိုရောက်နေတာ တစ်လကျော်တယ်၊ မေမေ့ဇာတိဆိုတော့ ရောက်တုန်းရောက်ခိုက် အဝေးနေပစ်လိုက်တဲ့ သဘောပေါ့မိုးရယ် . . .၊ ရန်ကုန်ကို မနေ့ညကမှ ပြန်ရောက်တယ်၊ အခု ဒီမနက် မိုးသတင်းကို ကြားကြားချင်းပဲ ကိုကျော်ကျော်ကို အဖော်ခေါ်ပြီး ပြေးလာတာ . . .၊ မေမေက လူကြီးဆိုတော့ ခရီးပန်းပြီး ဖလက်ပြနေပြီလေ၊ ကိုကျော်ကျော်ကိုတော့ မှတ်မိတယ် မဟုတ်လား"

ဧပရယ်အပြောကြောင့် မိုးနွယ်က ကျော်ကျော်ကို တစ်ခါထပ်၍ စိုက်ကြည့်လိုက်ပြန်၏။ သူမ၏ သူစိမ်းဆန်သော အေးစက်စက်အကြည့်တွေက တဖြေးဖြေး ပွင့်နွေးစပြုလာလေသည်။ သူ့ကို သူမမှတ်မိသွားပြီ။

"ဟာ . . . ကိုကျော်ကျော်ပဲ၊ ခုနက မမှတ်မိတာ ဆောရီးနော် . . ."

"ရပါတယ် မိုးရဲ့၊ ပြဿနာ မရှိပါဘူး"

"ဒါပေမယ့် နိုင်ငံကျော်စာရေးဆရာကြီးတစ်ယောက်လုံးကို မမှတ်မိတာတော့ မိုးအလွန်ပါ ဟွန့်ဟင်း . . . ဟင်း . . ."

မိုးနွယ်သည် စောစောတုန်းကလို လူမမာလေသံမျိုး မဟုတ်တော့ဘဲ နောက်ရွှတ်ရွှတ်နှင့် ပေါ့ပါးလွတ်လပ်သော ချာတိတ်မလေး

www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးအလား ဖြစ်လာသည်။ သူမ၏ အပြောင်အပျက်စကားတို့ကြောင့် ကျော်ကျော်လည်း နည်းနည်းတော့ ရှက်သွား၏။ ထိုအချိန်မှာပဲ နပ်စ်က မိုးနွယ်ကို ဆေးတစ်လုံးထိုးပေးကာ ဆေးမှတ်တမ်းတွင် ရေးမှတ်နေပြန်သည်။ ဒါကို ကျော်ကျော်က မသိမသာလေး လှမ်းကြည့်နေရာမှ အကြံရသွားလေသည်။

နပ်စ်မလေးမှာ ဆေးထိုးလို့ပြီးသွားပြီမို့ ဆေးမှတ်တမ်းဖိုင်ကိုမိုးနွယ်၏ကုတင်ခြေရင်း၌ ပြန်ချိတ်ထားလိုက်ပါသည်။ ကျော်ကျော်က ဟိုလိုလို၊ ဒီလိုလိုနှင့် ထိုဆေးမှတ်တမ်းဖိုင်နားသွား၍ စပ်စုကြည့်မိ၏။ သူ့ရင်ထဲကို တိကျသေချာသော ပြတ်သားမှုတစ်ခုက ရုတ်တရက် ခုန်ချဝင်ရောက်လာတော့သည်။

ဒီဆေးရုံသို့ သူမ စတင်ရောက်ရှိလာသော နေ့စွဲကို ဆေးမှတ်တမ်းထဲ၌ ဖော်ပြထားသည်။ ပြန်တွက်ကြည့်လိုက်တော့ ထိုနေ့စွဲသည် လွန်ခဲ့သည့် တစ်လနီးပါးလောက်က သူ မိုးနွယ်ကို ဒဂုံစင်တာနားမှာ စတွေ့လိုက်သောနေ့ပင် ဖြစ်နေလေ၏။ ဒါ . . . တိုက်ဆိုင်မှုတစ်ခုလား။ အဲဒီနေ့ကစပြီး Little Sweet ရဲ့အရိပ်ကောက်ကြောင်းလှလှလေးကို သူလုံးဝတွေ့ခွင့်မရတော့တာကရော . . . ရိုးရိုးသားသား တိုက်ဆိုင်တာပဲလား။ ပြီးတော့ သူမသာ တကယ်ဆေးရုံပေါ်မှာဆိုရင် ဒီရက်ပိုင်းအတွင်း သူနှင့်တွေ့ဆုံပတ်သက်နေခဲ့သော မိုးနွယ်က ဘယ်သူလဲ။ နောက်ထပ် မိုးနွယ်တစ်ယောက်လား။

သံသယမေးခွန်းများက ကျော်ကျော်ကို တဖြေးဖြေးချင်းခြောက်ခြားလာစေပါသည်။



* * * *

ကျော်ကျော်က သူ့စိတ်သူ တည်ငြိမ်အောင်ထိန်း၍ မိုးနွယ်နှင့်ပတ်သက်သော ထူးဆန်းမှုများကို သေချာစဉ်းစားပြီး အဖြေရှာကြည့်မိသည်။ အချိန်တွေသာ တရွေ့ရွေ့နှင့် ကုန်ဆုံးသွားသည်။ မိုးနွယ်နှင့် ဧပရယ်တို့က မတွေ့ရတာကြာပြီမို့ အချိန်တွေကုန်သွားပေမယ့် စကားတွေက ပြောလို့မကုန်နိုင်အောင် ဖြစ်နေရှာ၏။ ကျော်ကျော်သည် မလှမ်းမကမ်း၌ သူမတို့နှစ်ယောက်ပြောသမျှကို နားစွင့်ထားရင်း မိုးနွယ်အား အကဲခတ်ကြည့်လျက်ရှိသည်။ မိန်းကလေးတို့၏ ထုံးစံအတိုင်း ဘာကိုဦးတည်ပြောနေမှန်း သူမသိချေ။ နပ်စ်မှာ ကာတွန်းစာအုပ်ဖတ်နေပြီး အိမ်ဖော်ကောင်မလေးက အိပ်ငိုက်လို့နေသည်။ တစ်နာရီဝန်းကျင်ခန့်ကြာသော် အခန်းထဲတွင် သူရှိနေသေးကြောင်းကို သူမတို့ ပြန်လည်သတိရသွားကြ၏။

သူမခေါ် လာတာမို့ ဧပရယ်က အားနာစွာဖြင့် သူ့ကိုလှမ်းပြောလိုက်ပါသည်။

"ကိုကျော်ကျော်ကြီး၊ တစ်ယောက်ထဲ ပျင်းနေပြီလား . . ."

"ရပါတယ်၊ မပျင်းပါဘူး"

ထိုအခါ မိုးနွယ်က ဝင်၍ . . .

www.burmeseclassic.com

www.burmeseclassic.com



"အယ် . . . စကားတွေ ကောင်းနေတာနဲ့ ဧည့်သည်ကို ဧည့်ခံဖို့တောင် မေ့နေတယ်၊ ဟဲ့ . . . ပုပု . . .၊ အမလေး . . . အရေးထဲ သူက အိပ်ငိုက်နေသေးတယ်"

မိုးနွယ်မှာ ဧပရယ်နှင့် စကားတွေအများကြီး ပြောလိုက်ရသဖြင့် အားအင်များ ပြည့်ဖြိုးလာဟန်တူသည်။ နာလံထခါစ လူမမာဆိုတာ ဘယ်လိုမှ ယုံစရာမရှိသော သူမ၏အသံကြောင့် ပုပုဆိုသည့် အိမ်ဖော်မလေးမှာ ရုတ်တရက် လန့်နိုးသွားပြီး . . .

"ရှင် . . . မမလေး"

"နင့်ရှင်ကို အသာထား၊ အခုအရင်ဆုံး ဧည့်သည်တွေအတွက် ကော်ဖီနှစ်ခွက်ဖျော်ပေး . . .၊ ဧပရယ်တို့ ကော်ဖီကို ဘယ်လိုသောက်မလဲ"

"ဟီးဟီး . . . အားနာစရာကြီး၊ အိပ်ရေးတွေ ပျက်ထားလို့ မျက်စိကျယ်သွားအောင် ဧပရယ်ကတော့ ဘလက်ခ်ပဲသောက်မယ်၊ ကိုကျော်ကျော်ရော . . ."

"ရတယ်၊ ဘယ်လိုပဲဖြစ်ဖြစ် . . . အဆင်ပြေတာသာလုပ်"

"အိုကေ . . . ဒါဆို ဘလက်ခ်နှစ်ခွက်ပေါ့"

ထို့နောက် မိုးနွယ်၏စေခိုင်းချက်အရ အိမ်ဖော်ကောင်မလေးပုပုမှာ ကော်ဖီဖျော်ရန် ရေနွေးဓါတ်ဘူး၊ ကော်ဖီမှုန့်၊ သကြားသိပရာသီး၊ ဇွန်းနှင့် ခွက် . . . (အစရှိသဖြင့်) အရာများနှင့် ရှုပ်ထွေးနေတော့သည်။ ပုပုလုပ်ကိုင်နေသည်ကို မိုးနွယ်က လိုက်ကြည့်နေရာ



မှ အလန့်တကြား ထအော်လိုက်၏။

"ဟဲ့ဟဲ့ . . . ပုပုံ . . . အမလေး လေး . . လေး . . .၊ ကော်ဖီထဲ သကြားတွေ အဲဒီလောက်တောင် ထည့်ရသလား၊ ဘလက်ခ်ကော်ဖီဆိုတာ သကြားကို ဒီလိုဇွန်းနဲ့ နှစ်ဇွန်းလောက်ပဲ ထည့်ရတယ်လို့ နင့်ကိုငါ ဘယ်နှစ်ခါပြောရမလဲ၊ အခုလည်း အိပ်ချင်မူးတူးနဲ့ သကြားတွေ ဇွတ်ထည့်နေတာ . . . အခု အကုန်လုံးပစ်ရကုန်ပြီ၊ သွား . . . အသစ်ပြန်လုပ် . . ."

အမှတ်မထင် ကြားလိုက်ရသော မိုးနွယ်၏စကားကြောင့် သူ့တစ်ကိုယ်လုံး အေးစက်တိတ်ဆိတ်လို့ သွားသည်။ ပုပုလည်း သူမဆူပူငေါက်ငမ်းလိုက်သဖြင့် ငြိမ်ကုပ်၍ ကော်ဖီနှစ်ခွက်ကို အစက ပြန်ဖျော်ဖို့ လုပ်နေ၏။ မိုးနွယ် ခုနက ပုပုကိုပြောလိုက်သော စကားမှာ သူ့အခန်းသို့ သူမရောက်လာပြီး ဘလက်ခ်ကော်ဖီဖျော်တိုက်ခဲ့စဉ်က ပြောခဲ့ဖူးသည့်အတိုင်းပါပဲလား။

လက်တွေ့ကြုံတွေ့နေရသော အခြေအနေများကြောင့် ကျော်ကျော်လည်း သွေးပျက်ချင်သလို ဖြစ်မိသည်။ နောက် . . . ဘာကိုငြင်းနေမှန်းမသိဘဲ မြင့်မြင့်သမျှ လျှောက်ငြင်းဆန်နေမိသူတစ်ဦးပမာ သူခံစားလာရ၏။ သေချာတာက အမည်မသိဖြစ်ရပ်တစ်ခုမှာ သူက ဝမ်းနည်းကြေကွဲနေခြင်းပင် ဖြစ်သည်။

အလင်းပိတ်ကောင်းကင်ကြီးထဲမှ တစ်စုံတစ်ရာကို မြေ လင့်ခွင့်ရမည်ဆိုလျှင် သူသည် အရိပ်လေးရှိရန် မသေချာသော

www.burmeseclassic.com



မိုးနွယ်နှင့်သာ အရင်လို ရင်းနှီးကျွမ်းဝင်စွာ ဆက်လက်ပတ်သက်ခွင့် ရဖို့ မျှော်လင့်လိုပါသည်။ ကျော်ကျော်က မျက်စိရှေ့တည့်တည့်တွင် ရှိနေသည့် မိုးနွယ်ကို မကြည့်မိအောင် သူ့မျက်နှာကို တစ်ဖက်သို့ လွှဲထား၏။ အဘယ်ကြောင့်ဆိုသော် သူမထံမှ နောက်ထပ်တိုက်ဆိုင်မှုတစ်စုံတစ်ရာ ပေါ်ထွက်လာမှာကို သူလုံးဝမတွေ့မြင်လို၍ ဖြစ်ပါသည်။

သူ့ရှေ့က စားပွဲပေါ်သို့ ပုပုသည် ကော်ဖီခွက်ကို လာတင်သွား၏။ ကော်ဖီခွက်နှင့်အတူ မိုးနွယ်၏အသံလေးက နောက်မှကပ်ပါလာသည်။

"သုံးဆောင်လိုက်ပါဦး ကိုကျော်ကျော် . . ."

"ဟုတ်ကဲ့ . . ."

သူက အလိုက်အထိုက် ပြန်ပြောကာ ကော်ဖီခွက်ကိုယူ၍ တစ်ငုံသောက်လိုက်၏။ ကော်ဖီက သူ့အခန်းမှာ မိုးနွယ်လာဖျော်ပေးနေကျ လက်ရာနှင့် တစ်ထေရာထဲ တူလှသည်။ ကျော်ကျော်လည်း ပြုံးရင်း သူမဆီ တစ်ချက်လှမ်းကြည့်မိပါသည်။ မိုးနွယ်က သူ့ကိုရင်ဆိုင်ပြီး ပြန်ကြည့်နေ၏။

သူမမှ သူမပါပဲ။ ဒီနှုတ်ခမ်းလေးနှင့် မျက်လုံးတွေကို သူက ဘာမှမှားစရာမရှိပါ။ သူတို့နှစ်ယောက်အကြည့်များ သိမ်မွေ့နက်ရှိုင်းနေကြစဉ် ရုတ်တရက် အခန်းတံခါးခေါက်သံတချို့ ပေါ်ထွက်လာခဲ့သည်။ နပ်စ်မလေးက သွားဖွင့်ပေးလိုက်တော့ အခန်းထဲသို့ အန်တီကြီးတစ်ယောက် ဝင်လာ၏။ ကြည့်ရတာ မိုးနွယ်တို့အမေ ဖြစ်ပုံရသည်။ အန်တီကြီးက ဝင်ဝင်လာချင်း ဖေရယ်ကို သမီးဘယ်တုန်းက ရောက်နေတာလဲဟု တစ်ခွန်းသာမေး၍ ညွှန်ကြားချက်မျိုးစုံနှင့် အလုပ်တွေ ရှုပ်လျက်ရှိနေလေသည်။ ပုပုကို ဆေးရုံမှာ မလိုတော့သည့် ပစ္စည်းများနှင့်အတူ အိမ်ခဏပြန်ခိုင်းရန် စီစဉ်ပေးနေ၏။ အန်တီကြီးက အင်္ကျီတစ်ထည်ကို ကိုင်ပြရင်း မိုးနွယ်ကို မေးလိုက်သည်။

"သမီး . . . ဒီဂျင်းဂျက်ကတ်ကို လျှော်ဖို့ ထည့်ပေးလိုက်တော့မယ်နော်"

ထိုစကားကြောင့် သူတို့အားလုံး၏ အကြည့်များက အန်တီကြီးလက်ထဲမှ ဂျင်းဂျက်ကတ်လေးဆီ ရောက်သွား၏။ အထူးသဖြင့် ကျော်ကျော် . . .။ သူ့မျက်လုံးတွေက အဲဒီဂျင်းဂျက်ကတ်ထံမှ ခွာမရတော့ချေ။ သူမသည် ထိုဂျင်းဂျက်ကတ်လေးဝတ်၍ သူ့အခန်းသို့ လာလည်ခဲ့ဖူးတာကို မှတ်မိနေသောကြောင့်ပင် ဖြစ်သည်။

မိုးနွယ်က ဂျင်းဂျက်ကတ်လေးကို တစ်ချက်လှမ်းကြည့်လိုက်ရင်း . . .

"ဟုတ် . . . လျှော်ခိုင်းလိုက်တော့ မေမေ . . ."

အန်တီကြီးသည် လျှော်ဖို့မပေးမီ အိမ်ထောင်ရှင်မတို့၏ ထုံးစံအတိုင်း ဂျင်းဂျက်ကတ်လေးကို ဟိုဟိုဒီဒီ လှော်ကစမ်းကြည့်နေပြန်သည်။ နောက် . . . ထိုဂျင်းဂျက်ကတ်ထဲမှ တစ်စုံတစ်ရာကို



www.burmeseclassic.com

www.burmeseclassic.com



အန်တီကြီးက နှိုက်ထုတ်ပြီး မေးလိုက်၏။

"သမီး . . . ဒီမှာ ပိုက်ဆံတွေပါလား၊ အဲဒီလို ပိုက်ဆံကို ပေါ့ပေါ့လျော့လျော့ထားတာ မေမေမကြိုက်ဘူးလို့ ဘယ်နှစ်ခါပြောရမလဲ၊ ရော . . . သေချာသိမ်းထား . . ."

မိုးနွယ်ကို သူမအမေ လှမ်းပေးလိုက်သော ပိုက်ဆံများကို မြင်လိုက်ရချိန်မှာတော့ ကျော်ကျော်တစ်ယောက် လုံးဝရှောခ်ရသွားလေတော့သည်။ ငါးထောင်ကျပ်တန် အသစ်ချက်ချွတ်လေးနှစ်ရွက် (သို့) သူ မိုးနွယ်ကို အကြွေးပြန်ဆပ်ခဲ့သည့် ပိုက်ဆံတစ်သောင်း . . .။ သူ့မျက်လုံးများမှာ အံ့သြမှုကြောင့် ပိုပို၍ ပြူးကျယ်လာ၏။ ဒါလည်း တိုက်ဆိုင်တာပဲလားကွယ် . . .။

သူဘယ်လိုမှ မခံစားနိုင်တော့သည့်အဆုံး အခန်းထဲကနေ ရုတ်တရက် ထထွက်သွားလိုက်ပါသည်။ အခုလောလောဆယ် မွန်းကျပ်မှုတွေနှင့် ခပ်ဝေးဝေးနေဖို့ လိုအပ်သည် မဟုတ်ပါလား။

ခဏကြာတော့ ကျော်ကျော့်ရင်ထဲမှာ နာကျင်စရာတွေ မရှိတော့ဘဲ ထုံထုံလေးလေးကြီး ဖြစ်လာ၏။ ရယ်ချင်သလိုလို၊ ငိုချင်သလိုလို ခံစားချက်များက သူ့နှလုံးသားကို ဦးဆောင်လျက်ရှိသည်။ ဘဝဆိုတာ ရယ်စရာတွေ၊ ငိုစရာတွေလား။ ဒါမှမဟုတ် . . . ဘာမှန်းမသိသော ဝေဒနာမျိုးကို ဘဝလို့ခေါ်တာလား။

* * * *

။ ၁၇ ။

ထိုညက တော်တော်နှင့် အိပ်မရဘဲ မိုးနွယ်ပေးခဲ့သော ဒဏ်ရာများနှင့်အတူ ပဟေဠိပုစ္ဆာတွေက သူ့ဦးနှောက်ကို စိန်ခေါ်လျက်ရှိကြ၏။ အိပ်ရာပေါ်တွင် လှဲလျောင်းရင်း သူမြင်ယောင်ကြည့်မိတော့ မိုးနွယ်၏မျက်နှာလေးမှာ ကလေးတစ်ယောက်လို အပြစ်ကင်းစင်နေလေသည်။ ကျော်ကျော်က အံကိုခပ်တင်းတင်း ကြိတ်ထားလိုက်၏။

မျက်ဝန်းဆီမှ စုဝေးရစ်ဝိုင်းနေသော မျက်ရည်စီးကြောင်းတစ်ခုက ပါးပြင်ပေါ် ဖြတ်သန်းစီးဆင်းလို့သွားသည်။ ဘာအကြောင်းအရာမှ မည်မည်ရရ ပြောစရာမရှိဘဲ မျက်ရည်ကျနေမိသည့် အဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ကျော်ကျော်လည်း ကိုယ့်ကိုယ်ကို အံ့အားသင့်နေတော့သည်။

နောက် . . . ဆရာဝန်ပြောသွားခဲ့သော စကားများကို သူ ပြန်လည်၍ ကြားယောင်လာပြန်သည်။

"လူနာရဲ့ ခန္ဓာကိုယ်ပေါ်က ထိခိုက်မှုဟာ သိပ်မပြောပလောက်ပေမယ့် ခေါင်းမှာထိထားတဲ့ ဒဏ်ရာက နည်းနည်းပြင်းထန်တယ်၊ အဲဒီဒဏ်ရာကြောင့်လည်း ရက်တွေအကြာကြီး သတိမရဘဲ မျောနေခဲ့တာ . . .၊ Coma (ကိုမာ) ဝင်နေသလိုမျိုးပေါ့၊ အခု လူနာက ပြန်သတိရလာပြီဆိုပေမယ့် လူရော၊ ဦးနှောက်ကိုပါ အနားပေးဖို့ လိုအပ်ပါတယ်၊ အထူးသဖြင့် လူနာကို ဦးနှောက်ပင်ပန်းစေမယ့် ကိစ္စမျိုးတွေနဲ့ တတ်နိုင်သမျှ ဝေးဝေးထားပေးရမယ်"

ကျော်ကျော်က သက်ပြင်းမော‌တစ်ချက်ကို ရှိုက်လိုက်မိ၏။

မိုးနွယ်ဟာ သတိမေ့မျောနေတုန်း ဝိညာဉ်အဖြစ်နဲ့ သူ့ဆီ ရောက်လာခဲ့တာလား။ ဒါမှမဟုတ် သူနဲ့တွေ့ဆုံခဲ့တာ မိုးနွယ်မဟုတ်ဘဲ သူမရဲ့အစ်မ မိုးသွယ်များလား။ ဒါဆို ဆေးရုံမှာ တွေ့ခဲ့ရတဲ့ ထူးထူးဆန်းဆန်း တိုက်ဆိုင်မှုတွေကရော။

စဉ်းစားရင်းနှင့် အတွေးတွေ ရှုပ်ထွေးလာပြီး သူက ခေါင်းကို ခါရမ်းပစ်လိုက်ဝါသည်။ မည်သို့ပင်ဖြစ်စေ၊ သူမထံမှ အထိအတွေ့တို့နှင့် မိုးရနံ့သင်းသင်းလေးများသည် သူ့ဘဝ၌ အမှတ်တရတွေ အဖြစ် ကြွင်းကျန်ရစ်ခဲ့ပါပြီ။ သူ့စိတ်ထဲတွင်ကား "တကယ့်အဖြစ် အပျက်များ" ဟု ထင်မှတ်ယုံကြည်နေဆဲဖြစ်၏။ အချိန်တွေက



ဖြေးဖြေးချင်း တိုက်စားကုန်ဆုံးသွားကြသည်။ နှစ်ကာလတချို့ကို ဖြတ်ကျော်လာခဲ့သော်လည်း သူ့ယုံကြည်မှုတို့မှာ ပျက်ပြယ်မသွားဘဲ ပို၍စူးစူးနစ်နစ် စွဲထင်လျက်သာ ရှိလေသည်။

* * * *

www.burmeseclassic.com

www.burmeseclassic.com

သုံးနှစ်ခန့်ကြာပြီးနောက် . . .

BURMESE CLASSIC

## ။ ၁၈ ။

မိုးသည် သူ့အချိန်အခါမို့ ပုံမှန်အတိုင်း ခပ်ဖွဲဖွဲ ရွာသွန်းလို့နေ၏။ တဖြေးဖြေးနှင့် မိုးက ဖွဲဖွဲလေး ရွာနေရာမှ ပိုမိုသည်းထန်စပြုလာသည်။ ဒီလောက် မိုးတွေရွာနေပေမယ့်လည်း ကျော်ကျော်က အပြင်ထွက်ဖို့ အလောတကြီး ပြင်ဆင်လျက်ရှိသည်။ လက်ပတ်နာရီကို တစ်ချက်ပင့်ကြည့်လိုက်တော့ အချိန်က နေ့လည် (၁၂) နာရီကျော်နေပြီ။

သူက ကဗျာဆရာဝိုင်ချို၏ အသုဘသို့ လိုက်ပို့ရန် နောက်ကျနေသဖြင့် တစ်ယောက်ထဲ လောနေရခြင်း ဖြစ်ပါသည်။ သူနှင့် စာပေလောကသားချင်းလည်းဖြစ်၊ ရေးဖော်ရေးဖက် သူငယ်ချင်း

www.burmeseclassic.com

www.burmeseclassic.com



လည်းဖြစ်သော ဝိုင်ချိုသည် အရက်တွေ အလွန်အကျွံသောက်သုံးပြီး ငယ်ငယ်ရွယ်ရွယ်မှာပင် အသည်းကျွမ်းကာ ကွယ်လွန်သွားခဲ့ရှာသည်။ သူငယ်ချင်း၏ နောက်ဆုံးခရီးကို မဖြစ်မနေ လိုက်ပို့ပေးရန် သူ့မှာဝတ္တရားရှိနေပြန်သည်။

သူ အမြန်ရေမိုးချိုး၍ အဝတ်အစားလဲပြီးချိန်အထိ မိုးကမစဲသေး . . .။ အသုဘက တစ်နာရီချမှာမို့ ရေဝေးကို အချိန်မီမရောက်မှာဘဲ စိုးရိမ်မိ၏။ ဒီအချိန်ဆို သတ်မှတ်ထားသောနေရာမှ အသုဘပို့ကားတွေလည်း ထွက်သွားကုန်လောက်ပြီ။ သူတောင်တက္ကစီနှင့်လိုက်မှ မီရုံလေးပဲရှိမည်ဟု ကျော်ကျော်စိတ်ထဲမှာ တွက်ဆလိုက်ပါသည်။ ထို့နောက် သူက ထီးကိုယူ၍ ပိုက်ဆံအိတ်ခါးကြားမှာထိုးကာ အိမ်မှထွက်မည်အပြု . . .

"ဒေါက် . . . ဒေါက် . . . ဒေါက် . . ."

ရုတ်တရက် ပေါ်ထွက်လာသော တံခါးခေါက်သံများကြောင့် ကျော်ကျော်လည်း အတော်စိတ်ညစ်သွားမိ၏။ အရေးထဲမှာ အချိန်မရှိပါဘူးဆို ဘယ်ဧည့်သည်က ရောက်လာပြန်ပြီလဲ မသိဘူး။ သို့သော် သူဘာမှမတတ်နိုင် . . .။ တိုက်ခန်းမို့ ထွက်စရာအပေါက်ကသူ့မှာလည်း အဲဒီတံခါးတစ်ပေါက်တည်းသာ ရှိပါသည်။ မထူးပါဘူးဆိုသည့် အတွေးနှင့် ရောက်လာသော ဧည့်သည်ကို ရင်ဆိုင်ရန် ကျော်ကျော်က တံခါးကို ဆွဲဖွင့်ပစ်လိုက်၏။

"ဟာ . . ."



တွေ့လိုက်ရသည့် မြင်ကွင်းကြောင့် သူအရမ်းအံ့ဩမှင်သက်သွားမိသည်။ တံခါးရှက်နောက်ကွယ်တွင် ရပ်နေသူကား တခြားမဟုတ် . . .။ ကုန်ဆုံးခဲ့သော အချိန်များအတွင်း သူ့မှတ်ဉာဏ်ထဲထဲတွင်ရော၊ အဖျတ္တမှာပါ အရိပ်လို ကပ်ငြိနေခဲ့သူ (သို့မဟုတ်) မိုးနွယ် . . . ပင် ဖြစ်တော့သည်။

ကျော်ကျော်က အထစ်ထစ်၊ အငေါ့ငေါ့ဖြင့် . . .

"မိုး . . . မိုး . . ."

သူမသည် နှစ်လိုဖွယ် ပြုံးလိုက်ပြီး . . .

"ဟုတ်ပါတယ် ကိုကျော်ကျော်ရဲ့၊ မိုးပါ . . . မိုးနွယ်ပါ။ ဘာလဲ . . . ကိုကျော်ကျော်က အံ့ဩနေတာလား၊ မိုးက အခု ဧပရယ်ဆီလာတာ . . .၊ အဲဒါ ဧပရယ်တို့အခန်းက သော့ခတ်ထားလို့ ကိုကျော်ကျော်များ ရှိလိုရှိငြား တံခါးခေါက်ကြည့်လိုက်တာ . . .၊ အခု မိုးဝင်လာလို့ရမလားဟင် . . ."

ထိုအခိုက်အတန့်လေး၌ သူ့ဘဝတစ်ခုလုံး ဝရုန်းသုန်းကားဖြစ်လို့သွားလေသည်။ ကျော်ကျော်တစ်ယောက် ဘာကိုမှ မသိ၊ မမြင်တော့။ ဝိုင်ချို့အသုဘ လိုက်ပို့စရာရှိတာလည်း လုံးဝမေ့လျော့သွား၏။ သူက သူမမျက်လုံးများထဲ စိုက်ကြည့်ရင်း ပြောလိုက်ပါသည်။

"ဝင်လာလို့က ရပါတယ်၊ ဒါပေမယ့် မဝင်ခင် မိုးကို တစ်ခုတော့ မေးရလိမ့်မယ်"

"အင်း . . . မေးလေ . . ."

www.burmeseclassic.com

www.burmeseclassic.com



"အခု ဒီအခန်းဝမှာရပ်နေတဲ့ မိုးဟာ အရိပ်ရှိတဲ့ မိုးလား၊ အရိပ်မရှိတဲ့ မိုးလားဟင် . . . ????"

". . . . . . . . . . . ."

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . ။ ။

လေးစားစွာဖြင့်
ဝေမှုးသွင်
Weihmuthwin @ gmail.com
အမှတ် (၇၇/၈၃)၊ အခန်း (၅၁)
မန္တလေးလမ်း၊ ကန်တော်လေး၊
ရန်ကုန်မြို့။

# ပုဏ္ဏိတ

## ပေါ်ချန်နှတ်

(သရဲလုံးချင်းဝတ္ထုသစ်)

www.burmeseclassic.com